မြဝတီ နေ့စဉ်

သတင်းထူးပြီးမှန်ရမည်၊ သတင်းဦးပြီးမြန်ရမည် မြဝတီမှမြဝတီ

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာ မှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

ဒိုတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com

■ အတွဲ(၁၆)၊ အမှတ်(၂၀၅)

■ ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်၊ တနလာနေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မြန်မာ့ရိုးရာပွဲဈေးနှင့် မြန်မာ့ပရိဘောဂပြပွဲ(၂၀၂၆)တို့သို့ သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိရန်ကုန်ကွန်ဗင်းရှင်းစင်တာ(YCC)တွင် မြန်မာ့ရိုးရာများကို မျိုးဆက်သစ်လူငယ်များထံသို့ လက်ဆင့်ကမ်းပေးလိုသည့် ရည်ရွယ်ချက်ဖြင့်ကျင်းပပြုလုပ်လျက်ရှိသည့် “မြန်မာ့ရိုးရာပွဲဈေး” သို့ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် အခမ်းအနားသို့ ရောက်ရှိကြရာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Myanmar Cultural Heritage Trust–MCHT) မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများကကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဖျော်ဖြေပွဲခန်းမသို့ ရောက်ရှိကြပြီး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ခြင်းကိုဖော်ညွှန်း၍ သီဆိုကပြဖျော်ဖြေလျက်ရှိသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ ရိုးရာအကအလှများ၊ တေးသရုပ်ဖော်အကများ၊ မြန်မာ့ရိုးရာရုပ်သေးကြိုးဆွဲအက၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုဖော်ညွှန်းသည့်အကအလှများကို ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ★

ကြည့်ရှုအားပေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မြန်မာ့ရိုးရာပွဲဈေးအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းတစ်ခုချင်းစီအလိုက် ကြည့်ရှုအားပေးစဉ်။



မကွေးမြို့ ကမ်းနားလမ်း၌ မြစ်ရောရှုခင်းသာ (River View Point Pavilion) တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိ




မကွေး နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး မကွေးမြို့ ကမ်းနားလမ်း၌ မြစ်ဧရာရှုခင်းသာ (River View Point Pavilion) တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြစ်ဧရာရှုခင်းသာသည် ဧရာဝတီမြစ်ကမ်းအလှကိုအခြေခံ၍ မြို့၏အထင်ကရ နေရာတစ်ခုအဖြစ် ပြည်သူများနှင့် ခရီးသွားလုပ်ငန်းများအား ဆွဲဆောင်နိုင်စေရန်၊ မကွေးမြို့ပြအင်္ဂါရုပ်နှင့်အညီ မြစ်ကမ်းနား မြေကွက်လပ်များအား

စာမျက်နှာ ၁၇ ကော်လံ ၄ ➡



တနင်္သာရီတိုင်းဒေသကြီး ရေထွက်ကုန်မွေးမြူရေးကလွှင်းမျိုး တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၁၉၃ သန်းရရှိခဲ့

ရန်ကုန် နိုဝင်ဘာ ၈

နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားတိုးတက်ရေး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုနေသည့် ရေထွက်ကုန်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများတည်ရှိရာ

စာမျက်နှာ ၁၄ ကော်လံ ၁ ➡

မြို့ပြလေထုညစ်ညမ်းမှု - မမြင်ရသော မြို့ပြပြဿနာ
ဆောင်းပါး စာ – ၁၂ သို့

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို စာ – ၁၆ သို့

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်

ဒေသဖွံ့ဖြိုးတိုးတက်ရေး လက်တွဲဆောင်ရွက်

နိုင်ငံတိုင်းသည် မိမိတို့၏အမျိုးသားယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် ရိုးရာဓလေ့ထုံးတမ်းများကိုတန်ဖိုးထားထိန်းသိမ်းကြရမည်ဖြစ်သည်။ ကရင်တိုင်းရင်းသားတို့၏ စာပေနှင့်ဘာသာစကားများ၊ ရိုးရာအနုပညာများ၊ ဝတ်စားဆင်ယင်မှုများ၊ ရိုးရာပွဲတော်များနှင့် လူမှုဓလေ့ထုံးတမ်းများသည် အမျိုးသားရေးလက္ခဏာကိုဖော်ပြနေသည့် တန်ဖိုးကြီးမားသောအမွေအနှစ်များဖြစ်သည်။ ယင်းအမွေအနှစ်များကို ထိန်းသိမ်းခြင်းသည် မိမိတို့၏မူလအမှတ်လက္ခဏာကိုခိုင်မာစွာထိန်းသိမ်းလျက် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနိုင်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် နှစ်စဉ် နိုဝင်ဘာလ ၇ ရက်သည် ကရင်ပြည်နယ်နေ့ဖြစ်ပေရာ ကရင်ပြည်နယ်နေ့၏ သမိုင်းကြောင်းနှင့် အနှစ်သာရကို မျိုးဆက်သစ်လူငယ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်စေရန်၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို စိတ်ပါဝင်စားစွာ လေ့လာထိန်းသိမ်းလာစေရန် မိသားစု၊ လူမှုအသိုက်အဝန်းနှင့် ပညာရေးအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အတိတ်သမိုင်းမှရရှိလာသော အတွေ့အကြုံနှင့် သင်ခန်းစာများကိုအခြေခံကာ ပိုမို၍ကောင်းမွန်သော အနာဂတ်ကိုတည်ဆောက်နိုင်ရေးမှာ မျိုးဆက်သစ်တို့၏အရေးကြီးတာဝန်ဖြစ်သည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် စီးပွားရေးကဏ္ဍတစ်ခုတည်းဖြင့် ပြည့်စုံနိုင်မည်မဟုတ်ဘဲ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဘဝအရည်အသွေးတို့ တစ်ပြိုင်နက်တည်း မြင့်မားလာရန်လိုအပ်သည်။ ကျန်းမာသန်စွမ်းသော လူသားအရင်းအမြစ်သည် နိုင်ငံနှင့် ဒေသ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအင်အားဖြစ်သကဲ့သို့ အရည်အသွေးပြည့်ဝသော ပညာရေးသည်လည်း အနာဂတ်မျိုးဆက်များ၏ အောင်မြင်မှုကိုပုံဖော်ပေးမည့် အဓိကအရင်းအမြစ်ဖြစ်သည်။ ထို့ကြောင့် ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးဝန်ဆောင်မှုများ လက်လှမ်းမီစေရေးအပြင် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား၊ သန့်ရှင်းသောသောက်သုံးရေနှင့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဒေသ၏လိုအပ်ချက်နှင့်အညီ အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန် ဒေသတည်ငြိမ်အေးချမ်းမှုရှိရန်လိုအပ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်က (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာတွင် **“ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံး ဘေးအန္တရာယ်ကင်းရှင်း၍ အေးချမ်းသာယာသောလူမှုဘဝများ ပိုင်ဆိုင်နိုင်ကြပါစေ၊ ပြည်နယ်၏ သဘာဝအရင်းအမြစ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးအလားအလာများကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ကြပါစေ၊ ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးကိုအခြေခံ၍ သာယာဝပြောသော အနာဂတ်ကို အတူတကွတည်ဆောက်နိုင်ကြပါစေကြောင်း လေးနက်စွာဆုမွန်ကောင်းတောင်းအပ်ပါသည်။ “သမိုင်းကိုတန်ဖိုးထား၊ ယဉ်ကျေးမှုကိုထိန်းသိမ်း၊ ပညာကိုမြှင့်တင်၊ ညီညွတ်မှုကိုတည်ဆောက်၍ ငြိမ်းချမ်းသာယာသော အနာဂတ်ကို အတူတကွ ဖန်တီးကြပါစို့” ဟူသောခံယူချက်ဖြင့် ကရင်ပြည်နယ်နှင့် ပြည်ထောင်စုကြီး၏ ပိုမိုကောင်းမွန်သောအနာဂတ်ကို အားလုံးလက်တွဲညီညီတည်ဆောက်သွားကြပါစို့”** ဟူ၍ထည့်သွင်းဖော်ပြထားသည်။

ငြိမ်းချမ်းရေးသည် ဒေသဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်ဖြစ်သကဲ့သို့ အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုတို့သည်လည်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် အဓိကကျသည့်အင်အားများဖြစ်သည်။ ထို့ကြောင့် သဘောထားကွဲလွဲမှုများကို အပြန်အလှန်လေးစားမှု၊ သည်းခံနားလည်မှုနှင့်တွေ့ဆုံဆွေးနွေးမှုတို့ဖြင့် ဖြေရှင်းနိုင်ရေး၊ အကြမ်းဖက်မှုများနှင့် ပဋိပက္ခများလျော့နည်းပျောက်ရေး၊ လူမှုအသိုက်အဝန်းအတွင်း ယုံကြည်မှုပြန်လည်တည်ဆောက်ရေးတို့အတွက် သက်ဆိုင်သူအားလုံးက စိတ်ရင်းစေတနာမှန်ဖြင့် ပူးပေါင်းလက်တွဲဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အောက်ပါနည်းလမ်းများကိုလိုက်နာနိုင်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်

အိမ်တွင်းသုံးရေချွေတာရေးနည်းလမ်းကောင်းများ

၁။ ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်းရှိ၊ မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။

၂။ ရေချိုးချိန်နှင့်နေ့စဉ်ရေသုံးစွဲမှုကို လျှော့ချပါ၊ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။

၃။ အဝတ်လျှော်ရာတွင် တစ်ထည်ချင်း၊ နည်းနည်းချင်းမလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်းစုပြီးလျှော်ပါ။ ပန်းကန်ဆေးစက်အသုံးပြုရာတွင်လည်း စက်ကဆေးကြောနိုင်သည့်ပန်းကန်အရေအတွက်အထိစောင့်၍စုစည်းဆေးကြောပါ။

၄။ အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန်စီစဉ်ပါ။ (ဥပမာ- ဟင်းသီးဟင်းရွက်ဆေးကြောထားသောရေများ၊ ဆန်ဆေးရေများကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)

၅။ ရေကိုစနစ်တကျအသုံးပြုမှုအလေ့အထများကို အသိပညာပေးမျှဝေပါ။ မိမိတို့၏အသိုက်အဝန်း၊ လုပ်ငန်းခွင်၊ သူငယ်ချင်းများနှင့် မိသားစုအတွင်း ရေချွေတာသုံးစွဲခြင်း၏အရေးပါပုံကို အသိပညာပေးမျှဝေခြင်းဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

သုံးရေချွေတာသုံးစွဲရေးဆိုင်ရာနှိုးဆော်ချက်

၁။ အပင်ရေလောင်းချိန်ကိုအချိန်ကိုက်လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုလျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိအသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့်အပင်များကိုရေလောင်းပါ။

၂။ မိုးရေကိုစုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကိုသိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသောမိုးရေစုဆောင်းသည့်စနစ်များကို ကြံဆောင်ရွက်ပါ။

၃။ ခြောက်သွေ့မှုဒဏ်ခံနိုင်သောအပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့်ရှင်သန်နိုင်သော အပင်မျိုးများကိုရွေးချယ်စိုက်ပျိုးပါ။

၄။ သစ်ပင်များကို စနစ်တကျစိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်းရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက် ရေရှည်ရေတည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျစိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးမှုမဖြစ်ပေါ်စေရေးနှင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

မိုးကောင်း နိုဝင်ဘာ ၈

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ပြည်သူများကြိုတင်ပြင်ဆင်နိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် အရှိန်အဟုန်ဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ကချင်ပြည်နယ် မိုးညှင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ကျန်းမာရေးဌာနနှင့်ပူးပေါင်း၍ မိုးကောင်းမြို့နယ်လေးမိုင်ကျေးရွာ၌ အသိပညာပေးဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြသိန်းဝင်းက အယ်လ်နီညိုရာသီဥတု ကျရောက်လာနိုင်သည့်အခြေအနေများအကြောင်း၊ အယ်လ်နီညို ရာသီဥတုကြောင့် အကျိုးသက်ရောက်နိုင်မှု အခြေအနေများ၊ အယ်လ်နီညိုရာသီဥတုမကျရောက်မီ ကြိုတင်ပြင်ဆင်ရမည့်အချက်များကို အသိပညာပေးရှင်းလင်းပြောကြားသည်။

ထို့နောက် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မေဝင်းနှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ဌာနဆိုင်ရာအဖွဲ့အစည်းများ ထံသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများထံသို့ အယ်လ်နီညိုရာသီဥတုနှင့်အပူဒဏ်ကာကွယ်ရေးဆိုင်ရာအသိပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေပေးကြောင်း သိရသည်။

ချစ်ဦးကို

မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) – ဦးရာဓာအောင်
စာတည်းမှူး (အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် – ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေငင်သိမ့်
စာတည်းအဖွဲ့ (အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) – ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) – ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့၊ ဖြန့်ချိရေး/ကြော်ငြာ ဝ၃၁-၇၃၉၉၈၊ ဖက်စ် ဝ၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန် (ရုံးခွဲ)
စာတည်းအဖွဲ့၊ ကြော်ငြာ ဝ၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊ ဝ၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး (ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website – www.myawady.net.mm

(၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုပစ္စည်းများ၊ ပြည်နယ်ဂုဏ်ဆောင်ထူးချွန်သူများအား ဂုဏ်ပြုဆုချီးမြှင့်



ဘားအံ နိုဝင်ဘာ ၈

(၇၁) နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုပစ္စည်းများ၊ ပြည်နယ်ဂုဏ်ဆောင်ထူးချွန်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုဆုချီးမြှင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြည်ထောင်စုအတိုင်ပင်ခံ ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဦးဇော်အေးမောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များက စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်၊ စိုက်ပျိုးရေးဆိုင်ရာ ထူးချွန်ဆု၊ မွေးမြူရေးဆိုင်ရာထူးချွန်ဆု၊ စီးပွားရေးဆိုင်ရာ ထူးချွန်ဆု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ထူးချွန်ဆု၊ ပညာရေးဆိုင်ရာထူးချွန်ဆု၊ လူမှုရေးဆိုင်ရာထူးချွန်ဆု စုစုပေါင်း ဂုဏ်ထူးဆောင်ဆု ၁၈၄ ဆုကို ဆုရရှိသူများအား ပေးအပ်ကြသည်။

ထို့အတူ ပြည်နယ်အတွင်း လုပ်ငန်းရှင်များအတွက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သည့်ဆု၊ ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့်ဆု၊ အထူးကုန်စည်ခွန်အများဆုံး ထမ်းဆောင်သည့်ဆု၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲများတွင် ထူးချွန်ဆု၊ တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်ချက်ကောင်းသောကျောင်း၊ မြို့နယ်၊ အမှတ်အများဆုံးရကျောင်းသား၊ ကျောင်းသူများ ဂုဏ်ပြုချီးမြှင့်သည့်ဆု၊ အားကစားထူးချွန်ဆု၊ လူရည်ချွန်ထူးချွန်ဆု၊ ကြက်ခြေနီထူးချွန်ဆု၊ (၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ ဌာနဆိုင်ရာပြခန်းများမှ ပြခန်းဆု၊ OVOP ပြခန်းများမှ ပြခန်းဆု၊ MSME ပြခန်းများမှ ထုတ်ကုန်ဆုများ၊ ပြည်နယ်နေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုရရှိသူများ စသည်ဖြင့် ဆုပေါင်း ၁၈၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ရန်ကုန်မြို့ရှိ ဓာတုပစ္စည်းစီမံခန့်ခွဲရေးဗဟိုဌာန ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ဓာတုပစ္စည်းစီမံခန့်ခွဲရေးဗဟိုဌာနကို ယမန်နေ့ မွန်းလွဲပိုင်းက စက်မှုနှင့်အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် နိုင်ငံစက်မှုစီးပွားကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဓာတုပစ္စည်းစီမံခန့်ခွဲရေးဗဟိုဌာနက ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို အကျိုးရှိထိရောက်အောင် ထိန်းချုပ်စီမံခန့်ခွဲခြင်းဖြင့် ပြည်သူများအားစက်မှုလုပ်ငန်းများမှ ဓာတုပစ္စည်းဆိုင်ရာ ဘေးအန္တရာယ်ဆိုးကျိုးများမှကာကွယ်ရန်၊ နိုင်ငံ့သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုနှင့်ဂေဟစနစ်တို့အပေါ် မလိုလားအပ်သည့်ထိခိုက်မှုများလျော့နည်းပပျောက်အောင် အလေးထားဆောင်ရွက်ကြရန်၊ ဓာတ်ခွဲခန်းများကို အရည်အသွေးမြင့်မားကာ စံချိန်စံညွှန်းများနှင့်ကိုက်ညီမှုရှိစေရေးတို့အတွက် စဉ်ဆက်မပြတ်စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန်၊ ကွင်းဆင်းစစ်ဆေးသူများအနေဖြင့် သတ်မှတ်အရည်အသွေးအသိအမှတ်ပြုလက်မှတ်များရရှိရေးဆောင်ရွက်ရန်၊ ဓာတ်ခွဲခန်းအား ISO/IEC 17025 ရရှိရေးအတွက် ဆောင်ရွက်သွားရန်၊ နည်းပညာမြင့်စက်ပစ္စည်းများအား စီမံချက်အတိုင်းဖြည့်တင်းပြီး လိုအပ်သည့် လူစွမ်းအားအရင်းမြစ်များအား ပျိုးထောင်ဆောင်ရွက်သွားရန်၊ ပုဂ္ဂလိကစက်မှုနှင့် MSMEs လုပ်ငန်းရှင်များသင်တန်းများဖွင့်လှစ်ခြင်း၊ အသိပညာပေးပွဲများကျင်းပခြင်းနှင့် နိုင်ငံတကာသုတေသနလုပ်ငန်းများကို ဆက်စပ်ဌာနများနှင့်ပူးပေါင်းပြီး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက လုပ်ငန်းဆိုင်ရာများမှာကြားပြီး ဓာတ်ခွဲခန်းများနှင့် Chemical Reagent Storage၊ Waste Management System (Chemical Management Center)တွင် ကြည့်ရှုစစ်ဆေးကာ သတ်မှတ် SOP များအတိုင်း ဆောင်ရွက်ရန်၊ ဓာတ်ခွဲခန်းများအား အဆင့်မြှင့်တင်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရေရှားပါးမှုမှကာကွယ်နိုင်ရေး ကွမ်းခြံကုန်းမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ်နှင့် ကော့မှူးမြို့နယ်တို့ အတွင်းရှိ ဒေသခံတောင်သူများ၏ နွေစပါးစိုက်ဧကများအတွက် အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေရှားပါးမှုများကို ကြိုတင်ကာကွယ်နိုင်ရေး၊ တိုးမြှင့်မှရေချိုကို အလွယ်တကူသွင်းယူနိုင်ရေး၊ ကွမ်းခြံကုန်းရေတံခါးမှရေချိုများလေလွင့်ဆုံးရှုံးမှုမရှိစေရန် တံခါးရွက်များ ရေလုံအောင်ပြုပြင်ထားရှိမှု၊ ရေငန်ဝင်ရောက်မှုမဖြစ်ပေါ်စေရန် တားဆီးရေးနှင့် ရေချိုသိုလှောင်ထားရှိမှု အခြေအနေများကို နိုဝင်ဘာလ ၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းထိုက်နှင့် တာဝန်ရှိသူများသည် ကွမ်းခြံကုန်းမြို့နယ်နှင့် ကော့မှူးမြို့နယ်တို့အတွင်းရှိ နွေစပါးစိုက်ပျိုးရာသီအတွင်း လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ရေပေးဝေမည့် အခြေအနေများကို စစ်ဆေးပြီး လိုအပ်သည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဆိုင်ရာများကို ပြောကြားသည်။

ကွမ်းခြံကုန်းမြို့နယ်၌ဒေသတွင်းရေဘေးနှင့် ရေရှားပါးမှုကာကွယ်ရေးအတွက် ဖေ - ၁၂ ပေ အရှည် အစားရှိတံခါးပေါက် ၁၅ ပေါက်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ကွမ်းခြံကုန်းရေတံခါးရှိပြီး ဒီဇယ်တက်ချိန်များတွင် လယ်ကွင်းများ ရေကြီးနစ်မြုပ်မှု မဖြစ်ပေါ်စေရန် ကာကွယ်ပေးခြင်း၊ နွေရာသီကာလများတွင် ပတ်ဝန်းကျင်မှ ရေငန်များ လယ်ယာမြေအတွင်းသို့ ဝင်ရောက်မှုမရှိအောင် တားဆီးပေးခြင်း၊ နွေရာသီ ရေရှားပါးသည့် ကာလများတွင် တိုးမြှစ်မှရေချိုများကို အဆိုပါ ရေတံခါးမှတစ်ဆင့် သွင်းယူသိုလှောင်ပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ရေတံခါးမှတစ်ဆင့် ရေချိုသွင်းယူသိုလှောင်ပေးခြင်းဖြင့် အမှတ်(၁)မြောင်းမကြီးနှင့် အမှတ်(၂)မြောင်းမကြီးတို့မှ တစ်ဆင့် ကွမ်းခြံကုန်းမြို့နယ်နှင့် ကော့မှူးမြို့နယ်တို့အတွင်းရှိ နွေစပါးစုစုပေါင်း ဧက ၈၃၃၀ အတွက် လုံလောက်သောဆည်ရေကို ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

လင်းခန့်

မန္တလေးတိုင်းဒေသကြီး ဥာဏ်ရည်မသန်စွမ်းသူများ အားကစားပြိုင်ပွဲကျင်းပ

မန္တလေး နိုဝင်ဘာ ၈

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အကြို မန္တလေးတိုင်းဒေသကြီး ဥာဏ်ရည်မသန်စွမ်းသူများ အားကစားပြိုင်ပွဲ Special Olympics Myanmar(Local Games 2026)အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၂၂ လမ်း ၉၀ လမ်းရှိ အောင်မြေမန္တလာအားကစားကွင်းအတွင်း ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး မီတာ ၅၀ အပြေး/လမ်းလျှောက်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ လမ်းလျှောက်ပြိုင်ပွဲ၊ အမျိုးသားမီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ မီတာ ၂၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး softball ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး ဘော့ချီ(Bocce) အားကစားပြိုင်ပွဲများကို နိုင်ငံတကာပြိုင်ပွဲများ၌ ဆုရရှိခဲ့သည့် ဥာဏ်ရည်မသန်စွမ်း အားကစားသမားများအပါအဝင် အသက်ကိုးနှစ်မှ အသက် ၆၀ နှစ်အထိ ပြိုင်ပွဲဝင်ကစားသမား ၁၉၃ ဦးခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုတံဆိပ်နှင့်လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။ **(၄၀၂)**



စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ

ယမန်နေ့မှအဆက်

လူတို့သည် မိမိတို့ယုံကြည်စွာဖြင့် နေထိုင်ရှင်သန်ရပ်တည်ကြသော ပထဝီမြေကြီးအိုးထိန်းစက်ကဲ့သို့ လှုပ်ရှားဖောက်ပြန်လာလျှင် ဆောက်တည်ရာမဲ့တုန်လှုပ်တတ်ကြလေ၏။ ထိုဥပမာသို့ပင် မဟာပထဝီမြေကြီးကဲ့သို့ စံနက်ကျော်ယုံကြည်စွာ ဗိုခိုရပ်တည်နေရသော ရွှေနန်းတော်ကြီးသည် အိုးထိန်းစက်ကဲ့သို့ စတင်လည်ပတ်လှုပ်ရှားရန် တာစူနေလေပြီ။ ဆရာသမား၊ မိဘတို့၏အဆုံးအမ သတိတမံ ဉာဏ်ကို မြေကတုတ်လုပ်၍သာ နေထိုင်ရပေတော့မည်ဟုတွေးမိ၏။

■ ■ ■ ■ ■

အခန်း(၉)

သွေးရောင်လွှမ်းသည့် ရွှေနန်းရင်ပြင်

၁၂၃ ခုနှစ်စာပြန်ပွဲကြီးကို မိဖုရားခေါင်ကြီး၏ကောင်းမှုအဖြစ် ကြီးကျယ်ခမ်းနားစွာ ကျင်းပမည်ဖြစ်၍ နေမျိုးသီဟသူရဘွဲ့ရ လက်ျာဝင်းမှူးကြီးဖြစ်သော စံနက်ကျော်လည်း စာတော်ပြန်ပွဲ၌ သံဃာတစ်ပါး ဆက်သွင်းရမည်ဖြစ်ရာ မြင်းတစ်စီးနှင့် စာတော်ပြန်ရဟန်းရှာ ထွက်ရလေသည်။ မြို့တော်လေးပြင်လေးရပ်က ကျောင်းများသို့မသွားသေးဘဲ ရွှေမြို့တော်ကြီးရောက်ကတည်းက ပစ္စည်းလေးပါး အမြဲမပြတ်လှူဒါန်းဆည်းကပ်ခဲ့မြဲဖြစ်သော မဏ္ဍာလတောင်ခြေမှ ရွှေကျင်နိကာယကျောင်းကြီးသို့ တန်းတန်းမတ်မတ်ပင် သွားလိုက်လေသည်။

ကျောင်းဝိုင်းအပြင်ဘက် စားကျက်၌ မြင်းကိုလှန်ထားခဲ့ပြီး သစ်ကြီးပါးကြီးများဖြင့် အုံအုံဆိုင်းဆိုင်း တိတ်ဆိတ်နေသောကျောင်းဝိုင်းကြီးထဲသို့ ခြေကျင်လျှောက်ဝင်ခဲ့၏။ ကျောင်းဝိုင်းအရှေ့မြောက်ထောင့် မန်ကျည်းပင်ကြီးအောက် ခုံတန်းလေးပေါ်ဝယ် ရှင်သီဝလိကိုယ်တော်လေးကဲ့သို့ လွန်စွာကြည်ညိုဖွယ်ကောင်းသော ကိုယ်တော်လေးတစ်ပါးက စာကျက်နေလေသည်။

မိမိကြောင့် စိတ်အနှောင့်အယှက်မဖြစ်စေခြင်းငှာ ခြေသံလုံလုံဖြင့်အနား သို့သွားကာ ခပ်စောင်းစောင်းအနေအထားမှ ရှိသေစွာဦးခိုက်ကန်တော့လိုက်သည်။ ကိုယ်တော်လေးက သူ့စာထဲတွင် သူနှစ်မျှောလျက် စံနက်ကျော်ရောက်နေသည်ကို သိပင်မသိချေ။

နောက်နားမှ အတန်ကြာစောင့်နေပြီး ကိုယ်တော်လေး စာကျက်သံရပ်သွားမှ ရှေ့တိုး၍ ကြည်ညိုဖွယ်မျက်နှာတော်လေးကိုဖူးမြော်လိုက်၏။ ကိုယ်တော်လေးကို စိတ်ထဲ၌မြင်ဖူးသကဲ့သို့ ခံစားရသဖြင့် သေသေချာချာကြည့်နေလေရာ ကိုရင်လေးကလည်း ပြုံးတော်မူသည်။

"အရှင်ဘုရား စာတွေအတော်ရပြီလားဘုရား။ ဒါနဲ့ အရှင်ဘုရားကို တပည့်တော် မြင်ဖူးသလိုလိုပါဘုရား"

"ဟုတ်လား ဒကာက ကိုယ်တော်ကို ဘယ်မှာမြင်ဖူးတာလဲ"

"ကိုယ်တော်လေးက ကြည်ညိုဖွယ်ဆိုသည်ထက်ပိုသော ချစ်ခင်နှစ်လိုဖွယ် ပြုံးရယ်နေတော်မူလေသည်။ ပြီးလျှင် ပုရပိုက်လေးများကိုသိမ်းဆည်းကာ ရှေ့မှဦးဆောင်၍ ကျောင်းပေါ်သို့တက်သွားလေရာ စံနက်ကျော်လည်း ထက်ကြပ်လိုက်သွားခဲ့၏။ ကျောင်းပေါ်ရောက်လျှင် ဆရာတော်ဘုရားကြီးအား အကျိုးအကြောင်းလျှောက်ထားလိုက်ရာ . . ."

"တင်ပါ့ဘုရား ဆရာတော်ဘုရားကြီးကို မဖူးရမလျှောက်ရသေးပါဘူးဘုရား၊ တပည့်တော်က နေမျိုးသီဟသူရလက်ျာဝင်းမှူးပါဘုရား၊ ကိုရင့်ကို ရွှေနန်းရှင် စာတော်ပြန်ပွဲအတွက် ပင့်ချင်လို့ပါဘုရား"

ကိုယ်တော်လေးက ကြည်ညိုဖွယ်ဆိုသည်ထက်ပိုသော ချစ်ခင်နှစ်လိုဖွယ် ပြုံးရယ်နေတော်မူလေသည်။ ပြီးလျှင် ပုရပိုက်လေးများကို သိမ်းဆည်းကာ ရှေ့မှဦးဆောင်၍ ကျောင်းပေါ်သို့တက်သွားခဲ့၏။ ကျောင်းပေါ်ရောက်လျှင် ဆရာတော်ဘုရားကြီးအား အကျိုးအကြောင်းလျှောက်ထားလိုက်ရာ ဆရာတော်ကြီး ပြုံးရယ်တော်မူလေသည်။

"ဒကာတော်ဝင်းမှူးကလေးက ရွှေနန်းတော်အတွင်း လေ့လာမှုသုတနည်းသကိုး၊ အရှင့်သားတော်တွေက ဝတ်ကြောင်နဲ့ စာတော်ပြန်ရမှာလေဒကာရဲ့"

"ဘာလို့ဘုရာ့ ကိုရင်လေးက"

စံနက်ကျော် နားမလည်နိုင်ဘဲဖြစ်ကာ ကိုရင်လေးကိုတစ်လှည့် ဆရာတော်ကို တစ်လှည့်ကြည့်ရင်း တစ်ခုခုတော့မှားယွင်းနေပြီဆိုသည်ကို သိလိုက်လေသည်။

"ကဲကဲ ဒကာ့အတွက် ပထမလတ်တန်း စာတော်ပြန်ရဟန်းတစ်ပါး စာရင်းသွင်းထားလိုက်ပါ့မယ်လေ"

ဆရာတော်ကြီးက စကားကိုလက်စ ပိတ်ပြောကြားပြီး ကြည့်လက်စကျမ်းပုရပိုက်များကို ဆက်လက်ကြည့်ရှုတော်မူလေရာ စံနက်ကျော်လည်း ထပြန်ခဲ့ရလေသည်။

ကိုယ်တော်လေးက အခန်းထဲကပြန်ထွက်လာပြီး ကျောင်းလှေကားရင်းအထိ စံနက်ကျော်ကိုလိုက်ပို့လေရာ အသက်ခြောက်နှစ်ခန့် ရှင်ငယ်လေးတစ်ပါးလည်းပါလာ၏။ ကိုယ်တော်လေးက လက်ထဲမှပေရွက်လိပ်လေးတစ်လိပ်ကိုပေးလေ၏။

"ကိုကြီးစံနက်က မှတ်ဉာဏ်အတော်နည်းတာကိုး ဒါမှမဟုတ် ကိုယ်တော်ကို အသေးအမွှားမို့ သတိတရမရှိလေရော့သလား"

"မှန်လှပါ မဟုတ်ရကြောင်းပါဘုရား၊ ဘုန်းတော်ကြီးဘုရား အမှုတော်ကိုရပ်ဝေးမြေထဲအရပ်မှာ နှစ်ရှည်ထမ်းရွက်နေရပါသဖြင့် အရှင့်သားများကို အကုန်အစင်မဖူးမြင်ရကြောင်းပါဘုရား"

"ဟုတ်ပါပြီလေ၊ ဒါပေမဲ့ ကိုယ်တော်ကို ဘာလို့မဖူးမြော်ဖူးရမလဲ၊ ကိုကြီးစံနက်ဆီက တုတ်၊ ဓား၊ လှံယဉ်၊ ဗန်ကျဉ်၊ လက်ဝှေ့အတတ်တွေတောင် သင်ယူခဲ့ဖူးတဲ့တပည့်ပဲလေ"

"ခွင့်သနားတော်မူပါဘုရား၊ ခွင့်သနားတော်မူပါဘုရား၊ သိရှိရကြောင်းပါဘုရား၊ သီပေါကိုယ်တော်လေးပါဘုရား"

ယခုမှ မှတ်မိသွားသော စံနက်ကျော်မြေပေါ်သို့ ပြားပြားဝပ်မျှခစားကာ အထပ်ထပ်တိုးလျှိုးလိုက်၏။ သီပေါကိုယ်တော်လေးက စံနက်ကျော်ကို ပခုံးမှဆွဲမထူပေးလိုက်ပြီး ပြုံးရယ်နေတော်မူသဖြင့် စံနက်ကျော်စိတ်သက်သာရာရမိ၏။ ကိုရင်လေးပြောမည်ဆိုက ပြောစရာပင်။ ကိုရင်လေး၏မယ်တော် လောင်းရှည်မိဖုရားကြီးမှာ သာမန်အပျိုတော်မိဖုရားဖြစ်၏။

ဆက်လက်ဖော်ပြပါမည်။

ဆိပ်ဖြူမြို့နယ်၌ စားဖိုဆောင်သီးနှံ တိုင်ထောင်ခရမ်းချဉ် စိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်း

ဆိပ်ဖြူ နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ တိုင်ထောင်ခရမ်းချဉ် စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း၍ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထွက်ရှိသည့် ခရမ်းချဉ်သီးများ ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက ခရမ်းချဉ်ကို စားဖိုဆောင်သီးနှံအဖြစ် မိသားစုဝင်ငွေရရှိရေးအတွက် ကုန်းစိုက်ခင်းနှင့်ကိုင်းစိုက်ပျိုးမြေတို့၌ တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိသည်။ ခရမ်းချဉ် စိုက်ပျိုးရာတွင် မြေမပြုပြင်မီကာလမှ စတင်ပျိုးထောင်၍ တစ်လခွဲခန့်တွင် မြေချစိုက်ပျိုးပြီး ၄၅ ရက်ခန့် အကြာတွင် အသီး၊ အပွင့်များ စတင်ထွက်ပေါ်လာကာ ရက် ၉၀ ခန့်အကြာတွင် ခရမ်းချဉ်သီးများ စတင်ခူးဆွတ်ရသည်။

ခရမ်းချဉ် စတင်မြေချစိုက်ပျိုးချိန်မှ ရာသီဥတုပေါ်မူတည်၍ သုံးရက်လျှင်တစ်ကြိမ် ရေသွင်းခြင်းနှင့် လိုအပ်သည့်မြေဩဇာနှင့် အားဆေးများ ထည့်သွင်းပေးရကြောင်း၊ ထွက်ရှိလာသောခရမ်းချဉ်သီးများကို သုံးရက်လျှင်တစ်ကြိမ်နှင့် လေးရက်လျှင်တစ်ကြိမ် ခူးဆွတ်ရပြီး တစ်ဧကလျှင် ပိသာ ၈၀ မှ ၉၅ ပိသာအထိ ထွက်ရှိကြောင်း သိရသည်။

လက်ရှိဈေးကွက်အနေအထား အရ အရောင်းအဝယ်ကောင်းမွန်သဖြင့် ခရမ်းချဉ်စိုက်တောင်သူများ အနေဖြင့် အဆင်ပြေမှုရှိကြောင်းနှင့် ကိုင်းစိုက်ပျိုးမြေများ၌ စိုက်ပျိုးထားသောခရမ်းချဉ်သီးများ ထွက်ရှိလာပါက ဈေးကွက်အနည်းငယ် အေးနိုင်ကြောင်း ခရမ်းချဉ်စိုက်ပျိုးတောင်သူများထံမှ သိရသည်။

မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်လျက်ရှိရာ ယခုနောက်ပိုင်းတွင် တောင်သူများက ဈေးကွက်ဝင်သည့် စားဖိုဆောင်သီးနှံများကို ရွေးချယ်စိုက်ပျိုးလာကြကြောင်း သိရသည်။

ကိုဇွဲ(အညာမြေ)



ပညာရေးအခွင့်အလမ်းများကို တိုက်ရိုက်လေ့လာစုံစမ်းနိုင်မည့် (၁၂)ကြိမ်မြောက် ထိုင်းပညာရေးပြပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၈

မြန်မာနိုင်ငံရှိ ကျောင်းသားလူငယ်များအတွက် ထိုင်းနိုင်ငံရှိ တက္ကသိုလ်များနှင့် ပညာရေးအခွင့်အလမ်းများကို တိုက်ရိုက်လေ့လာစုံစမ်းနိုင်မည့် (၁၂)ကြိမ်မြောက် ထိုင်းပညာရေးပြပွဲ (12th Thailand Education Fair (Myanmar)) ကို နိုဝင်ဘာလ ၈ ရက်တွင် ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပသည်။



အဆိုပါပြပွဲကို ထိုင်းနိုင်ငံ တက္ကသိုလ်များမှ မြန်မာနိုင်ငံသားဘွဲ့ရ ကျောင်းသားဟောင်းများအသင်း AMAUT မှ ဦးစီးကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်သံရုံးက ပံ့ပိုးကူညီထားခြင်းဖြစ်သည်။

ထိုင်းပညာရေးပြပွဲတွင် ထိုင်းနိုင်ငံရှိ ထင်ရှားသောတက္ကသိုလ်အသီးသီး၏ ဘွဲ့ကြိုနှင့် ဘွဲ့လွန် ဒီပလိုမာများအကြောင်း၊ ကျောင်းဝင်ခွင့် လျှောက်ထားခြင်းဆိုင်ရာ အချက်အလက်များကို သက်ဆိုင်ရာတက္ကသိုလ် ကိုယ်စားလှယ်များနှင့် တိုက်ရိုက်မေးမြန်းစုံစမ်းနိုင်မည်ဖြစ်သည့်အပြင် ကျောင်းသားလူငယ်များ အထူးစိတ်ဝင်စားကြသည့် ၁၀၀ ရာခိုင်နှုန်းအထိ အပြည့်အဝပံ့ပိုးပေးသော ပညာသင်ဆုများနှင့် တစ်စိတ်တစ်ပိုင်းပညာသင်ဆုများကိုလည်း အသေးစိတ်စုံစမ်း လျှောက်ထားနိုင်မည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများ ပြည်ပတွင် ပညာသင်ကြားရာ၌ ပညာရေးစံချိန်စံညွှန်းများ၊ ယဉ်ကျေးမှုနှင့် ဘာသာစကားဆိုင်ရာ ကိုက်ညီမှုများ၊ ကိုယ်ပိုင်ဆန္ဒများကို ထည့်သွင်းစဉ်းစားရန် အရေးကြီးပြီး ထိုင်းနိုင်ငံ တက္ကသိုလ်များသည် ကမ္ဘာ့အဆင့်မီပညာရေး အစီအစဉ်များ၊ စီးပွားရေး၊ စီမံခန့်ခွဲမှုမှသည် အင်ဂျင်နီယာနှင့် အနုပညာရပ်များအထိ ကျယ်ပြန့်သော အဓိကဘာသာရပ်များနှင့် နိုင်ငံတကာအတွေ့အကြုံကောင်းများကို ပံ့ပိုးပေးနိုင်သည့်အတွက် ရရှိလာသည့်ပညာရပ်များကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်အသုံးချကြရန် လိုကြောင်း သိရသည်။ **လင်းခန့်**





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ ရိုးရာအကအလှများ၊ တေးသရုပ်ဖော်အကများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ညွှန်းသည့်အကအလှများကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မြန်မာ့ရိုးရာပွဲစျေးအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းတစ်ခုချင်းစီအလိုက် ကြည့်ရှုအားပေးစဉ်။

ဇနီး၊အဖွဲ့ဝင်များသည်ပွဲစျေးအတွင်း ခင်းကျင်းထားသည့် မြန်မာ့ရိုးရာအစားအစာပြခန်းများ၊ ရိုးရာအဝတ်အထည်ပြခန်းများ၊ နိုင်ငံတစ်ဝန်းလုံး ရှိဒေသအသီးသီးမှ ထွက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုအားပေးခဲ့ပြီး ပြခန်းအလိုက် တာဝန်ခံများ၏ ရှင်းလင်းမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ “မြန်မာ့ရိုးရာပွဲစျေး”ကို ရိုးရာအမွေအနှစ်တစ်ခုမျိုးဆက်သစ် လူငယ်များထံသို့လက်ဆင့်ကမ်းပေးလိုသည့် ရည်ရွယ်ချက်ဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ၊ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ (YCC)တွင် ယခုလ ၅ ရက်နေ့မှယနေ့အထိကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပွဲတော်ရက်အတွင်း ပြပွဲများ၊ စကားဝိုင်းများ၊ မြန်မာ့ရိုးရာဇာတ်သဘင်နှင့် ခေတ်ပေါ်တေးဂီတဖျော်ဖြေပွဲများ၊ တိုင်းရင်းသားအကပဒေသာများစသည်တို့ဖြင့် မြို့ငြိမ်မြို့ဆိုင်ဆိုင်ကျင်းပပြုလုပ်လျက်ရှိကြောင်း၊ ပွဲစျေးအတွင်း မြန်မာ့ရိုးရာအစားအစာပြခန်းများ၊ ရိုးရာအဝတ်အထည် ပြခန်းများ၊ နိုင်ငံတစ်ဝန်းလုံးရှိဒေသအသီးသီးမှ ထွက်ကုန်များနှင့် လူသုံးကုန်ပစ္စည်း ပြခန်းများ စသည်ဖြင့် စုစုပေါင်း ပြခန်း ၁၅၅ ခန်းခင်းကျင်းပြသထားပြီး လာရောက်လေ့လာကြည့်ရှုဝယ်ယူကြသည့် အများပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်သာယာ Shopping Centre ၌ မြန်မာနိုင်ငံသစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ့ပရိဘောဂပြပွဲ (၂၀၂၆)သို့သွားရောက်ရှုသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြပွဲအတွင်းခင်းကျင်းပြသထားရှိသည့် ပရိဘောဂများအား ပြကွက်တစ်ခုချင်းစီအလိုက်လိုက်လံကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ မြန်မာနိုင်ငံသစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ့ပရိဘောဂပြပွဲ (၂၀၂၆)ကို မြန်မာ့ပရိဘောဂ လက်ရာများအား ထိန်းသိမ်းရန်၊ စဉ်ဆက်မပြတ် အဆင့်မြှင့်တင်နိုင်ရန်နှင့် စျေးကွက်ပိုမိုရရှိနိုင်ရန် ရည်ရွယ်၍ ယခုလ ၄ ရက်နေ့မှ ယနေ့အထိ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်းနှင့် ပြည်တွင်းကုမ္ပဏီ ၉ ခု၊ ပြည်ပကုမ္ပဏီ ၁ ခု၊ စုစုပေါင်း ၁၀ ခုတို့မှ ပြကွက်ပေါင်း ၂၆ ခုဖြင့် ခင်းကျင်းပြသရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ့ပရိဘောဂပြပွဲ (၂၀၂၆)အတွင်း ခင်းကျင်းပြသထားသည့် ပရိဘောဂများအား ပြကွက်တစ်ခုချင်းစီအလိုက် ကြည့်ရှုအားပေးစဉ်။

ရွှေဖုံးမှအဆက်

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် သီဆိုကပြဂုဏ်ပြုပန်းခြင်းပေးအပ်ချီးမြှင့်ဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာ အကအဖွဲ့များအား ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် မြန်မာ့ရိုးရာ အစားအစာများ၊ မြန်မာ့ရိုးရာအဝတ်အထည်များ၊ မြန်မာ့စာဖွယ်ပြုလုပ်နည်းသရုပ်ကြည့်ရှုအားပေးရာ မြန်မာနိုင်ငံသစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်

မြဝတီ

တောင်ကြီးမြို့၌ (၂၅)ကြိမ်မြောက် ကမ္ဘောဇသာမဏေကျော်စာမေးပွဲ စာအောင်ဘွဲ့နှင်းသဘင်ကျင်းပ



တောင်ကြီး နိုဝင်ဘာ ၈

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့မှ ကြီးမှူးဖွဲ့၍ (၂၅) ကြိမ်မြောက် ကမ္ဘောဇသာမဏေကျော်စာမေးပွဲ စာအောင်ဘွဲ့နှင်းသဘင်ကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ရှိ အတုလမာရဇိန်ဆုတောင်းပြည့်ဘုရား မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော်များထံ မြို့နယ်ဓမ္မာရုံဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းနိုင်က (၂၅) ကြိမ်မြောက် ကမ္ဘောဇသာမဏေကျော်စာမေးပွဲကျင်းပအောင်မြင်မှုအခြေအနေကို ဖတ်ကြားလျှောက်ထားပြီး ဘွဲ့ရသာမဏေကျော်များအား ဘွဲ့ပုံတော်နှင့် ဘွဲ့တံဆိပ်တော်၊ ဘွဲ့အလံတော်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများက ဆက်ကပ်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ စာအောင်သာမဏေကျော်များအား မြို့လယ်ဓမ္မာရုံမှ စတင်၍ သံဃဒါနများ လောင်းလှူကြပြီး ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ မြို့မစျေးမီးပွိုင့်၊ ထိုမှတစ်ဆင့် စျေးပိုင်းကုန်သည်လမ်း၊ မြတ်လေးလမ်း၊ စဝ်စံထွန်းလမ်းအတိုင်း ကြွချီအပူဇော်ခံကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ဆီထွက်သီးနှံပဲပုပ်စိုက်ပျိုးမည့်တောင်သူများထံ ရေဆင်း-၁၅ ပဲပုပ်မျိုးစေ့များပေးအပ်

ပုသိမ် နိုဝင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီနှင့် ဧရာပုသိမ်ဆန်စပါးရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ၊ ဆီထွက်သီးနှံပဲပုပ်စိုက်ပျိုးပွဲနှင့် မျိုးစေ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တွန်ပလွန်ကျေးရွာ၌ ပြုလုပ်သည်။



ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ အောင်နိုင်တိုးစပါးမျိုး ရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးပြီး ဆီထွက်သီးနှံပဲပုပ်စိုက်ပျိုးမည့် တောင်သူများထံ ရေဆင်း-၁၅ ပဲပုပ်မျိုးစေ့များ ပေးအပ်သည်။

ဆက်လက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးရိတ်သိမ်းချိန်တွင် တောင်သူများအနေဖြင့် ရိတ်သိမ်းခြွေလှေ့စက်များ၊ လယ်ယာသုံးစက်ကိရိယာများကို အချိန်မီအသုံးပြုနိုင်ရေးနှင့် စပါးများ အချိန်မီရိတ်သိမ်းနိုင်ရေးအတွက် စက်သုံးဆီလိုအပ်ချက်များကို ကြိုတင်တွက်ချက်စီမံထားရှိရန် လိုအပ်ကြောင်း၊ မိုးစပါးရိတ်သိမ်းချိန်ရာသီအတွင်း စက်သုံးဆီပြတ်လပ်မှုမရှိစေရေးနှင့် တောင်သူများ အခက်အခဲမဖြစ်ပေါ်စေရေး တာဝန်ရှိသူများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ တိုင်းဒေသကြီးအတွင်း ဆီဖူလုံမှုရှိစေရေးအတွက် ဆီထွက်သီးနှံများကို အောင်မြင်ဖြစ်ထွန်းနိုင်သည့် နေရာများ၌ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း၊ ဆီထွက်သီးနှံပဲပုပ်သည်လည်း တောင်သူများအတွက် များစွာအကျိုးဖြစ်ထွန်းသည့် သီးနှံတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်ခြင်းသည် စားသုံးဆီထုတ်လုပ်မှုတိုးတက်စေရုံသာမက မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သော အစာကုန်ကြမ်းများကိုလည်း ပြည်တွင်း၌ဖြည့်ဆည်းပေးနိုင်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍနှစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါကြောင်း၊ တိုင်းဒေသကြီးအတွင်း ဆီဖူလုံမှုရှိစေရေးနှင့် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရောက်ရှိရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးနည်းစနစ်များနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

မဟာပါသာဏလိုဏ်ဂူတော်၌ ပြသထားသည့် ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များကို ကျောင်းသား၊ ကျောင်းသူများ လေ့လာကြည်ညို



ရန်ကုန် နိုဝင်ဘာ ၈

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲနှစ် (၇၀) ပြည့်အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်၌ ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များကို ပြသထားရှိရာ ယနေ့နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းတို့မှကျောင်းသား၊ ကျောင်းသူများ လေ့လာကြည်ညိုကြသည်။

ထိုသို့လေ့လာစဉ် လိုဏ်ဂူသိမ်တော်၏သမိုင်းကြောင်း၊ ဗုဒ္ဓသာသနာတော်ဆိုင်ရာ အမွေအနှစ်ပြကွက်များ၊ သင်္ဂါယနာတင်မှတ်တမ်းများ၊ ဆဋ္ဌသင်္ဂါယနာတင်ရန် မဟာပါသာဏလိုဏ်ဂူတော် တည်ဆောက်မှုမှတ်တမ်း၊ ဆဋ္ဌသင်္ဂါယနာတင် အခမ်းအနားကျင်းပနေသည့် မှတ်တမ်းများ၊ ဆဋ္ဌသင်္ဂါယနာတင်ရာတွင် တပ်ဆင်အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများ၊ တခြားနိုင်ငံများမှ လှူဒါန်းသောပစ္စည်းများ ပြကွက်၊ သာသနာတော်အဆွန့်ရှည်တည်တံ့ခြင်းအထိမ်းအမှတ်ကို ရည်ရွယ်၍ တည်ထားကိုးကွယ်ပူဇော်သော သာသနိကအဆောက်အအုံများ၏ပြကွက်များကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ (၂၆)ကြိမ်မြောက် မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဆဋ္ဌသင်္ဂါယနာတင် သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ စေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ ကြီးမှူး၍ (၂၆)ကြိမ်မြောက် မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။


မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ကပ်လှူပူဇော်ပွဲကို ၁၃၈၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (နိုဝင်ဘာလ ၂၃ ရက်) ညနေ ၅ နာရီတွင် ရင်ပြင်တော်၌ ဖွင့်ပွဲအခမ်းအနားကျင်းပ၍ စတင်ရက်လုပ်ကြမည်ဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့ဖြစ်သည့် နိုဝင်ဘာလ ၂၄ ရက် နံနက် ၄ နာရီခွဲတွင် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ မသိုးသင်္ကန်းတော်များ ကပ်လှူပူဇော်မည်ဖြစ်သည်။

ထို့နောက် နံနက် ၅ နာရီ ၁၅ မိနစ်တွင် ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းကြမည်ဖြစ်ပြီး နံနက် ၆ နာရီတွင် လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားနာကြား၍ ကုသိုလ်ပြု အမျှပေးဝေကြမည်ဖြစ်သည်။

အဆိုပါ မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲသို့ မည်သူမဆို ပါဝင်လှူဒါန်းနိုင်ပြီး ကြွရောက်ကြည်ညိုသဒ္ဓါပွားများနိုင်ကြောင်းနှင့် ပါဝင်လှူဒါန်းလိုသူများအနေဖြင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ ဖုန်း-၀၉-၂၆၄၄၃၆၅၅၊ ၀၉-၅၁၄၈၉၅၄ နှင့် ၀၉-၆၉၆၂၃၂၀၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဝန်းရံခ

မိုးလေဝသ သတင်း



အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးမှုမဖြစ်ပေါ်စေရေးနှင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေး

အင်္ဂပူ နိုဝင်ဘာ ၈

ဧရာဝတီ တိုင်းဒေသကြီး အင်္ဂပူမြို့နယ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်လာနိုင်သဖြင့် ပြည်သူများကြိုတင်ပြင်ဆင်နိုင်ရန်နှင့် သောက်သုံးရေရှားပါးပြတ်လပ်မှုမရှိစေရေးနှင့် အယ်လ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေး ဟောပြောခြင်းကို ရေလဲအောက်စုကျေးရွာ၌ နိုဝင်ဘာလ ၈ ရက်တွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်နှင့် တာဝန်ရှိသူများသည် ရေလဲအောက်စုကျေးရွာ၏ ရေသုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ရေလဲအောက်စုကျေးရွာရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် မိုးရွာသွန်းမှု မှုမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်းများဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးရေလှောင်ကန်များအတွင်းရေကိုကြိုတင်ထုဆောင်းထားရှိရန်၊ ရေကိုလေလွင့်မှုမရှိအောင် စနစ်တကျသုံးစွဲရန်၊ အယ်လ်နီညိုအပူဒဏ်ကာကွယ်ရေးလိုက်နာဆောင်ရွက်ရန်အချက်များကို အသိပညာပေးဟောပြောပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

သံသာ(ကျေးလက်)



နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်သည် လယ်ဝေးခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ပေါင်းစပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ထွေးနှင့် အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများနှင့်အတူ နိုဝင်ဘာလ ၈ ရက်တွင် ဒကို့ဏာသီရိမြို့နယ်တွင်း စိုက်ပျိုးထားသည့် ဆင်းသုခမျိုး မိုးစပါး ၃ ဧကစံကွက်ရိတ်သိမ်းနေမှုကို စစ်ဆေးကြည့်ရှုကြစဉ်။ သျှင်ဦးမောင်(ဒကို့ဏာ)

ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

သာစည် နိုဝင်ဘာ ၈

မန္တလေး တိုင်းဒေသကြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ခေတ်မီစံပြကျေးရွာ စီမံကိန်း (Smart Village) အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လှိုင်းတက်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာလ ၈ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ စစ်ဆေးရာတွင် သာစည်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဦး၊ သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ လှိုင်းတက်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လမ်းသွယ်(၁) အရှည်ပေ ၃၈၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မ နှင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လမ်းသွယ်(၂) အရှည်ပေ ၃၈၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မ လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

လှိုင်းတက်ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာတွင်းကွန်ကရစ်ခင်းခြင်းလမ်းသွယ်(၁) လုပ်ငန်းငွေကျပ် ၁၉ ဒသမ ၉၅ သန်းနှင့် လမ်းသွယ်(၂)လုပ်ငန်းငွေကျပ် ၁၉ ဒသမ ၉၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၈ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၁၁-၂၀၂၆(တနလ်ာနေ့)

၁။	၀၆:၀၃	တရားတော်
၂။	၀၇:၁၀	ကိုယ်လက်လှုပ်ရှားအားကစား
၃။	၀၇:၃၀	မြန်မာသံစဉ်ချိုနားဝင်
၄။	၀၈:၄၅	သီချင်းလက်ဆောင်
၅။	၀၉:၂၅	တစ်ချိန်ကသူတို့အကြောင်း
၆။	၀၉:၄၅	တွေးမယ်ဖြေမယ်
၇။	၁၁:၁၀	ကမ္ဘာ့ရေးရာမှတ်သားစရာ
၈။	၁၂:၁၅	လေးစားအတုယူစံနမူနာရှင်
၉။	၁၂:၄၀	လူတိုင်းကျန်းမာသိမှတ်စရာ
၁၀။	၁၉:၀၀	**နိုင်ငံခြားဇာတ်လမ်းတွဲ နတ်စုံထောက်-ဒီရင်ကျယ်(Season-3) အပိုင်း(၁၅)**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၉၁၁၊ ၀၆၇-၃၄၀၉၉၂၊ ၀၆၇-၃၄၀၉၉၃၃၊ ၀၆၇-၃၄၀၉၉၄၄၊ ၀၆၇-၃၄၀၉၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁

(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၃၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၄၄၅၊ ၀၂-၄၀၂၁၄၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၅-၃၀၂၅၃၇၊ ၀၅၅-၃၀၂၅၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၅၄၀၊ ၀၈၁-၂၁၄၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

သက်ရှည်ကျန်းမာစေသော ဟင်းခတ်အမွှေးအကြိုင်များ

သက်ရှည်ကျန်းမာစေသော ဟင်းခတ်အမွှေးအကြိုင်များက ရောဂါကင်းစင်စေရန် အဓိကစွမ်းဆောင်ပေးသည်။

ပတဲကော

ဆေးဖက်ဝင်နှစ်ရှည်ပင်ဖြစ်ပြီး ပတဲကောတွင် ကျန်းမာရေးအတွက်အကျိုးပြုသည့် အနံ့အရသာနှင့် အာနိသင်များပါရှိသည်။

ပျားရည်

ပျားရည်တွင် ဗီတာမင်၊ သတ္တုဓာတ်၊ အင်တီအောက်စီးဒင့်များစွာပါဝင်သောကြောင့် ဓာတ်တိုးပစ္စည်းများက ခန္ဓာကိုယ်တွင်းဆဲလ်များကို မဖျက်ဆီးစေရန် တားဆီးပေး၍ ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေကို လျော့နည်းစေသည်။

သည့်အဆီများကို လျော့နည်းစေသည်။ ထို့ပြင် သံလွင်ဆီစားသုံးခြင်းဖြင့် အသက်အရွယ်ကြီးရင့်မှုကို နှေးကွေးစေသည်။

အညိုရောင်ချောကလက်

အညိုရောင်ချောကလက်တွင် အင်တီအောက်စီးဒင့်များစွာပါဝင်သဖြင့် နှလုံးရောဂါဖြစ်ပွားနိုင်ခြေကို လျော့နည်းစေသည်။ စိတ်ဖိစီးမှုကို လျော့နည်းစေသည်။ သို့သော် နို့၊ မလိုင်များသည့်ချောကလက်မျိုးမဟုတ်ဘဲ အနည်းဆုံး ၇၀ ရာခိုင်နှုန်းပါဝင်သော ချောကလက်မျိုးဖြစ်ရန် လိုအပ်သည်။

“နွေးကဆီးချိုရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးသည်။ နွေးကို အိန္ဒိယ၊ အာရှနှင့် အမေရိကနိုင်ငံတို့၌ ဟင်းချက်ရာတွင် အသုံးပြုကြသည်။ ထိုင်းနိုင်ငံ၏သုတေသနပြုချက်အရ တစ်နေ့လျှင် နွေးမှုန့် လက်ဖက်စားဇွန်းတစ်ဇွန်းစာ စားသင့်သည်။ ဟင်းချက်သည့်ထဲပါရုံဖြင့် ဆီးချိုအမျိုးအစား(၂)ရောဂါဖြစ်ပွားမှု ၅၀ ရာခိုင်နှုန်းလျှော့ချနိုင်သည်ကို တွေ့ရှိခဲ့ကြသည် . . .”

သစ်ကြံပိုးခေါက်

ဟင်းခတ်အမွှေးအကြိုင်အဖြစ် ဟင်းလျာများထဲတွင်ထည့်ပါက သက်ရှည်ကျန်းမာစေသည်။ အဝလွန်ရောဂါ၊ အဆစ်အမျက်များ ရောင်ရမ်းနာကျင်ခြင်း၊ ဆီးချိုသွေးချိုရောဂါ၊ ကင်ဆာရောဂါ၊ နှလုံးရောဂါ စသည်တို့နှင့်ဆက်နွယ်သည့် ရောင်ရမ်းမှုများကို သစ်ကြံပိုးခေါက်မှုန့်စားသုံးခြင်းဖြင့် လျော့ကျစေနိုင်သည်။ ထို့ပြင် သွေးတွင်းသကြားဓာတ်မတက်စေရန်ကာကွယ်ပေးပြီး ပုံမှန်ဖြစ်စေရန်လည်း ထိန်းညှိပေးနိုင်သည်။

သစ်ကြံပိုးခေါက်က သကြားဓာတ်စုပ်ယူမှုကို လျော့ချပေးသည်။ အချို့ရည်၊ ပေါင်မုန့်၊ သကြားလုံးများစားသုံးသည့်အခါ သွေးတွင်းသကြားဓာတ်ရုတ်တရက်မြင့်တက်ပြီး ဦးနှောက်နှင့်အာရုံကြောအဖွဲ့အစည်းကိုဖိနှိပ်သောကြောင့် လူကိုနုံးချည့်စေတတ်သည်။ အချို့ရည်နှင့် လက်ဖက်ရည်ထဲတွင် သစ်ကြံပိုးခေါက် လက်ဖက်စားဇွန်းတစ်ဝက်ခန့် ထည့်သောက်ရုံဖြင့် သကြားဓာတ်စုပ်ယူမှုကို ၂၉ ရာခိုင်နှုန်းလျော့ချပေးကာ ပင်ပန်းနွမ်းနယ်မှုကို သက်သာစေသည်။

သံလွင်ဆီ

ဟင်းလျာများချက်ပြုတ်ရာတွင် အင်တီအောက်စီးဒင့်များစွာပါဝင်သည့် သံလွင်ဆီကိုအသုံးပြုလျှင် သွေးတွင်း ကောင်းသောအဆီများစေပြီး နှလုံးနှင့် သွေးကြောရောဂါများကို ဖြစ်ပွားစေသော မကောင်း

ချင်း(ဂျင်း)

ချင်းသည် ဟင်းခတ်အမွှေးအကြိုင်တွင် ထိပ်ဆုံးကပါဝင်ပြီး နာကျင်ကိုက်ခဲမှုသက်သာစေသည်။ အိန္ဒိယပညာရှင်တို့လေ့လာမှုအရ ချင်းက ခေါင်းကိုက်ခြင်း၊ ခန္ဓာကိုယ်ကိုက်ခဲခြင်း၊ ထိခိုက်မှုကြောင့် ခါးနာခြင်း စသည့်နာကျင်ကိုက်ခဲမှုများကို သက်သာစေသည်။

တစ်နေ့လျှင် လတ်လတ်ဆတ်ဆတ်ကြိတ်ထားသော ချင်းလက်ဖက်စားဇွန်းတစ်ဇွန်း သို့မဟုတ် လိုးထားသည့်ချင်းသုံးပြားကို နေ့စဉ်ဟင်းချက်ရာတွင် ထည့်ချက်၍စားသုံးပါက နှစ်ပတ်အတွင်း ကိုက်ခဲနာကျင်မှုကို လျော့နည်းသက်သာစေသည်။

နွေး

နွေးက ဆီးချိုရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးသည်။ နွေးကို အိန္ဒိယ၊ အာရှနှင့် အမေရိကနိုင်ငံတို့၌ ဟင်းချက်ရာတွင် အသုံးပြုကြသည်။ ထိုင်းနိုင်ငံ၏သုတေသနပြုချက်အရ တစ်နေ့လျှင် နွေးမှုန့် လက်ဖက်စားဇွန်းတစ်ဇွန်းစာ စားသင့်သည်။ ဟင်းချက်သည့်ထဲပါရုံဖြင့် ဆီးချိုအမျိုးအစား(၂)ရောဂါဖြစ်ပွားမှု ၅၀ ရာခိုင်နှုန်းလျော့ချနိုင်သည်ကို တွေ့ရှိခဲ့ကြသည်။

ကြက်သွန်ဖြူ

ကြက်သွန်ဖြူကခုခံအားကောင်းစေသည်။ နေ့စဉ် ကြက်သွန်ဖြူတစ်မြှောခန့်စားရုံဖြင့် ပိုးမွှားများကူးစက်ခံရနိုင်ခြေ ထက်ဝက်ခန့်လျော့ကျစေနိုင်သည်။ ကြက်သွန်ဖြူတွင် ဆာလဖာဒြပ်ပေါင်းကွဲ ၃၃ မျိုးခန့်ပါဝင်ပြီး ခန္ဓာကိုယ်ခုခံအားကို မြှင့်တင်ပေးနိုင်သည့် သွေးဖြူဥ၏စွမ်းဆောင်ရည်အား မြှင့်တင်ပေးနိုင်သည်။ ကြက်သွန်ဖြူကို ဟင်းမချက်မီ ဖိလိုမ့်ပြီး ၁၀ မိနစ်မျှထားလျှင် ကြက်သွန်ဖြူတွင်ပါသော ဆာလဖာဒြပ်ပေါင်းက လေနှင့်ထိတွေ့ပြီး အာနိသင်ပို၍ကောင်းမွန်စေသည်။

ငရုတ်သီး

ငရုတ်သီးက ကိုယ်အလေးချိန်ကို ထိန်းပေးနိုင်သည်။ ငရုတ်သီးတွင် ကင်ဆာကိုကာကွယ်ပေးသော ဒြပ်ပေါင်းများစွာပါဝင်သည်။ သုတေသီများက တစ်နေ့လျှင် ငရုတ်သီးအမှုန့်(အစိမ်းမှုန့်)လက်ဖက်စားဇွန်းတစ်ဇွန်းထည့်ချက်စားရုံဖြင့် တစ်လအတွင်း ကိုယ်အလေးချိန် နှစ်ပေါင်လျော့ကျနိုင်သည်ကို တွေ့ရှိထားသည်။ ငရုတ်သီးစားသုံးလိုက်လျှင် ခန္ဓာကိုယ်တွင်း အဆီကိုဖြိုခွဲနိုင်သည့် ပရိတင်းခြောက်မျိုးထက်မက ထွက်ရှိသည်။

ငရုတ်ပွက ရောင်ရမ်းမှုကို လျော့နည်းစေသည်။ တစ်ပတ်လျှင် ငရုတ်ပွလေးငါးကြိမ်စားပေးရုံဖြင့် ရောင်ရမ်းမှုကို ၂၀ ရာခိုင်နှုန်းလျော့ချပေးနိုင်သည်။ ငရုတ်ပွတွင်ပါဝင်သည့် ဆပိုနင်က အစာအိမ်နှင့် အူလမ်းကြောင်းတွင် ရောင်ရမ်းမှုမဖြစ်စေရန် ကာကွယ်ပေးသည်။ ငရုတ်ပွက နာတာရှည်ရောင်ရမ်းခြင်းကို လျော့ချပေးသောကြောင့် နောက်ဆက်တွဲဖြစ်လာမည့် အရေပြားအနီစက်ထွက်ခြင်း၊ အရိုးအဆစ်ရောင်ရမ်းခြင်း၊ ဆီးချိုသွေးချိုရောဂါနှင့် အယ်လ်ဇိုင်းမားရောဂါများမဖြစ်စေရန် ကာကွယ်ပေးနိုင်သည်။

လေးညှင်းပွင့်

လေးညှင်းပွင့် တစ်ပွင့်နှစ်ပွင့်ခန့် ဖြည်းဖြည်းချင်းဝါးပေးပါက သွားကိုက်ခြင်း၊ သွားဖုံးရောင်ခြင်းကို အချိန်နှစ်နာရီအတွင်း သက်သာစေသည်။ လေးညှင်းတွင်ပါဝင်သော ယူချီနောဒြပ်ပေါင်းက ထုံစေသော အာနိသင်နှင့် ဗက်တီးရီးယားပိုးသတ်အာနိသင်ရှိသောကြောင့် သွားကိုက်ခြင်းကို သက်သာစေသည်။ လေးညှင်းပွင့်ကို အေးပြီး နေရောင်ခြည်တိုက်ရိုက်မကျသည့်နေရာတွင်ထားသင့်သည်။

ဖာလာစေ့

ဖာလာစေ့က သွေးဖိအားကိုလျော့ကျစေသည်။ အသားဟင်းချက်ပြုတ်ရာတွင် ဟင်းခေတ်အမွှေးအကြိုင်အဖြစ် အသုံးပြုကြသည်။ ဖာလာစေ့ကို ကြိုက်သူများအနေဖြင့် ကော်ဖီထဲတွင်လည်း အနံ့ထည့်ပြီး သောက်သုံးတတ်ကြသည်။

ဖာလာစေ့ကို နေ့စဉ်အစားအသောက်ထဲထည့်စားလျှင် ၁၂ ပတ်ကြာသည့်အခါ သွေးဖိအားလျော့နည်းပြီး ပုံမှန်သွေးဖိအားကို ထိန်းထားနိုင်သည်။ ဖာလာစေ့က သွေးဖိအားလျော့နည်းစေသည်။ တစ်နေ့လျှင် ဖာလာစေ့လက်ဖက်စားဇွန်းတစ်ဝက် စားသုံးရုံဖြင့် ပုံမှန်သွေးဖိအားကို ထိန်းညှိပေးနိုင်သည်။

ပူဒီနာ

ပူဒီနာသည် ကင်ဆာဆဲလ်အသစ်ဖြစ်ပေါ်မှုကိုကာကွယ်ပေးသည်။ တစ်ပတ်လျှင် တစ်ကြိမ်မျှ ပူဒီနာထည့်ပြီး ဟင်းချက်စားရုံဖြင့် ကင်ဆာဆဲလ်ဖြစ်ပေါ်မှုကိုကာကွယ်ပေးနိုင်သည်။ ပူဒီနာတွင် အင်တီအောက်စီးဒင့်များစွာပါဝင်ကာ ကင်ဆာဆဲလ်များကိုသေစေနိုင်သည်။

စမုန်စပါး

စမုန်စပါးက လေပွခြင်းကို သက်သာစေသည်။ ထမင်းစားပြီးသည့်အခါ စမုန်စပါးလက်ဖက်စားဇွန်းတစ်ဝက် သို့မဟုတ် လေးပုံတစ်ပုံစားပေးပါက အစာခြေအင်ဇိုင်းများထွက်ရှိပြီး လေပွခြင်းမဖြစ်ရန် ကာကွယ်ပေးသည်။ စမုန်စပါးကို ဟင်းချက်ရာတွင် ထည့်သွင်းအသုံးပြုကြသည်။

ပဲအမျိုးမျိုး

ပဲအမျိုးမျိုးမှ အမျှင်ဓာတ်၊ ပရိတင်း၊ သံဓာတ်နှင့် မဂ္ဂနီဆီယမ်ဓာတ်များရရှိသဖြင့် သက်လုံကောင်းစေသည်။ မြေပဲမှ ကျန်းမာရေးနှင့်သင့်တော်သော အဆီဓာတ်နှင့်ကယ်လိုရီများစွာရရှိသည်။ သစ်ကြားသီး၊ ဝက်သစ်ချသီး၊ ဗာဒံစေ့များ စားသုံးပေးပါက အမျှင်ဓာတ်အပြင် Omega-3 ပါရှိစေသဖြင့် လေပြွန်ရောင်ခြင်းကို ကာကွယ်ပေးနိုင်သည်။

နွားနို့

အဆီထုတ်ထားသောနွားနို့က ခန္ဓာကိုယ်ဖွံ့ဖြိုးကြီးထွားစေရန်နှင့် အရိုးများသန်မာစေရန် သောက်သုံးပေးသင့်သည်။ တစ်နေ့လျှင် အဆီထုတ်ထားသည့် နွားနို့တစ်ခွက်သောက်ပေးရုံဖြင့် တစ်နေ့တာလိုအပ်သော ကယ်လ်စီယမ်ပမာဏ လေးပုံတစ်ပုံရရှိနိုင်သည်။ အဆီနည်းဒိန်ချဉ်ကိုသောက်သုံးပါက အရိုးနှင့်သွားကို ခိုင်မာစေသည်။

ဟင်းလျာများအနက် စွပ်ပြုတ်တစ်ခွက်တွင် ဟင်းခတ်အမွှေးအကြိုင်များဖြစ်သည့် ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ နနွင်း၊ အသီးအရွက်၊ အသား၊ ငါး စသည့်သက်ရှည်ကျန်းမာစေသော ဟင်းခတ်အမွှေးအကြိုင်များပါဝင်သဖြင့် ကျန်းမာရေးအရ စားသုံးရန် အထူးသင့်လျော်သည်။ ထို့ပြင် အဝလွန်ခြင်း၊ ဆီးချို၊ သွေးချို၊ နှလုံးသွေးကြောရောဂါနှင့် လေဖြတ်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဒေါက်တာလွင်သန့်

ရွှေတိဂုံစေတီတော်သို့ ယခုနှစ် ၁၀ လတာကာလအတွင်း ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည် ငါးသန်းကျော် လာရောက်ဖူးမြော်

ရန်ကုန် နိုဝင်ဘာ ၈

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၁၀ လတာကာလအတွင်း ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည် ငါးသန်းကျော် လာရောက်ဖူးမြော်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။

ယင်းကာလအတွင်း ဘုရားဖူးလာရောက်မှုအနေဖြင့် သံဃာတော် ၁၀၁၄၄၃ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၅၄၂၂၀၊ အမျိုးသား ၂၆၂၇၇၂၈ ဦး၊ အမျိုးသမီး ၃၁၂၂၇၃ ဦး၊ နိုင်ငံခြားခရီးသွားဧည့်သည် ၆၄၆၀၃ ဦး စုစုပေါင်း ၅၉၇၀၂၆၇ ဦးဖြစ်သည်။

အဆိုပါ ၁၀ လတာကာလအတွင်း ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးလာရောက်မှုသည် ရုံးဖွင့်ရက်များတွင် တစ်ရက်လျှင် အနည်းဆုံးလူဦးရေ တစ်သောင်းဝန်းကျင်ရှိပြီး အစိုးရရုံးပိတ်ရက်များနှင့် နေ့ကြီးရက်ကြီးများတွင် ပို၍များသည်။ ထို့အတူ ပွင့်လင်းရာသီတွင် ဧည့်သည်လာရောက်မှုများသော်လည်း မိုးတွင်းကာလများတွင် ဘုရားဖူးလာရောက်မှု နည်းပါးကြောင်း သိရသည်။

ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်အပါအဝင် လအလိုက်ဘုရားဖူးလာရောက်မှုအနေဖြင့် ဇန်နဝါရီလတွင် ငါးသိန်းကျော်၊ ဖေဖော်ဝါရီလတွင် ရှစ်သိန်းကျော်၊ မတ်လတွင် ခြောက်သိန်းကျော်၊ ဧပြီလတွင် ရှစ်သိန်းကျော်၊ မေလတွင် ငါးသိန်းကျော်၊ ဇွန်လတွင် လေးသိန်းကျော်၊ ဇူလိုင်လတွင် ငါးသိန်းဝန်းကျင်နှင့် သြဂုတ်လတွင် လေးသိန်းကျော်၊ စက်တင်ဘာလတွင် လေးသိန်းကျော်၊ အောက်တိုဘာလတွင် ခုနစ်သိန်းကျော်ရှိသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့သည် သြဝါဒိစရိယ ဆရာတော်ကြီးများထံမှ သြဝါဒခံယူ၍ ဗုဒ္ဓပူဇော်၊ ဓမ္မပူဇော်၊ သံဃာ့ပူဇော်ဖြင့် မြန်မာ့ရိုးရာဆယ့်နှစ်လရာသီ ဗုဒ္ဓဘာသာနေ့ထူးနေ့မြတ်များအလိုက် ဘာသာရေးပွဲတော်များ ကျင်းပလျက်ရှိပြီး ရပ်နီးရပ်ဝေးမှ ဘုရားဖူးများ အဆင်ပြေစေရန် ဘုရားဖူးမြော်ချိန်ကို နံနက် ၄ နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

ဝန်းရံခ

မူဆယ်မြို့ မောက်ကွဏ်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

မူဆယ် နိုဝင်ဘာ ၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ တောင်ရပ်ကွက်ရှိ မောက်ကွဏ်လမ်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၇ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မူဆယ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းက အမှာစကားပြောကြားပြီး လမ်းအတွက် ပံ့ပိုးငွေကျပ် ၇၅ သိန်းနှင့် ဘင်ခရာအဖွဲ့အတွက် ဂုဏ်ပြုဆုငွေကျပ်ငါးသိန်းကို တာဝန်ရှိသူများက ပေးအပ်ကြသည်။

အဆိုပါလမ်းမုခ်ဦးကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနော်တောင်နှင့် ဦးMအောင်ဂျာ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်း၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



အဆိုပါလမ်းကို မြို့နယ်စည်ပင်သာယာရေးဌာန ခွင့်ပြုငွေကျပ် ၁၄၅၁၃၉၀၀၀ နှင့် ရပ်ကွက်နေပြည်သူများ ထည့်ဝင်ငွေကျပ် ၉၆၀၄၀၀၀၀ စုစုပေါင်းငွေကျပ် ၂၄၁၁၇၉၀၀၀ ဖြင့် ဆောင်ရွက်သည့် ကွန်ကရစ်လမ်းဖြစ်ပြီး လမ်းအရှည်ပေ ၁၀၈၀ နှင့် အကျယ် ၂၅ ပေဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကျောင်းသား၊ ကျောင်းသူများ ကာယ၊ ဉာဏ်စွမ်းရည်ဖွံ့ဖြိုးစေရန် ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ

ပွင့်ဖြူ နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလူထုအခြေပြုဗဟိုဌာန၌ နိုဝင်ဘာလ ၇ ရက်က ကျောင်းသား၊ ကျောင်းသူများ ကာယ၊ ဉာဏ်စွမ်းရည်ဖွံ့ဖြိုးစေရန် ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပသည်။

ရွေးဦးစွာ ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာအောင်က ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရည်ရွယ်ချက်အကျဉ်းချုပ်ကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆေးရောင်ခြယ်ပြိုင်ပွဲကို ကျင်းပရာ ပွင့်ဖြူမြို့အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းမှ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အယ်လ်နီညိုအပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို လေ့လာဖတ်ရှုကြကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

တောင်သူများအား ဆောင်းသီးနှံ မတ်ပဲ၊ အစေ့ထုတ်ပြောင်းနှင့် နေကြာမျိုးစေ့များပေးအပ်



ထားဝယ် နိုဝင်ဘာ ၈

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်း မြို့နယ်များရှိ အကျိုးဆောင်တောင်သူများအား ဆောင်းသီးနှံ မတ်ပဲ၊ အစေ့ထုတ်ပြောင်းနှင့် နေကြာမျိုးစေ့များ ပေးအပ်ပွဲကို နိုဝင်ဘာလ ၈ ရက်တွင် ထားဝယ်မြို့ရှိ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းညွှန့်က မိုးစပါး၊ နွေစပါးနှင့် ဆောင်းသီးနှံများဖြစ်သော ပဲမျိုးစုံ၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပြောင်းဖူး၊ ဂရုတ်၊ ဟင်းသီးဟင်းရွက်စသည့်သီးနှံများကို စိုက်ပျိုးလျက်ရှိပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသဝမ်းစာဖူလုံရေးနှင့် တောင်သူများ ဝင်ငွေတိုးတက်ကောင်းမွန်စေရေးတို့အတွက် ဘက်ပေါင်းစုံမှ အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များကို အခြေပြုသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် မိမိဒေသ၊ ရေမြေ၊ ရာသီဥတုနှင့် ကိုက်ညီသောသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးစားဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နီနီရိုက ဆောင်းသီးနှံ မျိုးစေ့ပေးအပ်ပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ အစိုဓာတ်ရှိသော လယ်မြေများတွင် မိုးစပါးအပြီး သီးနှံစိုက်စွမ်းအားမြင့်မားလာစေရန် ဆောင်းသီးနှံကို တစ်ဧကအထွက်နှုန်း ကောင်းသောမျိုးကောင်းမျိုးသန့်များဖြင့် စိုက်ပျိုးနိုင်စေရန်ဖြစ်ကြောင်း၊ ရာသီအလိုက် သီးနှံစိုက်ပျိုးမှု လျော့နည်းကျဆင်းမှုမရှိစေရန်နှင့် ပန်းတိုင်အထွက်နှုန်းရရှိရန် လိုအပ်ကြောင်း ပြောကြားပြီး တာဝန်ရှိသူများက ခရိုင်အတွင်း မြို့နယ်များရှိ အကျိုးဆောင်တောင်သူများအား ဆောင်းသီးနှံ မတ်ပဲ၊ အစေ့ထုတ်ပြောင်းနှင့် နေကြာမျိုးစေ့များ ပေးအပ်ကြကြောင်း သိရသည်။

ဒွေဇင်ယော်(ထားဝယ်)

မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြခြင်းဆောင်ရွက်

မြောင်းမြ နိုဝင်ဘာ ၈

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြမြို့၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မီးလောင်မှုနှင့် မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြခြင်းနှင့် ဟောပြောခြင်းများကို မုဆိုးကွင်းကျေးရွာအုပ်စု၌ နိုဝင်ဘာလ ၈ ရက်တွင်ဆောင်ရွက်သည်။

အဆိုပါ မီးဘေးလုံခြုံရေး သရုပ်ပြခြင်းနှင့် ဟောပြောခြင်းဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းသူက ကျေးရွာပြည်သူများအား မီးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မီးလောင်မှုဖြစ်ပွားပါက အမြန်ဆုံးမီးငြိမ်းသတ်နိုင်ရေးတို့နှင့်ပတ်သက်၍ သိရှိနိုင်စေရန် အသိပညာပေးဟောပြောသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် သရုပ်ပြခြင်းများဆောင်ရွက်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ကောင်းမှုဂုဏ်ရှိန် ဘုံကထိန်

❖ လှူကထိန် မြတ်သင်္ကန်းနဲ့
မဂ္ဂင်လမ်း မှန်းရွယ်ကာ။
လတန်ဆောင် နေ့အထူးမှာ
ရည်စူးလို့သာ။
အပါယ်တံခါး ပိတ်ပစ်ရာ
စိတ်နှစ်ကာ လှူဒါန်း။
ကျောင်းတော်မှာ ဗြောသံဆက်လို့
ထက် ဝလာလွှမ်း။

❖ တစ်နှစ်မှာ တစ်လတည်း
ဆင်နွှဲကြ ဘုံကထိန်။
တစ်လမှာ တစ်ရက်အတွင်း
ကျင်းပအချိန်။
ထူးမြတ်တဲ့ ဂုဏ်အရှိန်
ဘုံကထိန် သည်ပွဲ။
ညီ့စည်စွာ
တို့ပြည်မှာ ဘဝင်စိမ့်အောင်ပ
ခြိမ့်ခြိမ့်သဲသဲ။

❖ ဘုံကထိန် ကောင်းမှု
ပေါင်းစုလို့ အတူတူ။
စေတနာ သဒ္ဓါဖိတ်
စိတ်ထားဖြူဖြူ။
အကျိုးက တစ်မူ
သူမတူ ရမည်ပဲ့။
ငါးဂုဏ်အင် သည်အကျိုး
ဆတိုးကာရ။

❖ ဂုဏ်အရှိန် ပေါင်းစု
ကောင်းမှုတို့ ဝေဝေဆာ။
ကထိန်လျာ မြတ်သင်္ကန်း
လှူဒါန်းလို့သာ။
အကျိုးက ငါးဖြာအမှန်
အလှူခံ ပုဂ္ဂိုလ်မှာ
ရမည်သာ မလွဲ။
ဂုဏ်အရှိန် ပေါင်းစုပါတဲ့
ဘုံကထိန် ကောင်းမှုရဖို့
ပေါင်းစုဆင်နွှဲ။ ။

မောင်ခ(ပညာရေး)

MWD Variety Channel ၉-၁၁-၂၀၂၆(တနလာနေ့)

၁။ ၁၀:၅၀ Countries of the World
၂။ ၁၂:၄၅ သတိမမူ ဂူမမြင်
၃။ ၁၆:၄၀ စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ
၄။ ၁၇:၅၀ ပရိသတ်အတွက် ကဗျာလက်ဆောင်

ထားဝယ်မြို့ ဇေယျဝတီပရိယတ္တိစာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တအရိန္ဒမ မဟာထေရ်မြတ်ကြီး၏ သရီရဓာတုပဝါဟနပူဇာ ဓာတ်ပြာတော် ရေမျှောပူဇော်



ထားဝယ် နိဝင်ဘာ ၈

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့ ဇေယျဝတီပရိယတ္တိ စာသင်တိုက် ပဓာနနာယက သက်တော်(၁၀၆) နှစ် သိက္ခာတော် (၈၆) ဝါရှိ ဘဒ္ဒန္တအရိန္ဒမ မဟာထေရ်မြတ်ကြီး၏ သရီရဓာတုပဝါဟနပူဇာ ဓာတ်ပြာတော် ရေမျှောပူဇော်ပွဲကို နိဝင်ဘာလ ၈ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ဇေယျဝတီပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော်၊ သံဃာတော်များနှင့် တာဝန်ရှိသူများက မဟာထေရ်မြတ်ကြီး၏ ဓာတ်ပြာတော်များကို စနစ်တကျ ပူဇော်ကောက်ယူကြပြီး ဘုန်းကြီးပျံကုန်းရှိ ကလပ်ပေါ်တွင် ပူဇော်ခံထားရှိသည်။

ထို့နောက် ကလပ်တော်ပေါ်မှ ဓာတ်ပြာတော်များကို ဇေယျဝတီပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော်က ဦးဆောင်ပင့်ဆောင်ပြီး တနင်္သာရီတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးနှင့် တာဝန်ရှိသူများက လက်ဆင့်ကမ်းပင့်ဆောင်ကာ လှည့်လည် ပူဇော်မည့် မင်္ဂလာယာဉ်ပေါ်သို့ တင်ဆောင်ကြသည်။

ယင်းနောက် ဆရာတော်ကြီး၏ အရိုးဓာတ်ပြာတော်အိုးကို မော်တော်ယာဉ်များဖြင့် ပင့်ဆောင်ပူဇော်ကြပြီး သမ္မန်လှေငယ်ဖြင့် ထားဝယ်မြစ်လယ်အထိ ပင့်ဆောင်ပူဇော်ခံကာ ထားဝယ်မြစ်တွင်းသို့ ရေမျှောပူဇော်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

လမင်းစီမံချက်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကုဒ်များထုတ်ပေး



ဘီးလင်း နိဝင်ဘာ ၈

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုက္ကလိကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲမှ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကုဒ်များထုတ်ပေးခြင်း လုပ်ငန်းကို နိဝင်ဘာလ ၈ ရက်တွင် မြို့နယ်ဦးစီးမှူးရုံး၌ ဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းကို ဘီးလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးစိုးညွှန့်ဦး ဦးဆောင်၍ ဝန်ထမ်းငါးဦးတို့က ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကုဒ်များထုတ်ပေးနိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကုဒ်များရရှိပြီး နိုင်ငံသားဆိုင်ရာ အချက်အလက်များ စနစ်တကျ မှတ်ပုံတင်နိုင်ရေးတို့ကို အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

(၄၀၆)

ထီးချသစ်သားတံတား ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေ ကြည့်ရှုစစ်ဆေး

ပဲခူး နိဝင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သည့် ထီးချသစ်သားတံတား ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို နိဝင်ဘာလ ၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ)ဦးရဲခေါင်ထွန်း၊ ညွှန်ကြားရေးမှူး(စီမံ)ဦးသန်းထိုက်ဇော်နှင့် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမိုးဝင်းတို့အဖွဲ့က ကွင်းဆင်းစစ်ဆေးရာတာဝန်ရှိသူများက တံတားဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါတံတားကို ပဲခူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ခဲ့ပြီး တံတားပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ခြင်းကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် လမ်းပန်းဆက်သွယ်ရေးအတွက်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။

ထို့ပြင် ပဲခူးမြို့နယ်အတွင်း ကျေးရွာများရှိ လယ်ယာမြေများမှ ထွက်ရှိသော စိုက်ပျိုးရေးထုတ်ကုန် ပစ္စည်းများကိုလည်း ကုန်ကျစရိတ် သက်သာ၍လွယ်ကူစွာ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၄၁၀)

မိတ္ထီလာမြို့နယ်၌ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

မိတ္ထီလာ နိဝင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မုန်တောကျေးရွာ၌ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိဝင်ဘာလ ၇ ရက်က ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထိုက်က အယ်လ်နီညိုရာသီဥတုကြောင့် မိုးရွာသွန်းမှုမှုန်းခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေကိုကြိုတင်စုဆောင်းထားရှိရန်၊ လေလွင့်မှုမရှိအောင် စနစ်တကျသုံးစွဲကြရန်နှင့် အယ်လ်နီညိုအပူဒဏ် ကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများက ဒေသခံပြည်သူများအား အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

(၆၀၂)

သဲကုန်းမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ စာကြည့်တိုက်ဆိုင်ရာလှုပ်ရှားမှုဆောင်ရွက်

သဲကုန်း နိဝင်ဘာ ၈

ပြည်သူလူထုနှင့် ကျောင်းသား၊ ကျောင်းသူများ ပုံမှန်စာပေဖတ်ရှုသည့် အလေ့အကျင့်ရရှိစေရန်၊ သုတ/ရသစာအုပ်စာစောင်များဖတ်ရှုပြီး စိတ်ခွန်အားနှင့်ပျော်ရွှင်မှုရရှိစေရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သဲကုန်းမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ နိဝင်ဘာလ ၈ ရက်တွင် စာကြည့်တိုက်ဆိုင်ရာလှုပ်ရှားမှုများ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကျွမ်းကျင်(၃)ရုပ်သံ ဒေါ်နော်မျိုးမျိုးဆွေက ကလေးတိုင်းစာဖတ်သူဖြစ်စေရမည်အစီအစဉ်ဖြင့် ယခုကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး အငယ်တန်းစာရေး ဒေါ်ခိုင်ပြည့်စုံဝင်းက Mini Museum တွင် ခင်းကျင်းပြသထားသောပစ္စည်းများ၏ အသုံးဝင်ပုံ၊ အသုံးပြုပုံများ၊ စာငှား၊ စာဖတ်ဝန်ဆောင်မှုလုပ်ငန်းများအား အသေးစိတ်ရှင်းလင်းပြောကြားသည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူ့စာကြည့်တိုက်အနေဖြင့် သုတ၊ ရသစာအုပ်စာစောင်မျိုးစုံကို အခမဲ့ငှားရမ်းပေးလျက်ရှိကြောင်း၊ ကလေးစာဖတ်ခန်းဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သော စက္ကူပြဇာတ်ဖြင့်ပုံပြောခြင်း၊ ကျောင်းသား၊ ကျောင်းသူများအား ပြည်သူ့စာကြည့်တိုက်တွင် ငှားရမ်းဖတ်ရှုနိုင်သော စာအုပ်စာစောင်များ ငှားရမ်းဖတ်ရှုစေခြင်း၊ ပုံပြောပြိုင်ပွဲများ ကျင်းပပေးခြင်းတို့ဆောင်ရွက်ပေးကြောင်း သိရသည်။

ကိုကျော်(သဲကုန်း)

ဇီးကုန်းမြို့နယ်၌ ကျေးရွာရေရရှိရေးလုပ်ငန်းများဆောင်ရွက်

ဇီးကုန်း နိဝင်ဘာ ၈



ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုငွေဖြင့် သစ်ဖြူကွင်းကျေးရွာ၌ ကျေးရွာရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက နိဝင်ဘာလ ၈ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဌေးလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ သစ်ဖြူကွင်းကျေးရွာ၌ တွင်းနက်တူးဖော်ခြင်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီးနောက် ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ပေးမည့် အခြေအနေများကိုပြောကြားသည်။

ဇီးကုန်းမြို့နယ် သစ်ဖြူကွင်းကျေးရွာ၌ တွင်းနက်တူးဖော်ခြင်း၊ Steel Structure စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၈၇ ဒသမ ၇၅၈ သန်း အသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဖြ၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ အဆိုပါလုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက သစ်ဖြူကွင်းကျေးရွာရှိကျေးရွာသူ၊ကျေးရွာသားများ သန့်ရှင်းသောသောက်သုံးရေကို ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

ကိုညီ(ကျေးလက်)

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကာလဝယ် ကျန်းမာအောင်နေကြမယ်

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ် ကာလဝယ် ကျန်းမာအောင်နေကြမယ်

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း အယ်လ်နီညို၏ သက်ရောက်မှုများကြောင့်-

- အပူဒဏ်လွန်ကဲခြင်း၊
- မိုးခေါင်ရေရှားခြင်း၊
- တောမီးလောင်ခြင်း၊
- ရေကြီးရေလျှံခြင်း နှင့်
- ဖျက်အားပြင်းမုန်တိုင်းဖြစ်ပေါ်ခြင်း စသည့်

ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေသည့် အစွန်းရောက် မိုးလေဝသ အခြေအနေများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ဖြစ်စုထုတ်ဝေသည်။ (အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ်)

အပူဒဏ်လွန်ကဲခြင်း

အပူဒဏ်လွန်ကဲခြင်းကြောင့်-

- ရေဓာတ်ခန်းခြောက်ခြင်း၊
- ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)၊
- သတိလစ်ခြင်း (Heat Stroke) တို့ဖြစ်ပွားနိုင်ပါသည်။





အပူဒဏ်မှကာကွယ်ရန် -

⇒ ရေများများသောက်ပါ။

⇒ နေလယ်နေခင်းအချိန်များ၌ အရိပ်ရ၍ အေးမြသော နေရာများတွင်နားနေပါ။

⇒ နေပူထဲသို့သွားလျှင် ထီး၊ ဦးထုပ်စသည့် အကာအကွယ်များ ယူဆောင်ပါ။



၂

မိုးခေါင်ရေရှားခြင်း

မိုးခေါင်ရေရှားမှုကြောင့်-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ စသည့် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများဖြစ်ခြင်း၊
- အစာအဆိပ်သင့်ခြင်း၊
- မျက်စိနှင့် အရေပြား/ ရောဂါများ ဖြစ်ခြင်း၊
- အာဟာရချို့တဲ့ခြင်းတို့ ဖြစ်နိုင်ပါသည်။



ကူးစက်ရောဂါများမှ ကာကွယ်ရန်-

⇒ အိမ်သာတက်ပြီးတိုင်း၊

⇒ အစားအစာ မပြင်ဆင်မီ၊

⇒ အစာ မစားမီနှင့် အစာ စားပြီးတိုင်း၊

⇒ အညစ်အကြေးများ ကိုင်တွယ်ပြီးချိန်တိုင်းတွင် ဆပ်ပြာနှင့်ရေကိုသုံး၍လက်ကိုစနစ်တကျ ဆေးကြောပါ။



၃

တောမီးလောင်ခြင်း

ပူပြင်းခြောက်သွေ့ခြင်းနှင့် တောမီးလောင်ခြင်းကြောင့်-

- ဖုန်မှုန့်များနှင့် မီးခိုးငွေ့များပြားလာ၍ ပန်းနာရင်ကျပ်ခြင်း၊ ဓာတ်မတည့်ခြင်းနှင့်
- အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းတို့ ဖြစ်နိုင်ပါသည်။



ဖုန်မှုန့်နှင့် မီးခိုးငွေ့များမှ ကာကွယ်ရန်-

⇒ နှာခေါင်းစည်း တပ်ဆင်ခြင်း၊

⇒ အိမ်တွင်းလေထုသန့်ရှင်းစေရန်ထိန်းသိမ်းခြင်း နှင့်

⇒ ရေများများသောက်ခြင်းဖြင့်

အသက်ရှူလမ်းကြောင်း ထိခိုက်မှုကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။



၄

ရေကြီးရေလျှံခြင်း

ရေကြီးရေလျှံမှုကြောင့် ကူးစက်တတ်သောရောဂါများ-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ
- အစာအဆိပ်သင့်ခြင်း၊ တိုက်ဖွိုက်ရောဂါ၊
- အသည်းရောင်အသားဝါရောဂါ အေနှင့်အီးရောဂါများ ၊
- လက်ပတိုစပိုင်ရိုးစစ် အသည်းရောင်အသားဝါရောဂါ စသည်တို့ ဖြစ်ပွားနိုင်ပါသည်။





ရေကြီးရေလျှံဖြစ်ချိန်နှင့် ရေရှားပါးချိန်တွင်-

⇒ သောက်သုံးရေကို ဆူပွက်သည်အထိ ကျိုချက်ပြီးမှ သောက်ပါ သို့မဟုတ် ကလိုရင်းဆေးခတ်ပါ သို့မဟုတ် ရေသန့်စင် ဆေးပြား အသုံးပြုပါ၊

⇒ သောက်သုံးရေပြတ်လပ်မှုမရှိစေရန်ရေကိုစနစ်တကျ သိုလှောင်သိမ်းဆည်းထားပါ၊

⇒ အစားအစာများကို ယင်မနားစေရန် ဖုံးအုပ်ထားပါ၊

⇒ အစားအစာများကို ပူပူနွေးနွေး စားသုံးပါ။

၅

ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ

သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ပိုမိုဖြစ်ပွားနိုင်ပါသည်။



⇒ ခြင်ပေါက်ပွားနိုင်သော ရေဝပ်နိုင်သည့်နေရာများကို ဖယ်ရှားပါ၊

⇒ ရေစည်၊ ရေအိုးများကို အဖုံးလုံအောင်ဖုံးထားပါ၊

⇒ ခြင်ကိုက်မခံရစေရန် ဆေးစိမ်ခြင်ထောင် သို့မဟုတ် ခြင်ထောင်ဖြင့် အိပ်ပါ။



၆

မြို့ပြလေထုညစ်ညမ်းမှု - မမြင်ရသော မြို့ပြပြဿနာ

ဝေဖြိုးအောင်

၂၁ ရာစုတွင် ကမ္ဘာတစ်ဝန်း မြို့ပြခွဲထွင်လာမှုနှင့်အတူ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုများ များပြားလာခြင်းနှင့် စွမ်းအင်လိုအပ်ချက်များ အဟုန်မပြတ်မြင့်တက်လာခဲ့သည်။ မြို့ပြများ၏ လျင်မြန်သော တိုးတက်မှုသည် လူနေမှုအဆင့်အတန်းကို မြင့်မားစေသော်လည်း ဤတိုးတက်မှုများ၏နောက်ကွယ်တွင် လူသားတို့၏ ကျန်းမာရေး၊ လူမှုစီးပွားဘဝနှင့် သဘာဝဂေဟစနစ်ကို ကြီးမားစွာ ခြိမ်းခြောက်နေသည့် မမြင်နိုင်သော ရန်သူတစ်ဦး ကိန်းအောင်းလျက်ရှိသည်။ ထိုရန်သူမှာ အခြားမဟုတ်ဘဲ **"မြို့ပြလေထုညစ်ညမ်းမှု"**ပင်ဖြစ်သည်။ လေထုညစ်ညမ်းမှုသည် မျက်စိဖြင့်တိုက်ရိုက်မမြင်နိုင်သော်လည်း လူ့ခန္ဓာကိုယ်အတွင်းသို့ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် နေ့စဉ်နှင့်အမျှ တိုးဝင်စိမ့်ဝင်နေသည့် ရောဂါဘယအရင်းအမြစ်တစ်ခုဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ စာရင်းဇယားများအရ ကမ္ဘာ့လူဦးရေ၏ ၉၉ ရာခိုင်နှုန်းခန့်သည် WHO မှ သတ်မှတ်ထားသော လေထုအရည်အသွေး စံချိန်စံညွှန်းများထက်လျော့ကျနေပြီး ဘေးအန္တရာယ်ရှိသော လေထုထဲတွင် အသက်ရှူနေကြရသည်။ မြို့ပြများတွင် လေထုညစ်ညမ်းမှုသည် ပိုမိုဆိုးရွားပြီး တစ်နှစ်လျှင် လူပေါင်းမီလီယံနှင့်ချီ၍ အချိန်မတိုင်မီ သေဆုံးနေကြရသည်။ ထို့ကြောင့် ဤပြဿနာကို မျက်ကွယ်ပြုထား၍ မရနိုင်ဘဲ ခေတ်မီနည်းပညာများ၊ ဆန်းသစ်သောမူဝါဒများဖြင့် အားလုံးဝိုင်းဝန်းအဖြေရှာရမည့်အချိန်သို့ ရောက်ရှိနေပြီဖြစ်သည်။

မြို့ပြလေထုညစ်ညမ်းရခြင်း၏ ပင်မအကြောင်းရင်းများ

မြို့ပြဧရိယာများတွင် လေထုအရည်အသွေးကျဆင်းရခြင်းသည် သဘာဝအကြောင်းတရားများထက် လူသားတို့၏ ဆောင်ရွက်ချက်များ၊ စက်မှုထွန်းကားလာမှုများနှင့် ပိုမိုသက်ဆိုင်နေသည်။ အဓိကအကြောင်းရင်းများကို အောက်ပါအတိုင်းခွဲခြားလေ့လာနိုင်သည်။

မြို့ပြများတွင် မော်တော်ယာဉ်အစီးရေတစ်နှစ်ထက်တစ်နှစ် တိုးတက်လာခြင်းသည် လေထုညစ်ညမ်းမှု၏ အဓိကတရားခံဖြစ်သည်။ အထူးသဖြင့် ဒီဇယ်အင်ဂျင်သုံး မော်တော်ယာဉ်များ၊ သက်တမ်းရင့်ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ထိန်းသိမ်းမှုအားနည်းသော မော်တော်ယာဉ်များမှ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် (NO_2)၊ ဆာလဖာဒိုင်အောက်ဆိုက် (SO_2)၊ ကာဗွန်မိုနောက်ဆိုက် (CO_3)၊ ဟိုက်ဒရိကာဗွန်များ (HC) နှင့် အနုစိတ်အမှုန်အမွှားများကို လေထုအတွင်းသို့ တိုက်ရိုက်ထုတ်လွှတ်လျက်ရှိသည်။ ယာဉ်ကြောပိတ်ဆို့မှုကြုံတွေ့ရချိန်များတွင် အင်ဂျင်လည်ပတ်မှုမှ ထွက်ပေါ်လာသော အခိုးအငွေ့များသည် မြို့ပြလေထုကို ပိုမိုဆိုးရွားစွာ ညစ်ညမ်းစေသည်။

မြို့ပြနှင့်မြို့ပြစွန်နယ်မြေများတွင် တည်ရှိသော စက်ရုံ၊ အလုပ်ရုံများ၊ ကျောက်မီးသွေးနှင့် ရေနံစိမ်းသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှထွက်ရှိသော ဆာလဖာဒိုင်အောက်ဆိုက် (SO_2)၊ အဆိပ်အတောက်ဖြစ်စေသော ဓာတုပစ္စည်းများနှင့် ပြာမှုန်များသည် လေထုကိုဆိုးရွားစွာ ပစ်မှတ်ထားညစ်ညမ်းစေသည်။ သို့ရာတွင် ယနေ့ခေတ်ကာလ၌ စက်ရုံ၊ အလုပ်ရုံများသည် မိရိုးဖလာလောင်စာများအစား နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်များကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို ပြောင်းလဲအသုံးပြုလာကြခြင်းသည် လေထုညစ်ညမ်းမှုကိုတားဆီးရန်အတွက် များစွာအထောက်အကူပြုလျက်ရှိသည်။

စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မလိုလားအပ်သောပလတ်စတစ်များနှင့် စွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းမရှိဘဲ ပွင့်လင်းလောင်ကျွမ်းခြင်း ပြုလုပ်ခြင်းသည် လေထုအတွင်းသို့ ဒိုင်အောက်စင်(Dioxins)၊ ဖျူရန်(Furans) နှင့် အခြားသောကင်ဆာဖြစ်စေနိုင်သည့် ဓာတုဓာတ်ငွေ့များကို အမြောက်အမြား ထုတ်လွှတ်ပေးသည်။

မြို့ပြခွဲထွင်ရေးနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းခွင်များမှ ထွက်ရှိလာသော ဖုန်မှုန့်များ၊ ကွန်ကရစ်မှုန့်များ၊ ကတ္တရာမှုန်များသည် လေထုအတွင်း အမြောက်အမြား ပျံ့လွင့်လျက်ရှိသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်များမှ ထွက်ရှိလာသော အဆိပ်အမှုန်များသည် လေပြင်းတိုက်ခတ်ချိန်များတွင် မြို့ပြတစ်ခုလုံးသို့ လျင်မြန်စွာ ပျံ့နှံ့သွားနိုင်သည်။

လေထုညစ်ညမ်းစေသော အဓိက ဓာတုဗြပ်ပေါင်းများနှင့် အမှုန်အမွှားများ

မြို့ပြလေထုအတွင်း စိစစ်တွေ့ရှိရသော အဆိပ်အတောက်ဖြစ်စေသည့် ဒြပ်ပေါင်းများကို အမျိုးအစားခွဲခြားလေ့လာခြင်းသည် တားဆီးကာကွယ်ရေးမူဝါဒများ ချမှတ်ရာတွင် အလွန်အရေးပါသည်။ ဆေးပညာဆိုင်ရာသုတေသနများအရ အဆိပ်အမှုန်အမွှားများသည် လူ့ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်နိုင်စွမ်းကွာခြားမှုရှိကြသည်။ အဆိပ်ပါအမှုန်အမွှားများမှာ အောက်ပါအတိုင်းဖြစ်သည်။

$PM_{2.5}$ သည် အချင်း ၂.၅ မိုက်ခရိုမီတာ သို့မဟုတ် ထိုထက်သေးငယ်သော အနုစိတ် အမှုန်အမွှားများဖြစ်သည်။ လူတစ်ယောက်၏ ဆံပင်တစ်မျှင်ထက် အဆ ၃၀ ခန့် ပိုမိုသေးငယ်သည်။ ၎င်းတို့သည်သေးငယ်လွန်းသဖြင့် အသက်ရှူလမ်းကြောင်း၏ ခုခံအားစနစ်ကို ကျော်လွှန်ကာ အဆုတ်၏လေအိတ်ငယ်များအထိ နက်ရှိုင်းစွာစိမ့်ဝင်နိုင်ပြီး ထိုမှတစ်ဆင့် သွေးကြောထဲသို့ တိုက်ရိုက်စိမ့်ဝင်ပျံ့နှံ့နိုင်သည်။ ယင်းသည် လက်တွေ့ဆေးပညာသုတေသနများတွင် အလွန်အန္တရာယ်ကြီးမားကြောင်း အတည်ပြုထားသောအမှုန်အမွှားဖြစ်သည်။

PM_{10} သည် အချင်း ၁၀ မိုက်ခရိုမီတာအောက် သေးငယ်သောအမှုန်အမွှားများဖြစ်ပြီး ဖုန်မှုန့်၊ မှိုအမှုန်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းများမှ ထွက်ရှိသော ပြာမှုန်များပါဝင်သည်။ ၎င်းတို့သည်နှာခေါင်းနှင့်လည်ချောင်းတို့တွင် ကပ်ကျန်ခဲ့ပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ဖြစ်ပွားစေသည်။

စက်ရုံများနှင့် မော်တော်ယာဉ်များမှ ထွက်ရှိသော NO_2 နှင့် SO_2 သည် အသက်ရှူလမ်းကြောင်းကို ရောင်ရမ်းစေရုံမက လေထုအတွင်းရှိအစိုဓာတ်နှင့်ဓာတ်ပြုကာ အက်စစ်မိုးကို ဖြစ်ပေါ်စေပြီး သဘာဝပတ်ဝန်းကျင်၊ စိုက်ပျိုးရေးသီးနှံများနှင့် သမိုင်းဝင်အဆောက်အအုံများကို ပျက်စီးစေနိုင်သည်။

အိုဇုန်းဓာတ်ငွေ့သည် လေထုအထက်ပိုင်းတွင် ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးသော်လည်း မြေပြင်အနီးတွင် နေရောင်ခြည်၊ မော်တော်ယာဉ်ထွက် ဓာတ်ငွေ့များနှင့် စက်ရုံထွက် ဓာတုဓာတ်ငွေ့များ ဓာတ်ပြုရာမှဖြစ်ပေါ်လာပါက အလွန်အဆိပ်အတောက်ဖြစ်စေသော လေထုညစ်ညမ်းပစ္စည်းဖြစ်လာသည်။ ၎င်းသည် ရင်ကျပ်ရောဂါသည်များအတွက် များစွာအန္တရာယ်ရှိသည်။

ပြည်သူ့ကျန်းမာရေးဆိုင်ရာရိုက်ခတ်မှုများ

လေထုညစ်ညမ်းမှုသည် လူ့ခန္ဓာကိုယ်အင်္ဂါရုပ်အသီးသီးကို ထိခိုက်စေသည့် ဘက်စုံရောဂါ ဖြစ်ပွားစေသော အကြောင်းရင်းဖြစ်သည်။ ပြည်သူ့ကျန်းမာရေးရှုထောင့်နှင့်ဆေးပညာဆိုင်ရာလေ့လာတွေ့ရှိချက်များအရ အောက်ပါထိခိုက်မှုများကိုတွေ့ရှိရသည်။

$PM_{2.5}$ နှင့် အဆိပ်ဓာတ်ငွေ့များကို အချိန်ကြာမြင့်စွာ ရှူရှိုက်ရခြင်းကြောင့် နာတာရှည်အဆုတ်ရောင်ရောဂါ (COPD)၊ ပန်းနာရင်ကျပ်ရောဂါ၊ အဆုတ်နှမိုးနီးယားနှင့် အဆုတ်ကင်ဆာဖြစ်ပွားနိုင်ခြေ သိသိသာသာမြင့်တက်လာသည်။ ကျန်းမာရေးသုတေသနကျာနယ်များ၏ ဖော်ပြချက်အရ လေထုညစ်ညမ်းသောမြို့များတွင်နေထိုင်သူများသည် အဆုတ်စွမ်းဆောင်ရည် ကျဆင်းမှု ပိုမိုမြန်ဆန်ကြောင်းတွေ့ရှိရသည်။

သွေးကြောအတွင်းသို့စိမ့်ဝင်သွားသော အနုစိတ်အမှုန်အမွှားများသည် သွေးကြောနံရံများကို ရောင်ရမ်းစေပြီး သွေးကြောကျဉ်းခြင်း၊ သွေးခဲခြင်း၊ သွေးတိုးခြင်းတို့ကို ဖြစ်ပေါ်စေသည်။ အဆိုပါ သွေးတိုးရောဂါကြောင့် ဦးနှောက်သွေးကြောကျဉ်းခြင်း၊ ပေါက်ခြင်းနှင့် ရုတ်တရက် နှလုံးရပ်တန့်ခြင်းကဲ့သို့သော အသက်အန္တရာယ်ရှိသည့်အခြေအနေများကိုပါဖြစ်ပေါ်စေနိုင်သည်။





ယနေ့ခေတ်တွင် ပြည်သူများစွာသည် မိမိတို့၏ ကျန်းမာရေးအတွက်ပြေးခြင်း၊ စက်ဘီးစီးခြင်း အစရှိသော ပြင်ပကိုယ်လက်လှုပ်ရှားမှုများကို စမတ်နာရီများ၊ ကျန်းမာရေးမှတ်တမ်း အက်ပလီကေးရှင်းများဖြင့်တိုင်းတာကာ လေ့ကျင့်လာကြသည်။ သို့သော်လေထုညစ်ညမ်းမှုမြင့်မားချိန်တွင် လေ့ကျင့်ခန်းလုပ်ခြင်းသည် အဆုတ်အတွင်းသို့ အဆိပ်အတောက်များ ပိုမိုဝင်ရောက်စေနိုင်သဖြင့် နေ့စဉ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များကိုပါ များစွာအဟန့်အတားဖြစ်စေသည်။

ကိုယ်ဝန်ဆောင်မိခင်များ လေထုညစ်ညမ်းမှုခံစားရပါက ကလေးအလေးချိန်မပြည့်ဘဲ မွေးဖွားခြင်း၊ လမစေ့ဘဲမွေးဖွားခြင်းနှင့် ကလေးသူငယ်များ၏ ဦးနှောက်ဖွံ့ဖြိုးမှုကျဆင်းခြင်း၊ အသိဉာဏ်ဆိုင်ရာ စွမ်းရည်ကျဆင်းခြင်းတို့ကိုဖြစ်ပေါ်စေသည်။

သက်ကြီးရွယ်အိုများတွင်မူလရှိပြီးသား နာတာရှည်ရောဂါများကို ပိုမိုဆိုးရွားစေပြီး ကိုယ်ခံအားစနစ်ကိုကျဆင်းစေသဖြင့် အသက်အန္တရာယ်အထိ စိုးရိမ်ရသည့်အခြေအနေသို့ လွယ်ကူစွာရောက်ရှိစေသည်။

စီးပွားရေးနှင့် လူမှုဘဝအပေါ် ထိခိုက်ဆုံးရှုံးမှုများ

မြို့ပြလေထုညစ်ညမ်းမှုသည် ကျန်းမာရေးတစ်ခုတည်းကိုသာ ထိခိုက်စေသည်မဟုတ်ဘဲ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးယန္တရားနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုကိုပါကြီးမားစွာထိခိုက်စေသည်။

လေထုညစ်ညမ်းမှုကြောင့်ဖြစ်ပွားသော ရောဂါများကိုကုသရန် မိသားစုများ၏ ဆေးဝါးကုန်ကျစရိတ်မြင့်တက်လာပြီး နိုင်ငံတော်၏ကျန်းမာရေးဘတ်ဂျက်အသုံးစရိတ်ကို အလွန်အမင်းဝန်ပိစေသည်။ ယင်းငွေကြေးများကို အခြားသောပညာရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍများတွင် သုံးစွဲနိုင်မည့်အခွင့်အရေးများဆုံးရှုံးရသည်။

လုပ်သားများမကြာခဏဖျားနာခြင်း၊ အလုပ်ပျက်ကွက်ခြင်းနှင့် ကျန်းမာရေးမကောင်းခြင်းတို့ကြောင့် စက်ရုံ၊ အလုပ်ရုံနှင့် ရုံးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုစွမ်းအားကျဆင်းသွားရသည်။

လေထုညစ်ညမ်းမှု ဆိုးရွားသောမြို့များသည် နိုင်ငံတကာခရီးသွားများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ကျွမ်းကျင်လုပ်သားများလာရောက်ရန် တုံ့ဆိုင်းစေသဖြင့် မြို့ပြစီးပွားရေးကို များစွာထိခိုက်စေသည်။ သို့သော်လေထုသန့်စင်ရေးစီမံကိန်းများကို အောင်မြင်စွာဖော်ဆောင်နိုင်ပါက မြို့ပြ၏ပုံရိပ်သည် ပြန်လည်ကောင်းမွန်လာမည်ဖြစ်သည်။

ပထဝီဝင်သတင်းအချက်အလက်စနစ် (GIS)နှင့် စမတ်နည်းပညာအသုံးပြု စောင့်ကြည့်ခြင်း

ခေတ်မီမြို့ပြအုပ်ချုပ်ရေးတွင် လေထုအရည်အသွေးကို ထိရောက်စွာစီမံရန် စမတ်နည်းပညာများကို မဖြစ်မနေအသုံးပြုရန်လိုအပ်လာသည်။ ဒီဂျစ်တယ်နည်းပညာများနှင့် ဉာဏ်ရည်တု (AI) နည်းပညာများပေါင်းစပ်အသုံးပြုခြင်းဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်သည်။

GIS နည်းပညာကိုအသုံးပြု၍ မြို့နယ်များအလိုက် $PM_{2.5}$ နှင့် PM_{10} ပါဝင်မှုနှုန်းများ၊ လေထုညစ်ညမ်းမှုစက်ရုံများနှင့် ယာဉ်ကြောပိတ်ဆို့သည့် နယ်မြေများကို

စာမျက်နှာ ၁၃ သို့

စဉ့်ကိုင်မြို့နယ်၌ စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပ

စဉ့်ကိုင် နိုဝင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ စာပေဖတ်ရှုသည့် အလေ့အထကောင်းများရရှိစေရန်နှင့် စာဖတ်ရှုနိုင်မြင့်မားစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာရေးဆရာ ဖေမြင့် ရေးသားသည့် ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်း စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာလ ၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက စာဖတ်ဝိုင်းများပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အဆိုပါစာအုပ်တွင် ပါဝင်သည့် ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်းခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးသည်။

ဆက်လက်၍ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့ဝင်ဒေါ်ခင်စန်းက စာဖတ်ခြင်းကြောင့် ဘာအကျိုးထူးတွေ ခံစားရရှိနိုင်သလဲ ခေါင်းစဉ်ပါ အကြောင်းအရာများကို ဆွေးနွေးပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများကလည်း အဆိုပါစာအုပ်တွင် ပါဝင်ရေးသားထားသည့် အခန်းကဏ္ဍများအလိုက် မိမိတို့၏ အတွေးအမြင်ရသများအား အသီးသီးပါဝင်ဖြည့်စွက်ဆွေးနွေးကြကြောင်း သိရသည်။

ကျော်စွာ (စဉ့်ကိုင်)

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များထုတ်ပေး

နတ်မောက် နိုဝင်ဘာ ၈

မကွေးတိုင်း ဒေသကြီး နတ်မောက်မြို့နယ်ထနောင်းကုန်း ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ကျောင်းသား၊ ကျောင်းသူများအား ဖိတ်ခေါ်၍ နိုင်ငံသားအခွင့်အရေးနှင့် သက်သေခံအထောက်အထားများ ရရှိစေရန်အတွက် လမင်းစီမံချက် လုပ်ငန်းအဖြစ် ဖြင့်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ် ထုတ်ပေးခြင်းကို နိုဝင်ဘာလ ၇ ရက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန နတ်မောက်မြို့နယ်ဦးစီးမှူးရုံး၌ ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကျောင်းသူ ၃၅ ဦး စုစုပေါင်း နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ကြောင်း သိရသည်။

ရှိပြီးသူများအား e-ID စနစ်ဖြင့် ၇၃ ဦးတို့အား လမင်းစီမံချက်ဖြင့် UID ကတ်များဆောင်ရွက်ပေး

လှဝင်း

◗ စာမျက်နှာ ၁၂ မှအဆက်

ပထဝီဝင်မြေပုံပေါ်တွင် Spatial Heatmap အဖြစ် ပုံဖော်စောင့်ကြည့်နိုင်သည်။ ထိုသို့စောင့်ကြည့်ခြင်းဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ အချိန်မီအရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။

ဂြိုဟ်တုဓာတ်ပုံများနှင့် အာကာသအဝေးကြည့်နည်းပညာကို အသုံးပြု၍ လေထုအတွင်းရှိ ကာဗွန်နှင့်အမှုန်အမွှားများ၏ ပျံ့နှံ့စီးဆင်းမှုကို ကမ္ဘာလုံးဆိုင်ရာအတိုင်းအတာဖြင့် အချိန်နှင့်တစ်ပြေးညီ တိုင်းတာနိုင်သည်။

မြို့တွင်းအဓိကလမ်းဆုံလမ်းခွများနှင့် အစိုးရရုံးများတွင် IoT လေထုတိုင်းတာရေးကိရိယာများတပ်ဆင်ကာ အများပြည်သူသို့ Air Quality Index (AQI) အချက်အလက်များကို မိုဘိုင်းဖုန်းများနှင့် ဒီဂျစ်တယ်ဆိုင်းဘုတ်များမှတစ်ဆင့် ပွင့်လင်းမြင်သာစွာ အသိပေးနိုင်သည်။ ပြည်သူများအနေဖြင့်လည်း အဆိုပါအချက်အလက်များအပေါ်အခြေခံ၍ မိမိတို့၏နေ့စဉ်သွားလာလှုပ်ရှားမှုများကို ကြိုတင်စီစဉ်နိုင်မည်ဖြစ်သည်။

နိုင်ငံတကာနှင့် ဒေသတွင်းဖြစ်ရပ်မှန် လေ့လာချက်များ (Case Studies)

လန်ဒန်မြို့သည် မြို့လယ်ကောင်သို့ ဝင်ရောက်သော သက်တမ်းရင့်နှင့် ညစ်ညမ်းမှုထုတ်လွှတ်မှုလွန်ကဲသော မော်တော်ယာဉ်များကို အခွန်၊ ဒဏ်ကြေးကောက်ခံသည့် ULEZ စနစ်ကို ကျင့်သုံးခဲ့သည်။ ဤစနစ်ကို စတင်ကျင့်သုံးပြီးနောက် လေထုအတွင်း NO_2 ပါဝင်မှုကို ၄၀ ရာခိုင်နှုန်းကျော်အထိ သိသိသာသာလျှော့ချနိုင်ခဲ့ပြီး မြို့ပြလေထုအရည်အသွေးကို များစွာတိုးတက်စေခဲ့သည်။

ပေကျင်းမြို့သည် ကျောက်မီးသွေးသုံးစက်ရုံများကိုပိတ်သိမ်းခြင်း၊ လျှပ်စစ်ကား (EV) များ ကူးပြောင်းအသုံးပြုခြင်းနှင့်မြို့ပြသစ်ပင်စိုက်ပျိုးရေးလုပ်ငန်းများကို အကြီးအကျယ်လုပ်ဆောင်ခဲ့ရာ အချိန်ငါးနှစ်အတွင်း $PM_{2.5}$ ပါဝင်မှုကို ၃၅ ရာခိုင်နှုန်းကျော်လျှော့ချနိုင်ခဲ့သည်။ ဤသည်မှာ အစိုးရ၏ပြတ်သားသောမူဝါဒနှင့် နည်းပညာပေါင်းစပ်မှု၏ အောင်မြင်မှုပြယုဂ်တစ်ခုဖြစ်သည်။

ဘန်ကောက်မြို့နှင့် နိုင်ငံမြောက်ပိုင်းဒေသများတွင် နှစ်စဉ်ရင်ဆိုင်ရလေ့ရှိသော $PM_{2.5}$ ပြဿနာကိုဖြေရှင်းရန် ထိုင်းအစိုးရသည် “လေသန့်စင်ရေးဥပဒေ”ကို ရေးဆွဲပြဋ္ဌာန်းရန် အလေးအနက်ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးသုံးအကြွင်းအကျန်များ မီးရှို့ခြင်းကို တင်းကျပ်စွာတားမြစ်ခြင်း၊ ဘန်ကောက်မြို့တွင်း ခရီးသည်တင်ယာဉ်ဟောင်းများနေရာတွင် လျှပ်စစ်ဘတ်စကားများ အစားထိုးပြေးဆွဲခြင်းနှင့် လေထုအရည်အသွေးစောင့်ကြည့်ရေးစင်တာများမှတစ်ဆင့် ပြည်သူလူထုထံ အချိန်နှင့်တစ်ပြေးညီ သတိပေးချက်များ ထုတ်ပြန်ခြင်းတို့ကို တက်ကြွစွာ လုပ်ဆောင်လျက်ရှိသည်။

အနာဂတ်မျှော်မှန်းချက်

မြန်မာနိုင်ငံ၏ မြို့ကြီးများတွင်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လေထုသန့်စင်ရေးအတွက် အပြုသဘောဆောင်သောလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် စတင်အကောင်အထည်ဖော်လျက်ရှိသည်။ အထူးသဖြင့် နေရောင်ခြည်စွမ်းအင်သုံး အခြေခံအဆောက်အအုံများကို အိမ်ရာများနှင့် လုပ်ငန်းခွင်များတွင် စနစ်တကျတပ်ဆင်အသုံးပြုလာကြပြီး ယင်းစနစ်များကို ဒီဂျစ်တယ်ပလက်ဖောင်းများမှတစ်ဆင့် စောင့်ကြည့်ထိန်းချုပ်လာနိုင်ခြင်းသည် ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို များစွာလျှော့ချပေးနိုင်သည်။ ထို့ပြင် မြို့ပြများတွင် လျှပ်စစ်မော်တော်ယာဉ် (EV) များ တင်သွင်းအသုံးပြုမှုကို အားပေးမြှင့်တင်လာခြင်း၊ သစ်ပင်စိုက်ပျိုးပွဲတော်များကို စဉ်ဆက်မပြတ်ကျင်းပလာခြင်းတို့သည် မြန်မာနိုင်ငံ၏အနာဂတ် မြို့ပြလေထုအရည်အသွေးကို ပိုမိုကောင်းမွန်လာစေမည့် မီးရှူးတန်ဆောင်များဖြစ်သည်။ ပြည်သူလူထုအနေဖြင့်လည်း မိမိတို့၏ကျန်းမာရေးအတွက် လေထုအရည်အသွေးကို ပိုမိုဂရုပြုလာကြပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိမည့် နေထိုင်မှုပုံစံများကို ကူးပြောင်းကျင့်သုံးလာကြခြင်းသည် အလွန်အားတက်ဖွယ်ရာကောင်းသော တိုးတက်မှုတစ်ရပ်ဖြစ်သည်။

အချုပ်အားဖြင့်မြို့ပြလေထုညစ်ညမ်းမှုသည် ရုတ်တရက်မမြင်နိုင်သော်လည်း မြို့ပြနေ ပြည်သူလူထု၏ အသက်ပေါင်းများစွာကို ထိခိုက်စေသည့် မမြင်ရသော မြို့ပြပြဿနာကြီးဖြစ်သည်။ ဤပြဿနာကို ဖြေရှင်းရန်အတွက် နည်းပညာ၊ အခြေခံအဆောက်အအုံ၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုနှင့် စည်ပင်သာယာရေးမူဝါဒများကို ဟန်ချက်ညီညီပေါင်းစပ်အကောင်အထည်ဖော်ရမည်ဖြစ်သည်။ စွမ်းအင်ကဏ္ဍတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ ပိုမိုအသုံးပြုလာခြင်း၊ နိုင်ငံတကာ၏ အောင်မြင်သောဖြစ်ရပ်မှန် လေ့လာချက်များကို သင်ခန်းစာယူ၍ မိမိတို့ဒေသနှင့်ကိုက်ညီမည့်မူဝါဒများ ချမှတ်ခြင်းတို့သည် မရှိမဖြစ်လိုအပ်လှသည်။ အဆင့်မြင့်စမတ်စီးတီးစီမံကိန်းများနှင့်အတူ လေထုသန့်ရှင်းရေးကို ရင်းနှီးမြှုပ်နှံခြင်းသည် အနာဂတ်မျိုးဆက်များအတွက် သန့်ရှင်းစိမ်းလန်းသောမြို့ပြပတ်ဝန်းကျင်ကို ထာဝရလက်ဆောင်ပေးအပ်ခြင်းပင်ဖြစ်ပေသည်။ ။

မှီငြမ်းကိုးကားစာရင်း

၁။ World Health Organization (WHO) – Air Pollution Guidelines & Fact Sheets.

၂။ United Nations Environment Programme (UNEP) – Actions on Air Quality.

၃။ US Environmental Protection Agency (EPA) – Air Quality Index (AQI) Basics.

၄။ World Bank Group – Clean Air and Urban Health Policy Papers.

၅။ IQAir – World Air Quality Report & Real-time $PM_{2.5}$ Data.

၆။ International Journal of Environmental Research and Public Health.

၇။ Global Renewable Energy and Smart Grid Integrations Reports.



နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့် ဆောင်ရွက်လာကြစေရန်ရည်ရွယ်သည့် ဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၈


လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် နိုင်ငံသားလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို အထူးအလေးထား၍ အားပေးလျက်ရှိသည်နှင့်အညီ နိုင်ငံသားလုပ်ငန်းရှင်များကို ရေရှည်တွင် နိုင်ငံတကာစွမ်းအင်ကုမ္ပဏီကြီးများ၊ အဖွဲ့အစည်းကြီးများ အဆင့်သို့ တက်လှမ်းနိုင်စေရေး ရည်ရွယ်ချက်ဖြင့် ရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့်အလမ်းများ၊ နိုင်ငံတော်အစိုးရအနေဖြင့်အားပေးကူညီသည့် ဆွေးနွေးပွဲ ကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော် ဒကွိဏသီရိမြို့နယ်ရှိ Park Royal Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က ပြည်တွင်းလုပ်ငန်းရှင်များ အနေဖြင့် အသေးစားရေအားလျှပ်စစ်စီမံကိန်းများ၊ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစီမံကိန်းများ၊ လေအားလျှပ်စစ်စီမံကိန်းများ၊ ကျောက်မီးသွေးသုံးဓာတ်အားပေးစီမံကိန်းများ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံပြုပြင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ၊ ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ရေတိမ်ပိုင်း ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်းများ၊ မဟာဓာတ်အားလိုင်းတည်ဆောက်သွယ်တန်းခြင်းလုပ်ငန်းများ၊ ပင်မဓာတ်အားခွဲရုံများတည်ဆောက်ခြင်းလုပ်ငန်းများ၊ အမိုးတင်ဆိုလာလုပ်ငန်းများ၊ ရေပေါ်ဆိုလာဓာတ်အားပေးစက်ရုံများ၊ ရေစုပ်တင်သို့လှောင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ စသည့် အလုပ်အကိုင် အခွင့် အလမ်းများတွင် ရင်းနှီးမြှုပ်နှံသွားစေလိုကြောင်း၊ လျှပ်စစ်ကဏ္ဍတွင် နိုင်ငံချင်းချိတ်ဆက်သည်အထိ ရည်မှန်းထားပြီး စွမ်းအင်ကဏ္ဍအတွက် Energy Trading အထိ ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ အနာဂတ်မြန်မာနိုင်ငံတော်တွင် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍလုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်ဆွေးနွေးပွဲတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အတွင်းရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကြီးတို့မှ တာဝန်ရှိသူများ၊ လျှပ်စစ်/စွမ်းအင်ကဏ္ဍနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်တွင်းကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **မြဝတီ**

၂၀၂၇ အေအက်ဖ်စီ ယူ-၁၇ အာရှဖလားခြေစစ်ပွဲ အုပ်စု(အေ)ပြိုင်ပွဲတွင် အာဖဂန်နစ္စတန် ယူ-၁၇ အသင်းက မြန်မာ ယူ-၁၇ အသင်းကိုအနိုင်ယူ



ရန်ကုန် နိုဝင်ဘာ ၈

၂၀၂၇ အေအက်ဖ်စီ ယူ-၁၇ အာရှဖလားခြေစစ်ပွဲအုပ်စု(အေ)ကို မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် နိုဝင်ဘာလ ၈ ရက်မှ ၂၀ ရက်အထိ လက်ခံကျင်းပလျက်ရှိရာ မြန်မာ ယူ-၁၇ အသင်းသည် အာဖဂန်နစ္စတန်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားအသင်းတို့နှင့်တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး ယနေ့ ညနေ ၃ နာရီတွင် သုဝဏ္ဏကွင်း၌ အာဖဂန်နစ္စတန်အသင်းနှင့်ယှဉ်ပြိုင်မှုတွင် အာဖဂန်နစ္စတန်အသင်းက ၄ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါခြေစစ်ပွဲတွင် အုပ်စုပထမရရှိသည့် အသင်းတစ်သင်းသာ နောက်တစ်ဆင့်တက်လှမ်းနိုင်မည်ဖြစ်၍ ပထမပိုင်းပွဲစသည်နှင့် နှစ်ဖက်အသင်းအပြန်အလှန်တိုက်စစ်ဆင်ကစားခဲ့ကြသည်။ မြန်မာအသင်း တိုက်စစ်ဂိုးသွင်းမှုမသေချာခြင်း၊ ကစားသမား တစ်ဦးနှင့်တစ်ဦး အချိတ်အဆက်လွဲချော်မှုများပြီး တစ်ဦးချင်း အမှားများကြောင့် ဦးဆောင်ဂိုးမရရှိခဲ့သလို ဂိုးဧရိယာအတွင်း နောက်တန်းဖျက်ထုတ်ပုံ မသေသပ်ခြင်းကြောင့် ပြိုင်ဘက်ကစားသမားတို့၏ ဖြတ်လုခြင်း ခံရကာ ဦးဆောင်ဂိုးများခွင့်ပြုပေးခဲ့ရသည်။ အာဖဂန်နစ္စတန်အသင်း အတွက်ဦးဆောင်ဂိုးများကိုပွဲကစား ချိန် ၉ မိနစ်တွင် တန်ပြန်တိုက်စစ်ကနေ တာအစ်တ်ကာဒီရိက ပထမဂိုး၊ ပွဲကစားချိန် ၁၅ မိနစ်နှင့် ၂၃ မိနစ်တို့တွင် မိုဟာမက်ဖာဟင်းက ဒုတိယဂိုးနှင့်တတိယဂိုးများသွင်းယူခဲ့သည်။ မြန်မာအသင်းခွင့်ပြုပေးလိုက်ရသည့် သုံးဂိုးလုံးသည် နောက်တန်း အမှားများကြောင့် ပြိုင်ဘက်အသင်း ဂိုးရရှိသွားခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်း လူစားလဲမှုများပြုလုပ်ပြီး တိုက်စစ်မြှင့် ကစားလာသော်လည်း နောက်တန်းအမှားကနေ ပွဲကစား ချိန် ၄၉ မိနစ်အရောက်၌ မိုဟာမက်ဖာဟင်းက အာဖဂန်နစ္စတန်အသင်း အတွက် လေးဂိုးမြောက်သွင်းဂိုးရယူသွားသည်။ လူစား၀င်ကစား သမားသက်နိုင်ဦးက ပွဲကစားချိန် ၅၆ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် မြန်မာအသင်းအတွက် ချေပဂိုး တစ်ဂိုး ပြန်လည်သွင်းယူပေးခဲ့သည်။ ပွဲကစားချိန် မိနစ် ၆၀ နောက်ပိုင်း မြန်မာအသင်းဖိအားပေးကစားနိုင်ခဲ့ပေမယ့် အဆုံးသတ်မသေချာမှုများကြောင့် အဖွင့်ပွဲတွင် ပြိုင်ဘက်အသင်းကို ၄ ဂိုး ၁ ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

အာရှဘောလုံးအဖွဲ့ချုပ်(AFC) သည် ၂၀၂၇ အာရှဖလား ယူ-၁၇ ပြိုင်ပွဲခြေစစ်ပွဲဝင်အသင်း ၃၅ သင်းကို ၅ သင်း ၇ အုပ်စုခွဲပြီး အုပ်စုတစ်ခုလျှင်အိမ်ရှင်တစ်နိုင်ငံရွေးချယ်၍ နိုဝင်ဘာလ ၈ ရက် မှ ၂၀ ရက်အထိ ကျင်းပလျက်ရှိကာ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးရပ်တည်မှုရအသင်းတစ်သင်းစီ စုစုပေါင်း ခုနစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ခြင်းကြောင့် အဖွင့်ပွဲစဉ်တွင်ရှုံးနိမ့်ခဲ့သည့် မြန်မာယူ-၁၇ အသင်းသည် အုပ်စုတက်လမ်းအတွက် ဆက်လက်ရုန်းကန်ရဦးမည်ဖြစ်သည်။ ဒုတိယပွဲစဉ်ကို နိုဝင်ဘာလ ၁၄ ရက် ညနေ ၃ နာရီတွင် သုဝဏ္ဏကွင်း၌ ဖိလစ်ပိုင်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

၂၀၂၇ အာရှဖလား ယူ-၁၇ ပြိုင်ပွဲကို တိုက်ရိုက်ကစားခွင့်ရအသင်းကိုးသင်းဖြစ်သည့် အိမ်ရှင် ဥဇဘက်ကစ္စတန်၊ ကာတာ၊ ဂျပန်၊ တရုတ်၊ ဩစတြေးလျ၊ တောင်ကိုရီးယား၊ ဆော်ဒီအာရေဗျ၊ တာဂျစ်ကစ္စတန်နှင့် ဗီယက်နမ်အသင်းတို့နှင့် ခြေစစ်ပွဲအောင် အသင်းခုနစ်သင်း စုစုပေါင်းအသင်း ၁၆ သင်းဖြင့် လာမည့် ၂၀၂၇ ခုနှစ် မေလအတွင်း ဥဇဘက်ကစ္စတန်နိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

ဝန်းရံခ

➤ **ရှေ့ဖုံးမှအဆက်**

တနင်္သာရီတိုင်းဒေသကြီး၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၌ ရေထွက်ကုန်မွေးမြူရေးကဏ္ဍငါးမျိုး တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၁၉၃ သန်းရရှိခဲ့ကြောင်း တနင်္သာရီတိုင်းဒေသကြီးငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

မွေးမြူရေးကဏ္ဍတွင် ငါးမွေးမြူရေးလုပ်ငန်းမှ ၂ ဒသမ ၀၃၂ သန်း၊ ပုစွန်မွေးမြူရေးလုပ်ငန်းမှ ၄၈ ဒသမ ၀၀၃ သန်း၊ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းမှ ၁ ဒသမ ၆၈၉ သန်း၊ ကျင်းခရု မွေးမြူရေးလုပ်ငန်းမှ သုည ဒသမ ၄၂၄ သန်းနှင့် ရေမှော်မွေးမြူရေးလုပ်ငန်းမှ သုည ဒသမ ၀၄၅ သန်းဖြင့် စုစုပေါင်း ကုန်တန်ချိန် ၁၂၆၇ ဒသမ ၃၆၈ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၁၉၃ သန်း ရရှိခဲ့ခြင်းဖြစ်သည်။

“ တနင်္သာရီတိုင်းဒေသကြီးမှာ ဧရာဝတီမြစ်နှင်းကျော်ဟာရေလုပ်ငန်းလုပ်ကိုင်တာကြောင့် ကုန်ကြမ်းတင်ပို့မှုကနေ ကုန်ချောထုတ်လုပ်နိုင်ရင် နိုင်ငံခြားငွေပိုပြီးရရှိစေမှာပါ။ ပြီးတော့ ငါး၊ ပုစွန်အရှင်ကို လေကြောင်းနဲ့ တင်ပို့နိုင်ရင်လည်း နိုင်ငံခြားငွေတိုးမြှင့်ရရှိစေမှာပါ။ ဝမ်းသာစရာက နိုင်ငံတော်သမ္မတကြီးက မြိတ်လေဆိပ်ကို တိုးချဲ့တည်ဆောက်ဖို့ လမ်းညွှန်ခဲ့တဲ့အတွက် တည်ဆောက်နေတာကြောင့် ပြည်ပကို ငါး၊ ပုစွန်အရှင် တင်ပို့နိုင်ဖြို့ဆိုရင် သိသိသာသာ နိုင်ငံခြားငွေတိုးမြှင့်ရရှိလာမှာပါ။ ရေလုပ်သားနဲ့လုပ်ငန်းရှင်တွေလည်း ဝင်ငွေကောင်းလာမှာဖြစ်တဲ့အတွက် နိုင်ငံတော်သမ္မတကြီးကို အထူးပဲကျေးဇူးတင်နေကြပါတယ်”ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးသက်စိုးက ပြောသည်။

ကျွန်းပေါင်း ၈၀၀ ကျော်ရှိသည့် မြိတ်ကျွန်းစုနှင့် တနင်္သာရီတိုင်းဒေသကြီး၏ ကမ်းနီးကမ်းဝေးတို့တွင် ရေထွက်ကုန်များကို ဖမ်းဆီးကြသည့်အပြင် ငါး၊ ပုစွန်နှင့် ဝေးကွက်ရပြည်ပပို့ကုန်ရေထွက်ပစ္စည်းများကိုလည်း နှစ်စဉ်မွေးမြူထုတ်လုပ်လျက်ရှိကာ ပြည်ပပို့ကုန် ပုစွန်ကို ယခုနှစ်တွင် တိုးမြှင့်မွေးမြူလျက်ရှိသည်။

နှစ်စဉ် ရေထွက်ကုန်တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိနေသည့် မြိတ်ကျွန်းစုသည် ရေချိုရေငန်သဘာဝသယံဇာတများစွာပေါများသည့်ဒေသဖြစ်ပြီး စားနပ်ရိက္ခာဖူလုံရေးနှင့် နိုင်ငံခြားငွေရရှိမှုကို အထောက်အကူပြုလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်၌ ဗီယက်နမ်နိုင်ငံသည် ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်းတစ်သောင်းကျော်ရရှိခဲ့ပြီး မြစ်ချောင်းအင်းအိုင်နှင့် ငါးဖမ်းကွက်များစွာရှိသည့် မြန်မာနိုင်ငံအနေဖြင့် မွေးမြူရေးနှင့် ဖမ်းဆီးရေးကဏ္ဍတို့တွင် နိုင်ငံခြားဝင်ငွေတိုးမြှင့်ရရှိရန်မဟာဗျူဟာမြောက်စီမံကိန်းရေးဆွဲဆောင်ရွက်မှုနှင့်အတူ တိုက်ရိုက်တင်ပို့နိုင်မည့် ပို့ဆောင်ရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်လာခြင်းသည် ရေထွက်ကုန်တင်ပို့မှု စွေးကွက်သစ် ပွင့်လန်းမှုကို အထောက်အပံ့ ဖြစ်စေလျက်ရှိ၍ နိုင်ငံခြားဝင်ငွေတိုးမြှင့်ရရှိလာမည့် လင်းရောင်ခြည်များသန်းလျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ-ကန္ဒး

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

❐ ကျေးဝိုးမှအဆက်

ရောက်ရှိကြပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြတိုက်၌ တာဝန်ရှိသူတစ်ဦးက စင်တာ၏နောက်ခံသမိုင်းကြောင်း၊ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ ဘဏ္ဍာနှစ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လျာထားလုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြတိုက်အတွင်း၌ ခင်းကျင်းပြသထားသည့် တိုင်းရင်းသားများ၏ တူရိယာများ၊ ရိုးရာဝတ်စားဆင်ယင်မှုများနှင့် အသုံးအဆောင်ပစ္စည်းများကိုလည်း ကောင်း၊ စင်တာဝင်းအတွင်းရှိ မွန်၊ ကရင်၊ ဗမာ၊ ပအိုဝ်းရိုးရာအိမ်များနှင့် အထင်ကရနေရာများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယသမ္မတက တိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုအမွေအနှစ်များမပျောက်ပျက်စေရေး၊ မျိုးဆက်သစ်လူငယ်များ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာသိရှိပြီး တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ ဒေသ၏ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုထင်ရှားစွာဖော်ထုတ်ပြသနိုင်ရေး၊ ပြသထားရှိသည့် ရိုးရာပစ္စည်းများကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါစင်တာကို တိုင်းရင်းသားလူမျိုးတို့၏စကား၊စာပေ၊အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်ရည်ရွယ်၍ တည်ဆောက်ခြင်းဖြစ်ကြောင်းသိရသည်။

ယင်းနောက် ကျောက်တန်းစက်မှုဇုန်အတွင်းရှိ ကိုလှထွန်း ဇရုတ်သီးမှုန့်နှင့် အမှုန့်မျိုးစုံလုပ်ငန်း သို့ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတစ်ဦးက ထုတ်လုပ်လျက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ ကုန်ကြမ်းအမျိုးအစားများနှင့်သိုလှောင်ထားရှိမှု၊ စွေးကွက်သို့ ဖြန့်ဖြူးရောင်းချနေမှု၊ လက်ရှိထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ စက်ရုံအတွင်း ဇရုတ်သီးကုန်ကြမ်းများ သိုလှောင်ထားရှိမှု၊ သန့်စင်ခြင်း၊ အခြောက်ခံခြင်း၊ ကြိတ်ခွဲခြင်းနှင့်ထုပ်ပိုးဖြန့်ဖြူးခြင်းလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယသမ္မတက စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သန့်ရှင်းသပ်ရပ်သော ထုတ်လုပ်မှုစနစ်ကို အလေးထားဆောင်ရွက်ရန်၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီထုတ်လုပ်ဖြန့်ဖြူးရန်၊ တန်ဖိုးမြှင့်စားသောက်ကုန်များထုတ်လုပ်နိုင်ရန်နှင့် ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးဆောင်ရွက်ရန် မှာကြားသည်။

ထိုမှ တစ် ဆင့် M RUBBER ကုမ္ပဏီလီမိတက်၏ ခရမ့်ရော်ဘာအဆင့်မြင့်စက်ရုံသို့ရောက်ရှိကြပြီး ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ရော်ဘာကုန်ကြမ်းများသန့်စင်နေမှု၊ စက်ကိရိယာများဖြင့် ပြုပြင်ထုတ်လုပ်နေမှု၊ အရည်အသွေးစစ်ဆေးနေမှုနှင့် ထုပ်ပိုးသိုလှောင်သည့် လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကို လိုက်လံရှင်းလင်းပြသရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူတစ်ဦးက စက်ရုံ၏ ကုန်ကြမ်းရရှိမှုနှင့် သိုလှောင်ထားရှိမှု၊ ထုတ်လုပ်မှုစွမ်းအား၊ MSR ထုတ်လုပ်သည့် လုပ်ငန်းစဉ်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ထားရှိမှု၊ ထုတ်ကုန်အရည်အသွေးနှင့် စွေးကွက်သို့ ဖြန့်ဖြူးရောင်းချနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက ထုတ်လုပ်မှုလုပ်ငန်းစဉ်များတွင်လုပ်ဃားများဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် စက်ပစ္စည်းများ စနစ်တကျထိန်းသိမ်းအသုံးပြုနိုင်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေး စက်ရုံမှထွက်ရှိလာသည့် စွန့်ပစ်ရေဆိုးများနှင့်စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်ရော်ဒာကုန်ကြမ်းများကို အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ရော်ဘာစိုက်ပျိုးသည့်ဒေသခံတောင်သူနှင့် လုပ်ငန်းရှင်များအကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းစဉ်များ ဖော်ဆောင်ပေးနိုင်ရေး ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ကျောက်တန်းစက်မှုဇုန်ကို စက်မှုနယ်မြေအဖြစ် ၂၀၁၆ ခုနှစ် မတ်လ ၂၇ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး အကျယ်အဝန်းမှာ ၂၅၄ ဒသမ ၃ ဧကရှိ၍ ပုဂ္ဂလိကစက်မှုလုပ်ငန်း (အကြီးစား၊ အလတ်စား၊ အငယ်စား) အရေအတွက် စုစုပေါင်း ၂၅ ခုရှိကြောင်း သိရသည်။ **မြဝတီ**



ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

■ တပ်မတော်စစ်သမိုင်းပြတိုက်မှ

အခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်းလုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကိုသိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကိုဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် မိမိနိုင်ငံ၏သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝလျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ပျဉ်းမနားမြို့နယ်ရှိ ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ တပ်ကုန်းမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း(ဆရာစံ)၊ ရမည်းသင်းမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း(မြို့မ)၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(မြို့လှ)၊ အခြေခံပညာအထက်တန်းကျောင်း(ရေနီ)တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း)ပြင်ပပြကွက်နှင့် ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက်ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ ဆရာမများအတွက်မုန့်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူများက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်းရှိ ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဥဏ္ဍာစမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ဗလာစာအုပ်နှင့်စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့်ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထိုကဲ့သို့လေ့လာရေးလာရောက်ခဲ့ကြသည့်ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်ထဲကစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"သမီးတို့ ဒီစစ်သမိုင်းပြတိုက်ကို လက်တွေ့ဘာသာရပ်အဖြစ်နဲ့လာပြီးတော့ လေ့လာရတဲ့အတွက် ကြောင့်မို့လို့ တပ်မတော်အကြောင်း ပိုပြီးတော့ နားလည်သွားတယ်။ မြန်မာနိုင်ငံမှာတင်မကဘူး နိုင်ငံတိုင်းမှာ ခိုင်မာတဲ့တပ်မတော် တစ်ရပ်ရှိဖို့ဟာ ခေတ်အဆက်ဆက် လိုအပ်တယ်လို့လည်း ထင်မိပါတယ်။ အခုဆိုလို့ရှင်သမီးတို့လေ့လာခဲ့တဲ့ ထဲမှာ တစ်ခါမှ အပြင်မှာ အလွယ်တကူမမြင်နိုင်တဲ့အရာတွေ ဥပမာ-ကျည်ဆန်တွေ သဘော်ထဲမှာပါတဲ့ စက်ယန္တရားပိုင်းတွေ ဆိုလို့ရှိရင် ဒီစစ်သမိုင်းပြတိုက်ထဲမှာ သမီးတို့



တွေ့ခဲ့ရတယ်။ တကယ်ကိုမှ ကျောင်းသားတွေအတွက်ဗဟုသုတရရှိစေတယ်။ ဒါ့အပြင် ဒီမှာဖွင့်ပြတဲ့ သမိုင်းရုပ်ရှင်တွေဆိုလို့ရှိရင် တကယ်ကိုမှ ကျောင်းသား၊ ကျောင်းသူတွေ ငယ်ရွယ်တဲ့ကလေးတွေ၊ဆယ်ကျော်သက်တွေရဲ့ ရင်ထဲကို ဝင်ပြီးတော့မှ မြန်မာနိုင်ငံရဲ့ သမိုင်းအကြောင်းကို လေ့လာပြီးတော့ မျိုးချစ်စိတ်ဓာတ် ပိုရှိလာတယ်လို့ခံစားမိပါတယ်"ဟု ပြောသည်။

"စစ်သမိုင်းပြတိုက်ကို လေ့လာရတဲ့အကျိုးကျေးဇူးကတော့ခေတ်မီတိုးတက်နေတဲ့ အကြောင်းတွေ ကျွန်တော်တို့ သေသေချာချာသိခွင့်ရတယ်။ ဒီစစ်သမိုင်းပြတိုက်ကိုလာရောက်တဲ့အခါမှာ လက်တွေ့ပြကွက်တွေသိမြင်ခဲ့ရတယ်။ သမိုင်းမှတ်တမ်းကြောင်းမှာ ဘယ်လောက်



ထိခက်ခဲခဲ့တဲ့အကြောင်းတပ်မတော်ရဲ့အခန်းကဏ္ဍတွေကဘယ်လောက်ထိ အရေးပါကြောင်းကို ကျွန်တော်တို့ သိရှိခွင့်ရခဲ့ပါတယ်ခင်ဗျာ။ တပ်မတော်(လေ)ရဲ့ လေကြောင်းပြကွက်တွေ၊ တပ်မတော်(ရေ)ရဲ့ ရေကြောင်းပြကွက်တွေ၊ပြင်ပပြကွက်တွေစတဲ့ မျိုးစုံသော ခေတ်နဲ့အညီ ပြသထားတဲ့ စစ်သမိုင်းပြတိုက်ထဲက အရာတွေဟာ တကယ်ခေတ်မီတိုးတက်နေကြောင်းကို ကျွန်တော် သိရှိခွင့်လေ့လာခဲ့ရတယ်။ တိုက်လေယာဉ်ပုံတွေဆိုလည်း မြန်မာနိုင်ငံရဲ့ ဝေဟင်ပိုင်နက်ကို ကာကွယ်စောင့်ရှောက်နိုင်တဲ့ စွမ်းရည်ထက်မြက်တဲ့ တိုက်လေယာဉ်တွေဖြစ်ကြောင်း ကျွန်တော်သိရှိခွင့်ရခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်ခင်ဗျာ။ ကျွန်တော်တို့လို လေ့လာခဲ့ရသလိုမျိုးနောင်မျိုးဆက်သစ်လူငယ်ညီလေးတွေကိုလည်း လေ့လာစေချင်တဲ့အတွက် ညီလေးညီမလေးတွေကိုလည်း ဒီတပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာဖို့ ဖိတ်ခေါ်ချင်ပါတယ်" ဟုပြောသည်။ (၁၀၀)

ထူးခြားသည့် နေ့အပူချိန်များ

၉-၁၁-၂၀၂၆

ချောက်	၃၅	ဒသမ	၆	ဒီဂရီဆဲလ်စီးယက်	ညောင်လေးပင်	၃၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်	ဟင်္သာတ	၃၄	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်
ထားဝယ်	၃၅	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်	ကျောက်ဆည် (လွန်ကျော်)	၃၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်	ရေး	၃၄	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်
ဇောင်းတူ	၃၅	ဒသမ	၃	ဒီဂရီဆဲလ်စီးယက်	မြင်းခြံ	၃၄	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်	ငါးသိုင်းချောင်း	၃၄	ဒသမ	၇	ဒီဂရီဆဲလ်စီးယက်
										ပဲခူး	၃၄	ဒသမ	၃	ဒီဂရီဆဲလ်စီးယက်

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် (ဒုတိယအကြိမ်) ကျောင်းဝတ်စုံနှင့်စာရေးကိရိယာပေးအပ်



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရဇော်လွင်စိုး ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်စဉ်။

နေပြည်တော် နိုဝင်ဘာ ၈

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ကျောင်းသား၊ ကျောင်းသူများအား (ဒုတိယအကြိမ်) ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာ စကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံသားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက ရှေ့တန်းပြန်နိုင်ငံသားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် နိုဝင်ဘာ ၈

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံသားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ အင်းမမြို့ရှိ နယ်မြေခံ တပ်ရင်း၌ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်ဒဏ်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး ၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုရဲစွမ်းစွန့်စားစွာထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံသားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စိုးလင်း အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

နေပြည်တော် နိုဝင်ဘာ ၈

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံသားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စိုးလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးတို့အတွက် အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရောက်လိုသည့် စိတ်ဓာတ်များဖြင့် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို ရဲစွမ်းစွန့်စားစွာ ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ အိုးစည် ဒိုးပတ် အတီး ၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာသောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

မအူပင်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ



မအူပင် နိုဝင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း(မအူပင်)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ပြသထားသည့်နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်များကို တာဝန်ရှိသူများက ရှင်းလင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်းသိရသည်။ **စန်းစန်း**

အယ်လ်နီညိုဖြစ်စဉ်၏သက်ရောက်မှုများကြောင့် နွေကာလ ပိုမိုပူပြင်းခြောက်သွေ့ခြင်း၊ နေ့အပူချိန်များ ပိုမိုမြင့်မားခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်းနှင့် ကူးစက်ရောဂါများပိုမိုဖြစ်ပွားနိုင်။

၉-၁၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏

ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၀ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ကျန်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၈

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို ပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ တရားမဝင် အဆောက်အအုံ ၁၀ လုံးကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၆) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

မဖြိုဖျက်မီ



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၆) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၆) ထပ် အဆောက်အအုံအား စနစ်တကျဖြိုချဖျက်ဆီးမှု

ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၆) ထပ် အဆောက်အအုံအား စနစ်တကျဖြိုချဖျက်ဆီးမှု

ဖြိုဖျက်ပြီးစီးမှု



ထို့အပြင် ယခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့ ညနေ ၄ နာရီခန့်တွင် ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ထပ်မံ၍ ၅ ထပ်အဆောက်အအုံ ၁ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၄၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ၊ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆ လုံး၊ စုစုပေါင်း အဆောက်အအုံ ၁၀ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၅၃ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေပေးရေးဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



မအူပင် နိုဝင်ဘာ ၈

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အယ်လ်နီညိုဖြစ်ပေါ်လာပါက ရေရှားပါးမှုမဖြစ်စေရေး အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် အင်းမကျေးရွာအုပ်စု တူးချောင်းကျေးရွာတွင် ကျေးလက်ရေပေးရေးတွင်းနက် ဆက်စပ်လုပ်ငန်းအမြင့်တင် ရေစင်ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် မအူပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတန်ဂျီးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာရေရရှိရေး ကော်မတီဝင်များအား လိုအပ်သည်များမှာကြားသည်။

အဆိုပါရေစင်သည် အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့်ပေ ၂၀ ရှိပြီး တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၃၆ ဒသမ ၅ သန်းဖြင့် ဌာနမှဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးပါက အိမ်ခြေ ၁၀၀၊ လူဦးရေ ၃၂၉ ဦးတို့အား အကျိုးပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။ **ချမ်းမြေ**

➡ **ရှေ့ဖုံးမှအဆက်**

သန့်ရှင်းသာယာလှပပြီး လုံခြုံဘေးကင်းသည့် နေရာတစ်ခုဖြစ်လာစေရန်၊ ဒေသခံပြည်သူများ၊ မိသားစုများနှင့် လူငယ်လူရွယ်များ နံနက်ခင်းနှင့် ညနေခင်းအချိန်များတွင် သဘာဝတရားနှင့် ထိတွေ့ကာ အနားယူအပန်းဖြေခြင်း၊ ကိုယ်လက်လှုပ်ရှား ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ရန်နှင့် မြို့ပြအလှမြှင့်တင်ရန်တို့အတွက် နေရာတစ်ခုအဖြစ် ဖန်တီးနိုင်ရန် ရည်ရွယ်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ယမန်နေ့က မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် မြစ်ဧရာရှုခင်းသာအစဉ်အမြဲသန့်ရှင်းသာယာလှပရေး ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရေး၊ လုပ်ငန်းများစံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ ဘေးကင်းလုံခြုံရေးတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

ယမန်နေ့ နံနက်ပိုင်းကလည်း မကွေးမြို့ရှိ ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သော Thiri Thukha Gaday Kywe Company Limited (သီရိသုခကုဋ္ဌေကြွယ်ကုမ္ပဏီလီမိတက်)၏ ရွှေပြည်သာ မြေပဲခွဲစက်၊ မြေပဲသန့်စင်စက်၊ ပဲပုပ်ဆီနှင့် နေကြာဆီသန့်စင်ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုအားပေးပြီး ကုန်ထုတ်လုပ်မှုဖြင့်တင်ရေး၊ စျေးကွက်ချဲ့ထွင်နိုင်ရေး၊ ထုတ်ကုန်များ ယခင်ထက်ပိုမိုထုတ်လုပ်နိုင်ရေး၊ တောင်သူများထံမှ ထွက်ရှိသည့် သီးနှံမျိုးစုံကို စျေးနှုန်းမှန်ကန်စွာ ဝယ်ယူနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း (ပြန်/ဆက်)

နိုင်ငံတစ်ဝန်းစိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန



အယ်လ်နီညို့ကာလအတွက် နွားစာကြို့တင်ပြင်ဆင်ပါ။

ကောက်ရိုးကို မီးမရှို့ပါနှင့် နွားစာအဖြစ် တန်ဖိုးမြှင့်ပါ။

အကျိုးကျေးဇူးများ

- ကောက်ရိုးကို အလဟဿမဖြစ်စေဘဲ တန်ဖိုးရှိသော နွားစာအဖြစ် အသုံးချနိုင်ခြင်း၊
- ခြောက်သွေ့ရာသီတွင် နွားစာရရှိမှုကို အထောက်အကူပြုခြင်း၊
- နွားစာဝယ်ယူစရိတ်ကို လျှော့ချနိုင်ခြင်း၊
- လယ်ယာစွန့်ပစ်ပစ္စည်းကို အကျိုးရှိစွာ အသုံးချနိုင်ခြင်း။



၁ ကောက်ရိုးကို ခြောက်သွေ့အောင်ပြုလုပ်ပါ

- ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စပါးရိတ်သိမ်းပြီးနောက် ကျန်ရှိသော ကောက်ရိုးကို စုစည်းပါ။
- မိုးမစိုစေရန်နှင့် မြေကြီးစိုထိုင်းမှု မဝင်စေရန် ဂရုပြုပါ။
- ကောက်ရိုးကို လုံလောက်စွာ ခြောက်သွေ့စေပြီးမှ ထုံးဖွဲ့ပါ။





၂ စနစ်တကျ သိမ်းဆည်းပါ

- အမိုးအကာရှိပြီး မိုးရေမဝင်သောနေရာတွင် ထားရှိပါ။
- မြေကြီးနှင့်တိုက်ရိုက်မထိစေရန် ပါလက် သို့မဟုတ် မြှင့်တင်ထားသော ကြမ်းခင်းပေါ်တွင် စုပုံပါ။
- လေဝင်လေထွက်ကောင်းစေရန် နေရာချန်ထားပါ။
- စိုထိုင်းမှု၊ မှိုတက်မှုနှင့် အပူချိန်မြင့်တက်မှုကို ပုံမှန်စစ်ဆေးပါ။





၃ ကောက်ရိုးထုံးစက်ဖြင့် ထုံးပါ

- ခြောက်သွေ့သော ကောက်ရိုးကို စက်ဖြင့် စုဆောင်းဖိသိပ်၍ အိုင်းပုံ သို့မဟုတ် စတုရန်းပုံ အထုံးများ ပြုလုပ်ပါ။
- အထုံးအရွယ်အစားနှင့်အလေးချိန်ကို သယ်ယူ၊ စုပုံရန် အဆင်ပြေစွာရွေးချယ်ပါ။
- အထုံးများကို မိုးမစိုမိ သိုလှောင်ရာနေရာသို့ အချိန်မီ ပို့ဆောင်ပါ။





၄ နွားစာအဖြစ် အကျိုးရှိစွာ အသုံးပြုပါ

- လိုအပ်သည့်ပမာဏကို ထုတ်ယူပြီး နွားစာအဖြစ် ကျွေးမွေးပါ။
- ကောက်ရိုးတစ်မျိုးတည်းကိုသာ အားကိုးမထားဘဲ အစိမ်းရောင်အစာ၊ သင့်လျော်သော အာဟာရဖြည့်ဆက်စာနှင့် ရေကိုပါ ဖြည့်ဆည်းပါ။
- မှိုတက်ခြင်း၊ ပုပ်သိုးခြင်း သို့မဟုတ် အနံ့မမှန်ခြင်းရှိသောကောက်ရိုးကို မကျွေးပါနှင့်။







တောင်သူများ လိုက်နာဆောင်ရွက်ရန်


- ရိတ်သိမ်းပြီးချိန်မှစ၍ ကောက်ရိုးကို အချိန်မီ စုဆောင်းပါ။
- ကောက်ရိုးခြောက်သွေ့မှသာ ထုံးဖွဲ့ပြီး သိမ်းဆည်းပါ။
- စက်ဝန်ဆောင်မှုကို တောင်သူအစုအဖွဲ့အလိုက် ပူးပေါင်းအသုံးပြုပါ။
- သိုလှောင်ရာတွင် မိုးရေ၊ မြေစိုထိုင်းမှုနှင့် မှိုတက်ခြင်းမှ ကာကွယ်ပါ။
- နွားစာအဖြစ်အသုံးပြုရာတွင် အာဟာရမျှတမှုနှင့် အစာအရည်အသွေးကိုဂရုပြုပါ။

ကောက်ရိုးကို တန်ဖိုးမြှင့်၊
နွားစာစရိတ်လျှော့၊
မွေးမြူရေးအကျိုးအမြတ်တိုးကြပါစို့။


သက်ဆိုင်ရာ စိုက်ပျိုးရေး၊ ကော်မှူလယ်ယာနှင့် မွေးမြူရေးဌာနများထံ ဆက်သွယ်၍ နည်းပညာနှင့် ကော်ဝန်ဆောင်မှုများကို ရယူနိုင်ပါသည်။

စပါးရိတ်သိမ်းပြီးနောက် ကောက်ရိုးကို စနစ်တကျ စုဆောင်းသိမ်းဆည်းပြီး နွားစာအဖြစ် အသုံးချကြပါစို့။

အယ်လ်နီညိုနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်













လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ်ကာလဝယ် ကျန်းမာရေးဆောင်ရွက်ပုံ

အပူဒဏ်အန္တရာယ်

- ရေဓာတ်ခန်းခြောက်ခြင်း၊
- အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)၊
- အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)၊
- အသက်အန္တရာယ်ဖြစ်ခြင်း။



ဆောင်ရွက်ရန် -

- ရေများများသောက်ပါ၊
- အရိပ်ရဏ္ဍအေးမြသောနေရာတွင်အနားယူပါ၊
- အပြင်သွားရလျှင် ထီး၊ ဦးထုပ်ဆောင်းပါ၊
- အရက်၊ ဘီယာ၊ ကော်ဖီနှင့် အချိုရည်လွန်ကဲစွာ သောက်သုံးခြင်းကို ရှောင်ကြဉ်ပါ။

ရေရှားပါးမှုနှင့် ရေကြီးရေလျှံမှုကြောင့် မသန့်ရှင်းသောရေနှင့်အစားအစာများမှ ကူးစက်ဖြစ်ပွားနိုင်သောရောဂါများ

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊
- ဝမ်းကိုက်ရောဂါ၊
- အစာအဆိပ်သင့်ခြင်း၊
- တိုက်ဖွိုက်ရောဂါ၊
- အသည်းရောင်အသားဝါရောဂါများ၊
- အရေပြား /မျက်စိ ရောဂါများ။



ဆောင်ရွက်ရန် -

- ဆူပွက်အောင်ကျိုချက်ထားသောရေ သို့မဟုတ် သန့်စင်ထားသောရေကိုသာ သောက်သုံးပါ၊
- ပူပူနွေးနွေးချက်ပြုတ်စားသောက်ပါ၊ ယင်နားစာများကို မစားပါနှင့်၊
- လက်ကို ဆပ်ပြာနှင့်ဒရေသုံးပြီး စနစ်တကျ မကြာခဏ ဆေးကြောပါ။

ခြင်ပေါက်ပွားမှုများပြားခြင်းကြောင့် ဖြစ်ပေါ်သောကူးစက်ရောဂါများ

- သွေးလွန်တုပ်ကွေးရောဂါ၊
- ငှက်ဖျားရောဂါနှင့်
- ခြင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများ။



ဆောင်ရွက်ရန် -

- ခြင်နှင့်ပိုးလောက်လမ်း ပေါက်ပွားနိုင်သောနေရာများကို ဖယ်ရှားပါ၊
- ရေသိုလှောင်သည့် ရေစည်၊ ရေအိုးများကို အဖုံးလုံအောင် ပိတ်ထားပါ၊
- ခြင်ကိုက်ခံရမှုမှ ကာကွယ်နိုင်ရန် ခြင်ထောင်သို့မဟုတ် ဆေးစိမ်ခြင်ထောင်ဖြင့်သာအိပ်စက်ပါ။

မူပြင်းခြောက်သွေ့မှုကြောင့် တောမီးလောင်ခြင်းနှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ

- ဇုန်မှန့်နှင့် မီးခိုးငွေ့များကြောင့်
- ပန်းနာရင်ကျပ်၊
- ဓာတ်မတည့်ခြင်းနှင့်
- အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်း။



ဆောင်ရွက်ရန် -

- ဇုန်မှန့်နှင့်မီးခိုးငွေ့များပြားမျိန်တွင်
  - နာခေါင်းစည်းတပ်ဆင်ပါ၊
  - အိမ်တွင်းလေထုသန့်ရှင်းအောင် ထိန်းသိမ်းပါ၊
- တောမီးအန္တရာယ်သတိပြုပါ။

ရိုးရှင်းပြီး ထိရောက်သည့် ကြိုတင်ကာကွယ်ရေး နည်းလမ်းများကိုလိုက်နာဆောင်ရွက်ပါက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးပြဿနာများဖြစ်ပွားနိုင်ခြေကို ထိရောက်စွာလျှော့ချနိုင်မည်ဖြစ်ပါသည်။



မန်ချက်စတာစီးတီးအသင်း နော်တင်ဟမ်ဖောရက်အသင်းကိုရှုံးနိမ့်ပြီး ပရီမီးယားလိဂ်ပြိုင်ပွဲ သုံးပွဲဆက်အရှုံးဖြစ်လာ

ရန်ကုန် နိုဝင်ဘာ ၈

ပရီမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀) အဖြစ် နော်တင်ဟမ်ဖောရက်အသင်းနှင့် မန်ချက်စတာစီးတီးအသင်းတို့ အင်္ဂလန်နိုင်ငံ နော်တင်ဟမ်မြို့ The City Ground ကွင်း၌ နိုဝင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားကြရာ နော်တင်ဟမ်ဖောရက်အသင်းက မန်ချက်စတာစီးတီးအသင်းကို အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲကစားချိန် ၆ မိနစ်နှင့် ၁၈ မိနစ်တို့တွင် နော်တင်ဟမ်ဖောရက်အသင်းအတွက်ကျေးဇူးရှင် ဒီလပ်တို့က ဦးဆောင်ဂိုးများသွင်းယူပေးခဲ့သောကြောင့် ပထမပိုင်းပွဲကစားချိန်တွင် နော်တင်ဟမ်ဖောရက်အသင်းက မန်ချက်စတာစီးတီးအသင်းကို နှစ်ဂိုးအသာဖြင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မန်ချက်စတာစီးတီးအသင်းတိုက်စစ်ပိုမိုမြှင့်ကစားခဲ့ပြီး ပွဲကစားချိန် ၅၂ မိနစ်တွင် ရာယန်ချာကီက မန်ချက်စတာစီးတီးအသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူပေးခဲ့သော်လည်း ပွဲကစားချိန် ၇၃ မိနစ်တွင် နော်တင်ဟမ်ဖောရက်အသင်းအတွက် ဒီလပ်ကပင် တတိယမြောက်ဂိုးထပ်မံသွင်းယူပေးခဲ့သည်။ ပွဲပြီးဆုံးခါနီးမိနစ်များတွင် မန်ချက်စတာစီးတီးအသင်း၏ဖိအားပေးတိုက်စစ်ဆင်မှုများကို နော်တင်ဟမ်ဖောရက်အသင်း နောက်တန်းခံစစ်နှင့် ဂိုးသမားလက်စွမ်းပြကာကွယ်မှုကြောင့် ပွဲပြီးဆုံးချိန်တွင် နော်တင်ဟမ်ဖောရက်အသင်းက မန်ချက်စတာစီးတီးအသင်းကို ၃ ဂိုး ၁ ဂိုး ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်ချက်စတာစီးတီးအသင်း၏ ယခုရှုံးပွဲသည် ပရီမီးယားလိဂ်ပြိုင်ပွဲတွင် နောက်ဆုံးသုံးပွဲဆက်ရှုံးနိမ့်ခြင်းဖြစ်ကြောင်း သိရသည်။ **ZMO**

ရီးယဲလ်မက်ဒရစ်အသင်း ဗလင်စီယာအသင်းကို ဂိုးပြတ်အနိုင်ရ



ရန်ကုန် နိုဝင်ဘာ ၈

စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်(၁၂) အဖြစ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဗလင်စီယာအသင်းတို့ စပိန်နိုင်ငံ ဗလင်စီယာမြို့ Estadio de Mestalla ကွင်း၌ နိုဝင်ဘာလ ၈ ရက် နံနက် ၂ နာရီ မိနစ် ၃၀ တွင် ယှဉ်ပြိုင်ကစားကြရာ ရီးယဲလ်မက်ဒရစ်အသင်းက ဗလင်စီယာအသင်းကိုအနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းသည် ဗလင်စီယာအသင်းကို ကစားကွက်အသာဖြင့် ကစားနိုင်ခဲ့ပြီး ပွဲကစားချိန် ၂၈ မိနစ်နှင့် ၃၆ မိနစ်တို့တွင် ဗယ်ဗာဒီနှင့် အာဒါဂူလာတို့က ရီးယဲလ်မက်ဒရစ်အသင်းအတွက် ဂိုးများသွင်းယူသောကြောင့် ပထမပိုင်းပြီးဆုံးချိန်တွင် ရီးယဲလ်မက်ဒရစ်အသင်းက ဗလင်စီယာအသင်းကို နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရီးယဲလ်မက်ဒရစ်အသင်းက ဗလင်စီယာအသင်းကို နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဆက်လက်၍ အမျိုးသမီး ပထမတန်းဘောလုံးပွဲစဉ်များ ကစားသမား ကိုင်လီယန်အမ်ဘာပေသည် ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ၌ ၁၃ ဂိုး သွင်းယူထားကြောင်း သိရသည်။

ဇင်မင်းဦး

MFF ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၈

အားကစားရေးရာဝန်ကြီးဌာနနှင့်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဖူဆယ်နှင့်သဲသောင်ပြင်ဘောလုံးကော်မတီမှ ကျင်းပသည့် MFF ယူ-၁၆ ဖူဆယ်လိဂ်ပွဲစဉ်(၁၈)ပြိုင်ပွဲကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်ိန်းကျွန်းမြို့နယ်ရှိ MFF Futsal Stadium ၌ ဆက်လက်ကျင်းပသည်။

ယင်းပြိုင်ပွဲ၏ နံနက် ၈ နာရီခွဲပွဲတွင်ယှဉ်ပြိုင်ကစားသည့် AVENGERS JUNIOR အသင်းနှင့် VICTORIA အသင်းတို့ပွဲတွင် VICTORIA အသင်းက ၁၁ ဂိုး ၄ ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီတွင် ယှဉ်ပြိုင်သည့် JULLNISS အသင်းနှင့် MAHAR BURMA အသင်းတို့ပွဲတွင် MAHAR BURMA အသင်းက ၇ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင်ယှဉ်ပြိုင်သည့် BUSHIDO အသင်းနှင့် UNITED CITY အသင်းတို့ပွဲတွင် UNITED CITY အသင်းက ၅ ဂိုး ၄ ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ထို့အတူ မွန်းလွဲ ၁ နာရီတွင် ယှဉ်ပြိုင်ကစားသည့် MER REIN အသင်းနှင့် SGF YOUTH အသင်းတို့ပွဲတွင် SGF YOUTH အသင်းက ၇ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင်ယှဉ်ပြိုင်သည့် PACIFIC SUN FAR အသင်းနှင့် SHWE PYI THAR UTD အသင်းတို့ပွဲတွင် PACIFIC SUN FAR အသင်းက ၅ ဂိုး ၄ ဂိုး



ဖြင့်လည်းကောင်း၊ ညနေ ၄ နာရီတွင်ယှဉ်ပြိုင်သည့် FFU MINMAHAW အသင်းနှင့် TKA STAR အသင်းတို့ပွဲတွင် FFU MINMAHAW အသင်းက ၄ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကြကြောင်း သိရသည်။

ဝန်းရံခ

➢ နောက်ဆုံးရနိုင်ငံတကာသတင်းမှ

နိုဝင်ဘာလ ၈ ရက်က ဖြစ်ပွားတဲ့ ဒီမတော်တဆမှုမှာ ရထားတွဲအချို့ လမ်းချော်သွားပြီး ခရီးသည်တွေ ထိခိုက်ဒဏ်ရာရခဲ့တာဖြစ်ပါတယ်။ အခင်းဖြစ်ပွားရာနေရာကို လူနာတင်ယာဉ် ၃၀ ကျော်နဲ့ ကယ်ဆယ်ရေးအဖွဲ့တွေ စေလွှတ်ပြီး ဒဏ်ရာရသူတွေကို အနီးအနားရှိဆေးရုံတွေဆီ ပို့ဆောင်ကုသပေးခဲ့ပါတယ်။

အီဂျစ်မီးရထားအာဏာပိုင်တွေက မတော်တဆမှုဖြစ်ပွားရတဲ့ အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေပြီး ရထားလမ်းနဲ့ အချက်ပြစနစ်တွေကိုလည်း စစ်ဆေးနေပါတယ်။

အီဂျစ်နိုင်ငံမှာ ရထားမတော်တဆမှုတွေဟာ ရထားလမ်းအခြေခံအဆောက်အအုံအိုမင်းဟောင်းနွမ်းမှု၊ ပြုပြင်ထိန်းသိမ်းရေးအားနည်းမှုနဲ့ အချက်ပြစနစ်ဆိုင်ရာ ပြဿနာတွေကြောင့် ယခင်ကလည်း မကြာခဏဖြစ်ပွားခဲ့ပါတယ်။ **Ref: RT**

▲ M League 2026 U–20 မှ

ISPE အသင်းနှင့် အဆင့်(၉)နေရာမှ သစ္စာအားမာန် အသင်းတို့ပွဲတွင် ပွဲကစားချိန် မိနစ် ၂၀ တွင် ကောင်းခန့်ကျော်က ဦးဆောင်ဂိုးနှင့် ပွဲကစားချိန် ၃၄ မိနစ်တွင်စစ်ငြိမ်းချမ်းဦးက ဒုတိယဂိုးများသွင်းယူနိုင်ခဲ့၍ ပထမပိုင်းအပြီးတွင် ISPE အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် ပွဲကို ဦးဆောင်ထားသည်။ ဒုတိယပိုင်းတွင် သစ္စာအားမာန်အသင်းချေပဂိုးရရှိရေး အကောင်းဆုံးကြိုးစားခဲ့သော်လည်း ISPE အသင်းက ပွဲကိုစိုးမိုးကစားခဲ့ပြီး ပွဲကစားချိန် ၆၄ မိနစ်တွင် စစ်ငြိမ်းချမ်းဦးက တတိယဂိုးများ ထပ်မံသွင်းယူနိုင်ခဲ့သည်။ လက်ကျန်ပွဲကစားချိန်များတွင် အပြန်အလှန်ယှဉ်ပြိုင်ကြသော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိ၍ ISPE အသင်းက ၃ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

YUSC ကွင်း၌ ယှဉ်ပြိုင်ကစားသည့်အဆင့်(၁၂)နေရာမှ စစ်ကိုင်းယူနိုက်တက်အသင်းနှင့် အဆင့်(၁)နေရာမှ ရန်ကုန်ယူနိုက်တက်အသင်းတို့ပွဲတွင် ပထမပိုင်းပွဲပြီး ခါနီးမှ ဇွဲနိုင်ဝင်းက ရန်ကုန်ယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုး သွင်းယူနိုင်ခဲ့၍ ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ပွဲကိုဦးဆောင်ထားသည်။ ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းအပေးအယူ အချိတ်အဆက် ပိုမိုတိကျလာပြီး ပြိုင်ဘက်ကိုဖိအားပေးကစားကာ ဇေထက်အောင်က ဒုတိယဂိုး၊ အောင်မျိုးမင်းက တတိယဂိုး၊ ခွန်ချိုထူးက စတုတ္ထဂိုးနှင့်ပဉ္စမဂိုးများထပ်မံသွင်းယူနိုင်ခဲ့၍ ပွဲအပြီးတွင် ၅ ဂိုး ဂိုးမရှိဖြင့် ရန်ကုန်ယူနိုက်တက်အသင်းက အနိုင်ရရှိသွားသည်။

အဆိုပါ ပွဲစဉ်(၂၃)တတိယနေ့ ပြိုင်ပွဲကို နိုဝင်ဘာလ ၉ ရက်တွင် သန်လျင်မြို့ သီဟဒီပကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်း၊ ဗဟန်းကွင်း၌ FALCON အသင်းနှင့် ချင်းလန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **ဝန်းရံခ**

MYAWADY IN ENGLISH DAILY EDITION

President U Min Aung Hlaing, wife Daw Kyu Kyu Hla visit Myanmar Traditional Market Fair, Myanmar Furniture Fair (2026)

NAY PYI TAW November 8

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by his wife Daw Kyu Kyu Hla, Union ministers and members, the Yangon Region Chief Minister, the Commander of Yangon Command and officials, visited the Myanmar Traditional Market Fair, being held at the Yangon Convention Centre (YCC) in Mayangon Township, Yangon Region, this morning. The fair is being organized with the aim of passing on Myanmar's traditional customs and cultural heritage to younger generations.



President U Min Aung Hlaing and wife Daw Kyu Kyu Hla present flower basket to ethnic cultural troupe.

The President, his wife and members of the delegation arrived at the venue, where they were welcomed by officials of the Myanmar Cultural Heritage Trust (MCHT), Union ministers and officials. The President, his wife and members of the delegation proceeded to the performance hall and enjoyed traditional dances performed by ethnic nationals from across the Union, musical dance performances, Myanmar traditional marionette performances and dances symbolizing national unity and solidarity. The performances highlighted the preservation and passing on of Myanmar's cultural heritage to future generations.

The President and his wife presented the flower basket to the traditional ethnic dance troupes which performed song and dance performances.

The President, his wife and party toured the exhibition booths at the fair, showing keen interest in the displays of Myanmar traditional foods, traditional clothing, regional products from various parts of the country and consumer goods. They also asked questions and held discussions with the respective booth representatives to gain further information about the exhibits.

The "Myanmar Traditional Market Fair" was organized under the auspices of the Myanmar Cultural Heritage Trust (MCHT) at the Yangon Convention Centre (YCC) in Mayangon Township, Yangon Region, from 5 to 8 November, with the aim of passing on traditional cultural heritage to younger generations. During the fair, a wide range of activities took place, including displays of Myanmar traditional foods and clothing, demonstrations of traditional Myanmar food preparation, panel discussions, performances of traditional Myanmar theatre and modern music, and a variety of ethnic traditional dances. A total of 155 exhibition booths were set up at the fair, featuring Myanmar traditional foods, traditional clothing, regional products from various parts of the country and consumer goods. The fair was bustling with members of the public visiting the exhibitions and purchasing the products on display.



President U Min Aung Hlaing views furniture products at Myanmar Furniture Fair (2026).



Ethnic cultural troupes present performances at entertainment hall of Yangon Convention Centre-YCC.

The President and party proceeded to Kanthaya Shopping Centre in Mingala Taungnyunt Township to visit the Myanmar Furniture Expo 2026, organized under the auspices of the Myanmar Wood-Based Furniture Entrepreneurs Association, where they were welcomed by the association's chairman and officials.

The President toured the exhibition, viewing the furniture displayed at each booth and asking questions and holding discussions with the officials concerned to gain further information about their presentations.

The Myanmar Furniture Fair (2026), organized under the auspices of the Myanmar Wood-Based Furniture Entrepreneurs Association, was held from 4 to date with the aims of preserving Myanmar's traditional furniture craftsmanship, continuously improving the quality of furniture products and expanding market opportunities. A total of 26 display booths from 10 companies, comprising nine domestic companies and one foreign company, were set up to exhibit and sold their products.

Myawady

Vice President Daw Nan Ni Ni Aye inspects Ethnic Cultural Centre, Kyauktan Industrial Zone in Mon State

NAY PYI TAW November 8

Vice President of the Republic of the Union of Myanmar Daw Nan Ni Ni Aye, accompanied by Union ministers, the Mon State Chief Minister, the Commander of the South-East Command, deputy minister, state ministers and departmental officials, visited and inspected the Ethnic Cultural Centre and Kyauktan Industrial Zone in Mon State this morning.



Vice President Daw Nan Ni Ni Aye observes products at Ko Hla Tun's chilli powder and assorted powder products factory in Kyauktan Industrial Zone.

First, the Vice President and her entourage arrived at the Ethnic Cultural Centre in Mawlamyine Township, where an official at the Ethnic Traditional Cultural Museum briefed them on the centre's background and objectives, construction work undertaken in different financial years, ongoing construction activities and plans for future development. The Vice President asked questions and discussed matters requiring clarification before coordinating with the responsible officials on necessary measures.

The Vice President and her entourage then toured the museum to observe the musical instruments, traditional costumes and household items of various ethnic groups on display. They also visited the traditional Mon, Kayin, Bamar and Pa-O houses and other notable sites within the centre's compound. The Vice President instructed officials to give priority to preserving the traditional cultural heritage of ethnic groups, enabling younger generations to learn about, appreciate and safeguard their cultural heritage, promoting the region's cultural heritage more prominently, systematically maintaining the traditional objects on display and keeping the premises clean, pleasant and attractive.

The centre was established with the aim of preserving the languages, literature, arts, culture, traditional customs, national identities and historical heritage of ethnic groups, while promoting unity, friendship, mutual respect and mutual assistance among them.

Next, the Vice President and her entourage visited Ko Hla Tun's chilli powder and assorted powder products factory in Kyauktan Industrial Zone. At the meeting hall, an official briefed them on the products manufactured, types and storage of raw materials, market distribution and sales, current production processes and future business plans. The Vice President coordinated with the responsible officials on necessary measures.

She then inspected the various stages of production inside the factory, including the storage of raw chillies, cleaning, drying, grinding, packaging and distribution. The Vice President instructed the factory to prioritize hygienic production practices to ensure consumer safety, manufacture and distribute products in accordance with prescribed standards, produce value-added food products and create more employment opportunities for local residents.

The Vice President subsequently visited the advanced crumb rubber factory operated by M Rubber Co Ltd, where a company official explained the processes of cleaning raw rubber, processing it with machinery, conducting quality inspections, and packaging and storing finished products. The Vice President asked questions and discussed matters requiring clarification.

At a meeting in the factory's conference hall, an official briefed the delegation on raw material supplies and storage, production capacity, the manufacturing process for MSR, workplace safety measures, product quality and market distribution and sales. The Vice President instructed the factory to comply with prescribed standards to ensure workers' safety during production and the systematic maintenance and use of machinery. She also stressed the need to properly dispose of wastewater and solid waste generated by the factory to prevent environmental pollution, take measures to protect the natural environment, manufacture value-added products using raw rubber as a base and develop business initiatives that would benefit local rubber growers and business operators. She also coordinated with the responsible officials on necessary measures.

Kyauktan Industrial Zone was established as an industrial area on 27 March 2016. Covering an area of 254.3 acres, it is home to a total of 25 private industrial enterprises of large, medium and small sizes.

Myawady

Plan underway to cultivate more than 8,000 acres of chickpea in Ayadaw Township this year

AYADAW November 8

Ayadaw Township Agriculture Department stated that local farmers will plant more than 8,000 acres of chickpea as cold season crops in Ayadaw Township this year.

During the 2026-2027 winter crop cultivation season, Ayadaw Township plans to cultivate 8,194 acres of chickpeas. Cultivation will be carried out from October to December this year.

"More than 8,000 acres of chickpeas are planned to be cultivated in Ayadaw Township during this year's winter crop cultivation season. We will make efforts to ensure that the planned acreage is fully cultivated. Chickpea cultivation has been increasing year by year. In cooperation with farmers, we will provide the good-quality and pure seeds, necessary agricultural inputs and post-harvest technologies required to improve the yield and quality of pulse crops," said U Kyaw Soe, Head of the Township Agriculture Department in Ayadaw Township.


It is reported that farmers select and cultivate Yezin-8 and Yezin-11 chickpea varieties that are suitable for the local conditions and produce good yields. The cost of cultivating one acre of chickpeas is more than Ks-300,000.


During this year's winter crop cultivation season, efforts are being made in cooperation with farmers to provide good-quality and pure seeds, necessary agricultural inputs and post-harvest technologies to improve the yield and quality of various pulse crops. In addition, awareness-raising and educational activities will be carried out by linking extension farmers with farmers to encourage the use of beneficial Trichoderma fungi in pulse cultivation.




Sagaing Region has the largest area under cultivation and production of various pulses in the country. In addition to being able to cultivate various pulse crops as major crops, farmers can also grow them as multiple or intercropped crops. Therefore, farmers in the region continue to cultivate pulses as income-generating crops. **SMK**


Ten illegal buildings used in online scam/gambling in Shwe Kokko (Part-II) dismantled as demolition of remaining ones underway





Ongoing systematic demolition of a 5-storey illegal building used in online scams and gambling in Shwe Kokko (Part-II).





Ongoing systematic demolition of a 5-storey illegal building used in online scams and gambling in Shwe Kokko (Part-II).

NAY PYI TAW November 8

As the Government of Myanmar has interdepartmental teams systematically and completely demolished buildings in Shwe Kokko, where most online scams and gambling were operated, so that they cannot be used again for such crimes, a total of 10 illegal building in Shwe Kokko (Part-II) have been knocked down until today.

Since a 6-storey illegal building being mechanically demolished in Shwe Kokko (Part-II) was dismantled up to 100 percent today, a total of 10 illegal buildings have been demolished. Furthermore, the mechanical demolition of a 5-storey building up to 45 percent today.

Altogether 63 buildings used in online scams and gambling and left to be demolished in Shwe Kokko (Part-II) were scheduled for mechanical demolition, detonation and dismantling manually floor by floor due to their proximity to residences based on their types and systematic demolition works continued. Demolition of 10 buildings including six for mechanical demolition and four for detonation have systematically completed and remaining 53 buildings will be systematically knocked down.

The government has continued to take measures to completely prevent online scams and gambling from taking root in Myanmar in coordination with domestic forces as well as neighbouring governments as a national responsibility.

100

More than 30,000 acres of pigeon pea grown in Budalin Township

BUDALIN November 8

Local farmers cultivated 30,612 acres of pigeon pea as monsoon crops in Budalin Township of Sagaing Region this monsoon, according to the Township Agriculture Department.

During the 2026-2027 monsoon crop cultivation season, 34,500 acres of pigeon pea have been targeted for cultivation in Budalin Township. Cultivation began in May this year, and 30,612 acres have been planted to date.

"During this year's monsoon crop cultivation season, 34,500 acres of pigeon pea were targeted for cultivation in Budalin Township, and 30,612 acres have already been planted. Efforts are being made to meet the targeted acreage. Assistance is also being provided to improve the yield of pigeon pea. Farmers grow pigeon pea both as a standalone crop and as an intercropped crop," said U Phyo Wai, Head of the Budalin Township Agriculture Department.

This year, the Budalin Township Agriculture Department has been conducting field awareness activities for pigeon pea farmers, providing guidance on selecting and cultivating quality and pure seeds, using proper cultivation methods, preventing pest infestations and increasing crop yields.

The Township Agriculture Department in Budalin Township is also disseminating technologies for the combined use of urea and borax to help pigeon pea farmers reduce the cost of purchasing foliar fertilizers. The use of urea and borax helps reduce cultivation costs, protect plants from pest infestations and promote healthy plant growth.

SMK

YeU Township to plant more than 3,000 acres of sunflower this year

YEU November 8

Local farmers decided to grow more than 3,000 acres of sunflower as cold season crops in YeU Township of Sagaing Region, according to the YeU District Agriculture Department.

During this winter crop cultivation season, YeU Township plans to cultivate 3,708 acres of sunflower. Cultivation will be carried out from October to December this year.

"More than 3,000 acres of sunflower are planned to be cultivated in YeU Township during this year's upcoming winter crop cultivation season. We will make efforts to ensure that the planned acreage is fully cultivated. In order to reduce reliance on imported palm oil, we will make efforts to expand the cultivation of sunflower as an oilseed crop. Sunflower produces more oil per acre than other oil crops such as groundnut and sesame," said Daw Aye Nyein Thant, Head of the Township Agriculture Department in YeU Township.

In YeU Township, the Township Agriculture Department will step up educational training programmes to promote the expansion of sunflower cultivation.

SK

Pyapon Township sends 46,000 viss of soft-shell crabs to Yangon

PYAPON November 8

Daw Thu Thu Win, the owner of seafood wholesale centre in Pyapon Township of Ayeyawady Region, said that local merchants from Pyapon Township sent 46,000 viss of soft-shell crabs to Yangon market.

Over 46,000 viss of soft-shell crabs were exported from Pyapon Township to the Yangon market.

"Demand for soft-shell crabs in the Yangon market has increased compared with before. We exported and sold as much as 46,000 viss of soft-shell crabs during the past month, which was higher than the previous month. As a larger volume has been supplied to the Yangon market, soft-shell crab prices are currently stable," said Daw Thu Thu Win.

Soft-shell crabs shipped from Pyapon Township are currently fetching Ks-25,500 to Ks-35,500 per viss. As the crabs are being traded and regularly shipped to the market, fishermen, small-scale traders, brokerage business owners, merchants and cargo truck operators are benefiting from the business.

SK

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

English Grammar in Use (Intermediate Level)

Unit 64

to … , for … and so that …

Exercise

64.2 **Complete these sentences using** to + **a suitable verb.**

1 The president has a team of bodyguards to protect him.
2 I don't have enough time..... all the things I have to do.
3 I came home by taxi. I didn't have the energy ..... .
4 Would you like something ..... ? Coffee? Tea?
5 Can you give me a bag ..... these things in?
6 There will be a meeting next week ..... the problem.
7 Do you need a visa ..... to the United States?
8 I saw Helen at the party, but I didn't have a chance ..... to her.
9 I need some new clothes. I don't have anything nice ..... .
10 They've passed their exams. They're going to have a party ..... .
11 I can't do all this work alone. I need somebody ..... me.
12 Why are you so scared? There's nothing ..... afraid of.

64.3 **Put in** to **or** for.

1 We stopped for petrol.
2 We'll need time ..... make a decision.
3 I went to the dentist ..... a check-up.
4 He's very old. He needs somebody ..... take care of him.
5 Can you lend me money ..... a taxi?
6 Do you wear glasses ..... reading?
7 I put on my glasses ..... read the letter.
8 I wish we had a garden ..... the children play in.

64.4 **Make one sentence from two, using** so that.

1 I hurried. I didn't want to be late.
I hurried so that I wouldn't be late.
2 I wore warm clothes. I didn't want to get cold.
I wore warm clothes .....
3 I gave Mark my phone number. I wanted him to be able to contact me.
I gave Mark my phone number .....
4 We spoke very quietly. We didn't want anybody else to hear us.
We spoke very quietly ..... nobody else .....
5 Please arrive early. We want to be able to start the meeting on time.
Please arrive early .....
6 We made a list of things to do. We didn't want to forget anything.
We made a list of things to do .....
7 I slowed down. I wanted the car behind me to be able to overtake.
I slowed down .....

Raymond Murphy

အမေရိကန်က အီရန်ရဲ့မြေပြင်ထောက်ပံ့ရေးလမ်းကြောင်းကို ပစ်မှတ်ထားမည်ဟုဆို



ဝါရှင်တန်၊ စစ်ရေး

အမေရိကန်အလယ်ပိုင်းဒေသ စစ်ဌာနချုပ်က အထူးတပ်ဖွဲ့အသစ်တစ်ခုကို ဖွဲ့စည်းလိုက်တယ်လို့ဆိုပါတယ်။ အဲဒီအထူးတပ်ဖွဲ့အနေနဲ့ အီရန်ရဲ့မြေပြင်ထောက်ပံ့ရေးလမ်းကြောင်းတွေကို ပစ်မှတ်ထားပြီး ဟန့်တားမှုတွေ လုပ်ဆောင်သွားမှာပါ။ အဲဒီအထူးတပ်ဖွဲ့ကိုတော့ သံမဏိတံခါးလို့အမည်ပေးထားပါတယ်။

လက်ရှိမှာ အမေရိကန်စစ်ဘက်က အီရန်ဆိပ်ကမ်းတွေကို ပိတ်ဆို့မှုတွေလုပ်ထားပါတယ်။ ဒီလိုမျိုး ပိတ်ဆို့မှုတွေ ပိုမိုခိုင်မာလာစေဖို့အတွက် သံမဏိတံခါးတပ်ဖွဲ့က မြေပြင်ပိတ်ဆို့ရေးတွေကိုပါလုပ်ဆောင်သွားမှာဖြစ်တယ်လို့ အမေရိကန်အလယ်ပိုင်းဒေသစစ်ဌာနချုပ်မှူး ရေတပ်ဗိုလ်ချုပ်ကြီးဘရတ် ကူးပါးကပြောပါတယ်။

သံမဏိတံခါးအမည်ရှိ အထူးတပ်ဖွဲ့ကို ဖလော်ရီဒါပြည်နယ်ရှိ တမ်ပါမြို့မှာ အခြေစိုက်သွားမှာဖြစ်ပြီး အရပ်ဘက်နဲ့စစ်ဘက်ဝန်ထမ်း အယောက် ၂၀ ခန့်နဲ့လည်ပတ်သွားမှာပါ။ သူတို့အနေနဲ့ အမေရိကန်ရဲ့ အခြားဌာနတွေနဲ့ ပေါင်းစပ်ပြီး လုပ်ငန်းဆောင်ရွက်သွားမှာဖြစ်တယ်လို့ အလယ်ပိုင်းဒေသစစ်ဌာနချုပ်ရဲ့ထုတ်ပြန်ချက်ထဲမှာဖော်ပြထားပါတယ်။

အဓိကအားဖြင့် အီရန်ရဲ့မြေပြင်ထောက်ပံ့ရေးလမ်းကြောင်းတွေမှာ အဆင့်မြင့်စစ်လက်နက်စနစ်တွေလှုပ်ရှားရွေ့ပြောင်းမှု၊ အရပ်ဘက်-စစ်ဘက်သုံးနည်းပညာများပြောင်းရွေ့မှု၊ ပိတ်ဆို့ခံထားရတဲ့ ကုန်ကြမ်းပစ္စည်းများဝင်ရောက်မှု၊ တရားမဝင်ငွေကြေးစီးဆင်းလည်ပတ်မှုတို့ကို စောင့်ကြည့်တားဖြစ်သွားမှာဖြစ်ပါတယ်။

အီရန်အစိုးရဘက်က လက်ရှိဖြစ်ပွားနေတဲ့ ပဋိပက္ခအဆုံးသတ်စေဖို့အတွက် အမေရိကန်ဘက်ကလိုက်လျောပေးရမယ့်အချက်တွေကို ထုတ်ပြန်ဖော်ပြပေးထားတာရှိပါတယ်။ အဲဒီထဲမှာ အီရန်အပေါ် ရေတပ်ပိတ်ဆို့မှုတွေဖယ်ရှားပေးဖို့ကလည်း တောင်းဆိုချက်တစ်ခုအနေနဲ့ပါဝင်ပါတယ်။ အမေရိကန်ကသာ အီရန်ရဲ့တောင်းဆိုချက်ကို လိုက်လျောမယ်ဆိုရင် အီရန်ဘက်ကလည်း ဟော်မုဇရေလက်ကြားကို ပြန်ဖွင့်ပေးသွားမယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ အီရန်အနေနဲ့ အမေရိကန်ရဲ့ပိတ်ဆို့မှုတွေကို အောင်မြင်စွာ ကျော်လွှားနိုင်နေတယ်လို့လည်း သတင်းဌာနတချို့ကဖော်ပြထားပါတယ်။ **Ref: RT**

မွေးကင်းစကလေးတွေမှာ ဗီတာမင် K ဆေးထိုးမှုငြင်းဆန်ခြင်းကြောင့် သေဆုံးမှုများလာ

နယူးယောက်၊ ကာကွယ်ဆေး

အမေရိကန်နိုင်ငံမှာ မွေးကင်းစကလေးတွေကို ပုံမှန်ထိုးပေးနေတဲ့ ဗီတာမင် K ထိုးဆေးကို မိဘတွေကထိုးနှံလိုခြင်းမရှိတော့တာကြောင့် အဲဒီကလေးတွေမှာ ပြင်းထန်သွေးယိုစိမ့်မှုနဲ့ သေဆုံးနိုင်ခြေပါမြင့်တက်လာနေကြောင်း သုတေသနအသစ်တစ်ခုကဖော်ပြပါတယ်။

အမေရိကန်ဆေးပညာအသင်းဂျာနယ် (JAMA) မှာ ထုတ်ဝေခဲ့တဲ့ သုတေသနအရ ဗီတာမင် K မထိုးတဲ့ မွေးကင်းစကလေးအချိုးဟာ ၂၀၁၇ ခုနှစ်မှာ ၃ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ပေမယ့် ၂၀၂၅ ခုနှစ်မှာ ၆ ဒသမ ၈ ရာခိုင်နှုန်းအထိ မြင့်တက်လာပါတယ်။ သုတေသီတွေဟာ အမေရိကန်ပြည်နယ် ၅၀ စလုံးမှ မွေးကင်းစကလေး ၅၂ သိန်းကို လေ့လာခဲ့တာဖြစ်ပါတယ်။

ဗီတာမင် K ဟာ သွေးအတွက်အရေးပါတဲ့ ဗီတာမင်တစ်မျိုးဖြစ်ပါတယ်။ မွေးကင်းစကလေးတွေမှာ ဒီဗီတာမင်ဓာတ်နည်းပါးတတ်တာကြောင့် ဗီတာမင် K မထိုးထားရင် ဦးနှောက်နဲ့ အစာခြေလမ်းကြောင်းအတွင်း သွေးယိုစိမ့်မှုတွေ ဖြစ်ပွားနိုင်ပါတယ်။

ဗီတာမင် K မထိုးထားတဲ့ ကလေး ၁၁၄ ဦးမှာ တစ်ဦးဟာ အသက်ခြောက်လမပြည့်မီ သွေးယိုစိမ့်မှုဖြစ်ပွားနိုင်ကြောင်း တွေ့ရှိရပါတယ်။ မွေးဖွားပြီး ဆေးရုံတက်ရောက်ကုသစဉ် သွေးယိုစိမ့်မှုနဲ့အတူ သေဆုံးနိုင်ခြေဟာလည်း ထိုးဆေးရရှိထားတဲ့ကလေးတွေထက် နှစ်ဆကျော်ပိုများနေပါတယ်။ အချို့မိဘတွေဟာ ဆေးထိုးခြင်းကြောင့် နာကျင်မှု၊ ဓာတ်မတည့်မှုနဲ့ ဘေးထွက်ဆိုးကျိုးတွေဖြစ်နိုင်တယ်ဆိုတဲ့ စိုးရိမ်မှုတွေကြောင့် ငြင်းပယ်နေကြတာပါ။ **Ref: ST**





ဒီပါဝလီအပြီး နယူးဒေလီမြို့၏ လေထုညစ်ညမ်းမှု အဆိုးဆုံးအဆင့်သို့ရောက်ရှိ

နယူးဒေလီ၊ ကျန်းမာရေး

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ ဒီပါဝလီပွဲတော်အပြီး လေထုညစ်ညမ်းမှုသိသိသာသာမြင့်တက်လာပါတယ်။ နိုဝင်ဘာလ ၈ ရက်နံနက်ပိုင်းမှာတော့ မြို့တစ်မြို့လုံးမီးခိုးမြူထူထပ်စွာဖုံးလွှမ်းကာလေထုညစ်ညမ်းမှုကအဆိုးဆုံးအဆင့်ရောက်လာပါတယ်။

အိန္ဒိယ လေထုညစ်ညမ်းမှုထိန်းချုပ်ရေးဘုတ်အဖွဲ့ရဲ့တိုင်းတာချက်အရ နယူးဒေလီမြို့ရဲ့လေထုအရည်အသွေးညွှန်းကိန်း (AQI) ဟာ ၄၈၃ အထိ ရောက်ရှိနေတာတွေ့ရပါတယ်၊ မြို့အနှံ့နေရာအများအပြားမှာလည်း AQI ၄၀၀ ကျော်အထိ မြင့်တက်တာကြောင့် ကျန်းမာရေးအန္တရာယ်ရှိအဆင့်ကို ရောက်ရှိနေတာပါ။

လေထုညစ်ညမ်းမှုထိန်းချုပ်ဖို့ တာဝန်ရှိသူတွေဟာ ပွဲတော်အပြီးမှာ မီးခိုးမြူတွေထူထပ်လာနိုင်ကြောင်း ကြိုတင်ခန့်မှန်းပြီး အရေးပေါ်အစီအမံ အဆင့် ၃ ကို အသက်သွင်းထားခဲ့တာပါ။ ဒါပေမဲ့ ဒီပါဝလီပွဲတော်မှာ မီးရှူးမီးပန်းတွေပစ်မှုတွေကြောင့် လေထုအခြေအနေ ပိုမိုဆိုးရွားလာခဲ့တာပါ။

လေထုညစ်ညမ်းမှု ဆိုးဝါးလာနေရတဲ့ အကြောင်းရင်းတွေထဲမှာ လေတိုက်နှုန်းနည်းပါးခြင်း၊ ဆောင်းရာသီအတွင်း စိုထိုင်းဆမြင့်တက်ခြင်းနဲ့ လယ်ယာများကိုမီးရှို့ခြင်းတို့ပါဝင်ပါတယ်။ အဲဒါတွေကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင်တဲ့ $PM_{2.5}$ နဲ့ PM_{10} အမှုန်အမွှားတွေ လေထုထဲမှာ ပိုမိုစုဝေးလာပါတယ်။ ဒဂ္ဂါအပြင်ယာဉ်အသွားအလာ၊ စက်မှုလုပ်ငန်းတွေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေကထွက်လာတဲ့ ဖုန်မှုန့်နဲ့ မီးခိုးငွေ့တွေကြောင့်လည်း နယူးဒေလီဟာ ကမ္ဘာ့လေထုညစ်ညမ်းမှုအဆိုးဆုံးမြို့တော်တွေထဲမှာ ဆက်လက်ပါဝင်နေတာဖြစ်ပါတယ်။ **Ref: Xinhua**

သက်ရောပါဝင်မှုမျှတဲ့ အချို့ရည်တွေကို အခွန်တိုးကောက်ဖို့ ပညာရှင်များတိုက်တွန်း

ပေကျင်း၊ ကျန်းမာရေး

တရုတ်နိုင်ငံမှာ အဝလွန်ရောဂါနဲ့ ဆီးချိုရောဂါဖြစ်ပွားမှုကိုလျှော့ချနိုင်ဖို့ သက်ရောပါဝင်မှုများတဲ့ အချို့ရည်တွေအပေါ် အခွန်ကောက်ခံဖို့ ပညာရှင်တွေကတိုက်တွန်းနေကြပါတယ်။ လက်ရှိပြုပြင်ပြောင်းလဲနေတဲ့ စားသုံးကုန်အခွန်စနစ်ထဲမှာ သက်ရောအခွန်ကိုထည့်သွင်းဖို့ အခွင့်အရေးကောင်းတစ်ခုဖြစ်လာနိုင်တယ်လို့လည်း ထောက်ပြကြပါတယ်။

တရုတ်နိုင်ငံဟာ လာမယ့် ၂၀၂၇ ခုနှစ်မတ်လမှာ အစားအသောက်နဲ့ အချို့ရည်ထုပ်ပိုးမှုတွေမှာ အာဟာရဆိုင်ရာအချက်အလက်တွေကို မဖြစ်မနေဖော်ပြပေးရမယ့် စည်းမျဉ်းအသစ်တစ်ခု စတင်ကျင့်သုံးဖို့ရှိပါတယ်။ အဲဒီစည်းမျဉ်းအရ သက်ရောနဲ့ ပြည့်ဝဆီပါဝင်မှုကိုလည်း ဖော်ပြရမှာဖြစ်ပါတယ်။

ပေကျင်းတက္ကသိုလ်မှပြည်သူ့ကျန်းမာရေးပညာရှင်ဖူဟုန်ချောင်ရဲ့ လေ့လာချက်အရ အချို့ရည်၊ ဆေးလိပ်နဲ့ အရက်တို့ရဲ့ ဈေးနှုန်းကို ၂၀ ရာခိုင်နှုန်းမြှင့်တင်နိုင်ရင် ၂၀၅၀ ပြည့်နှစ်အထိ တရုတ်နိုင်ငံမှာ လူ ၁၃၅ သန်းရဲ့ အသက်ကို ကယ်တင်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်။

အစိုးရအနေနဲ့ သက်ရောပါဝင်မှုများတဲ့ အချို့ရည်တွေကို အခွန်ကောက်ပြီး ဈေးနှုန်း ၂၀ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်းအထိမြှင့်တင်နိုင်ရင် တစ်နှစ်ကို ယွမ်ဘီလီယံ ၁၇၀ မှ ၂၃၆ ဘီလီယံအထိ အခွန်ဝင်ငွေရရှိနိုင်တယ်လို့လည်း ပညာရှင်တွေကတွက်ချက်ထားပါတယ်။ ဒါပေမဲ့ အခွန်ကောက်ခံရာမှာ အသင့်သောက်အချို့ရည်ကိုသာ ဦးတည်မယ်ဆိုရင် ဆိုင်တွေမှာဖျော်စပ်ရောင်းချတဲ့ အချို့ရည်တွေက အခွန်ရှောင်နိုင်တဲ့ နည်းလမ်းဖြစ်လာနိုင်တယ်လို့ပညာရှင်တွေက သတိပေးထားပါတယ်။ **Ref: SCMP**

အင်ဒိုနီးရှားမှာ တောမီးငြိမ်းသတ်ရေးရဟတ်ယာဉ်တစ်စင်း ပျက်ကျ၊ အမှုထမ်းများ ပျောက်ဆုံးနေ

ဂျကာတာ၊ မတော်တဆမှု

အင်ဒိုနီးရှားနိုင်ငံ အနောက်ကာလီမန်တန်ပြည်နယ်မှာ တောမီးငြိမ်းသတ်ရေးအတွက်အသုံးပြုနေတဲ့ ရဟတ်ယာဉ်တစ်စင်းပျက်ကျပြီးလိုက်ပါသွားတဲ့ လေယာဉ်အမှုထမ်းတွေ ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူတွေကပြောပါတယ်။

ရဟတ်ယာဉ်ဟာ နိုဝင်ဘာလ ၈ ရက်နံနက်ပိုင်းမှာ ရေသယ်ဆောင်ပြီး တောမီးလောင်ကျွမ်းရာနေရာတွေကို ရေပက်ဖျန်းငြိမ်းသတ်ဖို့ ပျံသန်းနေစဉ်ပျက်ကျခဲ့တာဖြစ်ပါတယ်။ ရဟတ်ယာဉ်ဟာ စတင်ထွက်ခွာပြီးမကြာခင်မှာပဲ ဆက်သွယ်မှုပြတ်သွားခဲ့တယ်လို့သိရပါတယ်။

ရဟတ်ယာဉ်ပေါ်မှာ လေယာဉ်မှူးအပါအဝင် အမှုထမ်းရှစ်ဦးလိုက်ပါသွားပါတယ်။ ပျက်ကျပြီးနောက် သူတို့ရဲ့အခြေအနေကို မသိရသေးပါဘူး။ ကယ်ဆယ်ရေးအဖွဲ့တွေဟာ ပျက်ကျမှုဖြစ်တဲ့နေရာတစ်ဝိုက်မှာ လေယာဉ်အမှုထမ်းတွေကိုရှာဖွေနေကြပြီး ဒေသခံတာဝန်ရှိသူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။

အင်ဒိုနီးရှားနိုင်ငံမှာ ခြောက်သွေ့ရာသီအတွင်း တောမီးလောင်ကျွမ်းမှုတွေမကြာခဏဖြစ်ပွားလေ့ရှိပြီး သစ်တောမြေနဲ့သစ်ဆွေးမြေဒေသတွေမှာ မီးလောင်မှုကိုထိန်းချုပ်ဖို့ ခက်ခဲလေ့ရှိပါတယ်။ ရဟတ်ယာဉ်ပျက်ကျတဲ့အကြောင်းရင်းကိုတော့လက်ရှိအချိန်အထိ အတည်မပြုနိုင်သေးပါဘူး။ **Ref: AGC**

လွတ်တော်ရွေးကောက်ပွဲရှုံးနိမ့်မှုနဲ့ ထရမ့်ရဲ့အီရန်စစ်ပွဲအလားအလာ

ထက်မြတ်

အကယ်၍ အီရန်ဘက်က နိုင်ငံရေးအရ အောင်ပွဲရသွားမယ်ဆိုရင် ရေနံတင်ပို့မှုဟာ ပိုမိုအန္တရာယ်များပြီး ကုန်ကျစရိတ်လည်း ပိုများလာနိုင်ပါတယ်။ ဒါ့အပြင် ဒေသတွင်း တင်းမာမှုတွေကိုလည်း ပိုမိုမြင့်တက်စေမှာပါ။ တစ်ချိန်တည်းမှာပဲ အီရန်အစိုးရဟာ မြေအောက်စက်ရုံတွေမှာသိုလှောင်ထားတဲ့ အစိတ် အပိုင်းတွေအသုံးပြုပြီး ပဲ့ထိန်းဒုံးကျည်တွေ ပြန်လည်ထုတ်လုပ်နေတယ်လို့ဆိုပါတယ်။ အရှေ့အလယ်ပိုင်းဒေသမှာရှိတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေကို ပစ်မှတ်ထားတိုက်ခိုက်နိုင်ဖို့ ကြိုးပမ်းမှုတွေလည်း ပိုမိုတိုးမြှင့်လာပါတယ်။

အီရန်ဟာ အမေရိကန်ထောက်လှမ်းရေးအဖွဲ့တွေ ခန့်မှန်းထားတဲ့အချိန်ထက် ပိုမိုမြန်ဆန်စွာစစ်ရေးစွမ်းရည်တွေ ပြန်လည်တည်ဆောက်နိုင်ခဲ့တယ်ဆိုတဲ့ အထောက်အထားတွေလည်း အတော်များများရှိနေပါတယ်။ အမေရိကန်နဲ့ အစ္စရေးထောက်လှမ်းရေးအဖွဲ့တွေရဲ့သုံးသပ်ချက်အရ အီရန်ဟာ ဒုံးကျည်ထုတ်လုပ်မှုကို ပြန်စတင်နေပြီး တစ်လကို ဒုံးကျည်အစင်း ၅၀ ကနေ ၂၀၀ ကျော်အထိ ထုတ်လုပ်နေတယ်လို့ ခန့်မှန်းထားပါတယ်။ အဲဒီအပြင် အီရန်ဟာ ရှူကလီးယားစက်ရုံတွေကိုလည်း ပိုမိုခိုင်ခံအောင်ပြုပြင်တည်ဆောက်နေပါတယ်။

အမေရိကန်တပ်မတော်ဟာ အခုအချိန်မှာတောင် အီရန်အပေါ် လူသိပ်မသိအောင် စစ်ရေးတိုက်ခိုက်မှုတွေ လုပ်ဆောင်နေပါတယ်။ နိုဝင်ဘာလ ၃ ရက်မှာတော့ ဟော်မုဇရေလက်ကြားအပေါ်ပျံသန်းနေတဲ့ အမေရိကန်လေယာဉ်တွေကို အီရန်ရဲ့ဒုံးကျည်ကာကွယ်ရေးစနစ်တွေက ပစ်ခတ်ခဲ့ပြီး အမေရိကန်ကလည်း အီရန်ရဲ့ဒုံးကျည်စခန်းတွေကို ပြန်လည်တိုက်ခိုက်ခဲ့ပါတယ်။

ထရမ့်ဟာ အီရန်မြို့တော်အနီး နာတန့် ရှူကလီးယားသန့်စင်စက်ရုံတောင်ဘက်မှာရှိတဲ့ အလွန်ခိုင်ခံစွာကာကွယ်ထားတဲ့ ပစ်ကက်တောင်စခန်းကို ဗုံးကြဲတိုက်ခိုက်မယ်လို့ အကြိမ်ကြိမ် ခြိမ်းခြောက်ထားပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ပုံမှန်အသုံးပြုနေကျ “လုပ်ချင်လည်းလုပ်မယ်၊ မလုပ်ချင်လည်း မလုပ်ဘူး” ဆိုတဲ့ နည်းဗျူဟာအတိုင်း အဲဒီတိုက်ခိုက်မှုကို လုပ်မယ့်အစီအစဉ်မဟုတ်ကြောင်းလည်း အခါအားလျော်စွာ ပြောဆိုခဲ့ပါတယ်။

ဒါပေမဲ့ ရှင်းရှင်းလင်းလင်းရှိတဲ့အချက်တစ်ခုကတော့ လာမယ့်ရှစ်ပတ်အတွင်း အမေရိကန်အနေနဲ့ အီရန်ကိုစစ်ရေးအရ တိုက်ခိုက်ဖို့ အကောင်းဆုံးအချိန်ဖြစ်နေတယ်ဆိုတဲ့အကြောင်းပြချက်ဟာ နှစ်နိုင်ငံကြားညှိနှိုင်းသဘောတူညီမှုရရှိဖို့ ပိုမိုခက်ခဲလာစေတဲ့ အကြောင်းပြချက်နဲ့အတူတူပဲ ဖြစ်နေပါတယ်။ အကြောင်းကတော့ အီရန်နဲ့ အမေရိကန်နှစ်နိုင်ငံစလုံးဟာ တစ်ဖက်နိုင်ငံရဲ့အင်အား ဘယ်လောက်လျော့ကျသွားပြီလဲဆိုတာကို စမ်းသပ်ကြည့်ဖို့ အကြောင်းပြချက်တွေ ရှိနေကြလို့ပဲဖြစ်ပါတယ်။

Ref: ST



အမေရိကန်နိုင်ငံသမ္မတ ဒေါ်နယ်ထရမ့်အနေနဲ့ အီရန်ကို ဗုံးကြဲတိုက်ခိုက်မှုတွေ ပြန်လုပ်မယ်ဆိုရင် လွတ်လပ်ခွင့်အရှိဆုံးသောအချိန်က အခုလက်ရှိအချိန်ပဲ ဖြစ်ပါတယ်။ မှန်ပါတယ်။ သူဟာ အမေရိကန်မဲဆန္ဒရှင်တွေရဲ့ ပြင်းပြင်းထန်ထန် ပယ်ချမှုကိုခံခဲ့ရပါတယ်။ ဒါ့အပြင် လွတ်တော်ရွေးကောက်ပွဲမှာ သူ့ပါတီရှုံးနိမ့်မှုအဓိကအကြောင်းရင်းတွေထဲမှာ အီရန်အပေါ် သူကိုယ်တိုင်စတင်ဆင်နွှဲခဲ့ပြီး လူကြုံကြိုက်နည်းတဲ့ စစ်ပွဲလည်း ပါဝင်နေတာ သေချာပါတယ်။

ဒီမိုကရက်တစ်ပါတီက ထိန်းချုပ်မယ့် လွတ်တော်အသစ်ကတော့ ဇန်နဝါရီလမှ စတင်တာဝန်ယူမှာပါ။ ထရမ့်ကလည်း နိုဝင်ဘာလ ၃ ရက် လွတ်တော်ရွေးကောက်ပွဲပြီးတာနဲ့ ပင်လယ်ကွေ့ဒေသမှာ တိုက်ခိုက်မှုတွေ ပြန်စနိုင်တယ်ဆိုတာကို အတော်လေး ပွင့်ပွင့်လင်းလင်း ပြောထားပါတယ်။ ဒါကြောင့် လာမယ့်ရက်အနည်းငယ်ဟာ အရေးကြီးတဲ့ကာလဖြစ်လာပါလိမ့်မယ်။ အခုအချိန်မှာ ထရမ့်ချမှတ်မယ့် ဆုံးဖြတ်ချက်တိုင်းဟာ ကြီးမားတဲ့အန္တရာယ်တွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။

ဥပဒေအရဆိုရင် ထရမ့်က ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်မှာ အီရန်အပေါ် စတင်တိုက်ခိုက်ခဲ့တဲ့ Operation Epic Fury စစ်ဆင်ရေးကိုအမိန့်ပေးခဲ့စဉ်က ရရှိထားတဲ့ စစ်သေနာပတိချုပ်အာဏာအားလုံးကို အခုအချိန်အထိ ဆက်လက်ပိုင်ဆိုင်ထားပါတယ်။ အဲဒီအာဏာတွေကိုလည်း သူ့ရဲ့ သမ္မတသက်တမ်းကုန်ဆုံးမယ့် ၂၀၂၉ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်အထိ ဆက်လက်အသုံးပြုနိုင်မှာပါ။

ထရမ့်အနေနဲ့ အီရန်ကို နောက်ထပ်တစ်ကြိမ် အဆုံးအဖြတ်ပေးနိုင်မယ်လို့ ယူဆတဲ့ တိုက်ခိုက်မှုတစ်ခုလုပ်ချင်တယ်ဆိုရင် အခုအချိန်ကနေ ၂၀၂၇ ခုနှစ် ဇန်နဝါရီလ ၃ ရက်အထိဟာ အကောင်းဆုံးအချိန်ဖြစ်နေပါတယ်။ အဲဒီနေ့ကျမှ ဒီမိုကရက်တစ်တွေရဲ့လွတ်တော်အသစ်က စတင်တာဝန်ယူမှာပါ။ တစ်ချိန်တည်းမှာပဲ သီအိုဒိုရုစဗဲလေယာဉ်တင်သင်္ဘောအုပ်စုဟာ တောင်တရုတ်ပင်လယ်အတွင်းရှိနေပြီး ပင်လယ်ကွေ့ဒေသဆီကို အလျင်အမြန်ဦးတည်ခုတ်မောင်းနေပါတယ်။

စစ်ပွဲပြန်စဖို့အတွက် ငွေကြေးကလည်း လတ်တလောမှာ အတားအဆီးမဖြစ်သေးပါဘူး။ လွတ်တော်ဟာ အခုလုပ်ဆောင်နေတဲ့စစ်ပွဲအတွက် သီးသန့်ဘတ်ဂျက်တစ်ရပ်ကို အခုအချိန်အထိ အတည်ပြုပေးထားခြင်းမရှိပါဘူး။ အိမ်ဖြူတော်ရဲ့ ထုတ်ပြန်ချက်အရဆိုရင်ငွေနှိုက်လမှာ အမေရိကန်ဒေါ်လာ ၈၇ ဒသမ ၆ ဘီလီယံထပ်မံတောင်းခံပေမယ့် အဲဒီတောင်းခံမှုကို လွတ်တော်မှာ ဆွေးနွေးခဲ့ခြင်းမရှိပါဘူး။

ဒါကြောင့် စစ်ပွဲအတွက် ကုန်ကျစရိတ်တွေကို ရှိပြီးသားစစ်ဆင်ရေးအသုံးစရိတ်တွေ၊ ၂၀၂၇ ခုနှစ်တတိယကျကထဲက မသုံးရသေးတဲ့ငွေကြေးတွေနဲ့ ပင်တဂွန်ရဲ့ကိုယ်ပိုင်ဆုံးဖြတ်ခွင့်တွေကိုအသုံးပြုပြီး ကျခံခဲ့တာဖြစ်ပါတယ်။ ဒီလိုမျိုးအခြေအနေတွေကြောင့် ထရမ့်ဟာ အနည်းဆုံးနောက်ထပ် နှစ်လလောက်အထိ ဒီစစ်ဆင်ရေးကို ဆက်လက်လုပ်ဆောင်နိုင်တဲ့ အခြေအနေရှိနေပါတယ်။

အမေရိကန်အစိုးရအတွက် အခက်အခဲကတော့ စစ်ပွဲထဲမှာမရှိမဖြစ်လိုအပ်နေတဲ့ ကြားဖြတ်ဒုံးကျည်များ၊ အဝေးမှပစ်ခတ်နိုင်တဲ့ လက်နက်များနဲ့ အသုံးပြုပြီးသွားတဲ့ ခဲယမ်းလက်နက်တွေကို ပြန်ဖြည့်တင်းဖို့ လိုအပ်တဲ့ စက်မှုအခြေခံအဆောက်အဦတွေကို လက်ရှိဘဏ္ဍာရေးအာဏာသက်တမ်းကုန်ဆုံးမယ့် ဒီဇင်ဘာလ ၁၁ ရက်နောက်ပိုင်းမှာ ဆက်လက်ထောက်ပံ့နိုင်ဖို့ မလွယ်ကူတော့တာပါပဲ။

လက်ရှိမှာ ရီပတ်ဘလစ်ကန်ပါတီက ထိန်းချုပ်ထားတဲ့လွတ်တော်ဟာ ခရစ္စမတ်မတိုင်ခင် ရန်ပုံငွေအသစ်တွေ ခွင့်ပြုပေးနိုင်သေးပေမယ့် အဲဒီလိုလုပ်ဖို့က လွယ်ကူမှာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ရီပတ်ဘလစ်ကန်ပါတီအတွင်းမှာပဲ ဒီစစ်ပွဲကိုဆက်လက်ဆင်နွှဲသင့်၊ မဆင်နွှဲသင့်ဆိုတဲ့ အပေါ် အမြင်ကွဲလွဲမှုတွေ အကြီးအကျယ်ဖြစ်နေကြလို့ပါ။

ရီပတ်ဘလစ်ကန်ပါတီဟာ အီရန်စစ်ပွဲကြောင့် လွတ်တော်ရွေးကောက်ပွဲမှာ ရှုံးနိမ့်ခဲ့တာဖြစ်တယ်လို့ ဒုတိယသမ္မတ ဂျေဒီဗန့်ကပွင့်ပွင့်လင်းလင်း ဝန်ခံခဲ့တာကလည်း ပါတီအတွင်း သဘောထားကွဲလွဲမှုတွေကို ပိုမိုပြင်းထန်စေခဲ့ပါတယ်။ မကြာခင်ကာလအတွင်း နိုင်ငံရေးလောကထဲ ပြန်လည်ဝင်ရောက်ဖို့ရည်မှန်းထားတဲ့ ဘယ်လိုရီပတ်ဘလစ်ကန်လွတ်တော်အမတ်ကမှ ဒီစစ်ပွဲနဲ့ ဆက်စပ်ပြီး အမည်ပျက်ခံချင်ကြမှာ မဟုတ်ပါဘူး။ ဒါကြောင့် အမေရိကန်လွတ်တော်ဟာ အမေရိကန်ရေတပ်ကို စစ်ဆင်ရေးရပ်ပြီးပြန်လာဖို့ တိုက်ရိုက်အမိန့်ပေးနိုင်မှာမဟုတ်ပေမယ့် စစ်ပွဲအတွက် လိုအပ်နေတဲ့ ဗုံးတွေဝယ်ယူဖို့ ငွေကြေးခွင့်ပြုချက်ကိုတော့ ငြင်းပယ်နိုင်ပါတယ်။

ထရမ့်အတွက် ပိုမိုကြီးမားတဲ့ကန့်သတ်ချက်ကတော့ နိုင်ငံရေးအခြေအနေပါပဲ။ ဂျေဒီဗန့်ဟာ စစ်ပွဲကိုကိုယ်တိုင်လည်း မနှစ်သက်ခဲ့ဘဲ အစိုးရအဖွဲ့အတွင်း စစ်ပွဲအပေါ် စိတ်အားထက်သန်မှုအနည်းဆုံးသူအဖြစ် ရှုစ်လကြာ ရပ်တည်ခဲ့ပါတယ်။ အခုအခါမှာတော့ သူ့သဘောထားကို လူသိရှင်ကြားထုတ် ဖော် ပြောလာပြီး ၂၀၂၈ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲကိုလည်း မျက်စိကျနေတဲ့ပုံစံ တွေ့ရပါတယ်။

ဒီအခြေအနေဟာ ဆုံးရှုံးစရာမရှိတော့တဲ့သမ္မတတစ်ဦးနဲ့ အနာဂတ်မှာ ရယူနိုင်စရာတွေ အများကြီးကျန်နေတဲ့ ဒုတိယသမ္မတတစ်ဦးတို့ကြားက အားပြိုင်မှုတစ်ခုဖြစ်လာပါတယ်။ အဲဒီအငြင်းပွားမှုဟာ လာမယ့်နှစ်နှစ်အတွင်း အမေရိကန်အုပ်ချုပ်ရေးအဖွဲ့အတွင်း ဆက်လက်ဖြစ်ပေါ်နေတော့မှာပါ။

ဒီမိုကရက်တစ်ပါတီ လွတ်တော်အမတ်တွေဟာ အီရန်စစ်ပွဲနဲ့ စစ်ဆင်ရေးကို ကိုင်တွယ်ခဲ့တဲ့ ကာကွယ်ရေးဝန်ကြီး ပီဟက်ဆက်ရဲ့ လုပ်ဆောင်ချက်တွေကို စစ်ဆေးကြားနာမှုတွေ ပြုလုပ်လာကြပါလိမ့်မယ်။ လွတ်တော်အသစ် မစတင်ခင်မှာတောင် ဟက်ဆက်ကို စွပ်စွဲအပြစ်တင်ရေး မဲခွဲဆုံးဖြတ်ဖို့ဆွေးနွေးမှုတွေ ရှိနေပါတယ်။

ရီပတ်ဘလစ်ကန်အောက်လွှတ်တော်အမတ် သောမတ်မက်စီကလည်း စက်တင်ဘာလ ၁၅ ရက်မှာ ဟက်ဆက်ကို စွပ်စွဲအပြစ်တင်ဖို့ အဆိုတင်သွင်းထားပါတယ်။ သူ့ရဲ့စွပ်စွဲချက်မှာ ဟက်ဆက်ဟာ လွတ်တော်ရဲ့ခွင့်ပြုချက်မရဘဲ အီရန်အပေါ် စစ်ဆင်ရေးလုပ်ဖို့အမိန့်ကိုအကောင်အထည်ဖော်ခဲ့တဲ့အတွက် ရာထူးအာဏာကို အလွဲသုံးစားပြုခဲ့တယ်လို့ ဖော်ပြထားပါတယ်။

ဒီဖြစ်ရပ်တွေကြောင့် စစ်ပွဲဟာချက်ချင်းအဆုံးသတ်သွားမှာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ထရမ့်အနေနဲ့ စစ်ပွဲကိုဆက်လက်ကိုင်တွယ်နိုင်ဖို့ ခက်ခဲလာစေမှာအမှန်ပါပဲ။ အကြောင်းရင်းကတော့ အမေရိကန်အရာရှိတိုင်းဟာ ဒီစစ်ရေးစွန့်စားမှုနဲ့ ကိုယ့့်ကိုယ်ကိုယ်ခွဲထုတ်ပြသဖို့ စိတ်အားထက်သန်အပေါ် နိုင်ငံရေးအရထိခိုက်နေရတာကို အကြောင်းပြုပြီး ချမှတ်ခဲ့တာဖြစ်ပါတယ်။

ပင်လယ်ကွေ့ဒေသမှာဖြစ်ပေါ်နေတဲ့ စစ်ရေးအခြေအနေကတော့ ပိုမိုလွယ်ကူလာဖို့မရှိပါဘူး။ အီရန်နိုင်ငံအတွင်း ဆုံးဖြတ်ချက်ချမှတ်နေသူတွေက လွတ်တော်ရွေးကောက်ပွဲမတိုင်ခင် ရန်ပုံငွေအသစ်တွေ ခွင့်ပြုပေးလိုက်ရပြီလို့ ယူဆနေကြပုံရပြီး သူတို့ရဲ့ရပ်တည်ချက်ကို ပိုမိုတင်းမာလာစေပါတယ်။

အဲဒါကြောင့်လည်း အမေရိကန်ရဲ့ရေတပ်ပိတ်ဆို့မှုကို ချက်ချင်းရုပ်သိမ်းပေးဖို့၊ စီးပွားရေးပိတ်ဆို့မှုတွေကို ဖယ်ရှားပေးဖို့၊ အီရန်ရဲ့ပိတ်ဆို့ခံထားရတဲ့ ငွေကြေးပိုင်ဆိုင်မှုအများစုကို ပြန်လည်ထုတ်ပေးဖို့နဲ့ လက်ဘန္ဓနိုင်ငံအခြေစိုက် အီရန်မဟာမိတ်အဖွဲ့ ဟစ်ဇဘိုလာတို့အထိ အကျုံးဝင်တဲ့ အပစ်အခတ်ရပ်စဲရေးတစ်ရပ်ကို ပြုလုပ်ပေးဖို့ အီရန်ဘက်က ရဲတင်းစွာတောင်းဆိုထားပါတယ်။ အဲဒီအချက်တွေကိုလက်ခံပေးမယ်ဆိုရင် ဟော်မုဇရေလက်ကြားကို ပြန်ဖွင့်လှစ်ပေးမယ်လို့ အီရန်က ပြောထားပါတယ်။

ထရမ့်အနေနဲ့ အီရန်အစိုးရရဲ့ အခုလိုမျိုးတောင်းဆိုချက်တွေကိုလက်ခံဖို့ဖြစ်နိုင်ခြေအလွန်နည်းပါတယ်။ အကြောင်းကတော့ အဲဒီလိုလက်ခံလိုက်တာဟာ အမေရိကန်အတွက် လူသိရှင်ကြားရှုံးနိမ့်မှုတစ်ခု ဖြစ်သွားနိုင်သလို အီရန်ရဲ့စစ်ရေးစိန်ခေါ်မှုနဲ့ ရေနံစျေးနှုန်းမြင့်တက်နေတဲ့ ပြဿနာတွေကိုလည်း ဖြေရှင်းပေးနိုင်မှာ မဟုတ်လို့ပါပဲ။

အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ပိတ်ပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ဘီးလင်း နိုဝင်ဘာ ၈

မွန်ပြည်နယ် ဘီးလင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဘိုးရာဇာရပ်ကွက်ရှိ မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဇောထိုက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ထွေး၊ မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးပိုင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးသိန်းထိုက်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်ဦးအောင်ချိဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးဝဿာနန်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးသိန်းသန်းစိုး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးတင်လင်းဦး၊ မြို့နယ်အားကစားမှူး ဒေါ်ခိုင်ခိုင်မိုး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ရပ်မိရပ်ဖများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဗိုလ်တေဇရပ်ကွက်အသင်း၊ ဒုတိယဆုရရှိသည့် နှင်းပုလဲကျေးရွာအသင်း၊ တတိယဆုရရှိသည့် ဘိုးရာဇာရပ်ကွက်အသင်းတို့အား တာဝန်ရှိသူတို့က ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ပေးအပ်ပြီး တစ်ဦးချင်း အကောင်းဆုံးဆုရရှိသည့် အားကစားသမားများနှင့် ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသော အားကစားဒိုင်အဖွဲ့တို့ကိုလည်း ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။



အဆိုပါ ဘောလုံးပြိုင်ပွဲကို အောက်တိုဘာလ ၁၅ ရက်မှ နိုဝင်ဘာလ ၆ ရက်အထိ ကျင်းပခဲ့ပြီး ဘီးလင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အမျိုးသားဘောလုံးအသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

(၄၀၆)

Myanmar Golf Club JGM Winter Cup 2026 ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၈

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် Junior Golf Myanmar (JGM)မှကြီးမှူးု၍ မြန်မာဂေါက်သီးရိုက်အသင်း(၉ မိုင်)မှ အဓိကပံ့ပိုးကူညီသည့် Myanmar Golf Club JGM Winter Cup 2026 မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာလ ၁၈ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ရှိ မြန်မာဂေါက်သီးရိုက်အသင်း (၉ မိုင်) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား ၁၂ နှစ်အောက်သက်တမ်း၊ ၁၄ နှစ်အောက်သက်တမ်း၊ ၁၈ နှစ်အောက်သက်တမ်း၊ အမျိုးသမီး ၁၈ နှစ်အောက်သက်တမ်းနှင့် ၁၄ နှစ်အောက်သက်တမ်းများ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး R & A နှင့် USGA တို့၏ Rules of Golf – 2023 ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံတစ်ဝန်းမှ Junior ဂေါက်သီးရိုက် အားကစားသမားများအနေဖြင့် နိုဝင်ဘာလ ၁၆ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ဦးထွန်းကျော် ဖုန်း-၀၉-၅၁၉ ၃၄၂၃ သို့ အမည်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် သိရှိလိုသည်များကို ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ဝန်းရံခ



ညောင်ရွှေမြို့နယ် ကျေးပေါခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

ညောင်ရွှေ နိုဝင်ဘာ ၈

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ကျေးပေါခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးပေါခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၇၆ ဒသမ ၂ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးသည်။

ယင်းနောက် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်းက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ခြင်းဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျေးပေါခုံကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၀ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်း ၁၄၂ ဦးအတွက် ငွေကျပ် ၇၆ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ဆင်ပေါင်ဝဲမြို့နယ်၌ VDP စီမံကိန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

ဆင်ပေါင်ဝဲ နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီးအောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပိတောက်ကန်ကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက် ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဒေါ်အိအိမွန်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာကော်မတီဝင်များနှင့်အတူ ပိတောက်ကန်ကျေးရွာ၌ အရှည် ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ ထူ ၆ လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ဆောင်ရွက်ပြီးစီးသည့် ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် ကျေးရွာလမ်း ကော်မတီဝင်များ ဖွဲ့စည်း၍ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေ ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် သိန်း ၉၀ စုစုပေါင်း ငွေကျပ် သိန်း ၂၄၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ပိတောက်ကန်ကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ချိုသန်းညွှန့်

အောင်လံမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေးသရုပ်ပြသခြင်းဆောင်ရွက်

အောင်လံ နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်အတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရန်နှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ အောင်လံမြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များသည် မြို့နယ်အတွင်းရှိ စက်သုံးဆီ အရောင်းဆိုင်များ၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေးသရုပ်ပြသခြင်းများကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အောင်လံမြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များသည် အောင်လံမြို့ USK စက်သုံးဆီအရောင်းဆိုင်သို့သွားရောက်၍ ဆိုင်အတွင်း လျှပ်စစ်ဝိုင်ယာကြိုးများ သွယ်တန်းထားရှိမှုအခြေအနေ၊ မီးသတ်ဆေးဘူးများ အချိန်မီအသုံးပြုနိုင်ရန် အသင့်ရှိ၊ မရှိနှင့် မီးသတ်ရေကန်/ရေသိုလှောင်မှု အခြေအနေများ စသည့် မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများ ဆောင်ရွက်သည်။



ယင်းနောက် ဆိုင်ဝန်ထမ်းများနှင့်တာဝန်ရှိသူများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောဆွေးနွေးပြီး မီးလောင်မှုအမျိုးအစားအလိုက် မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့ မီးငြိမ်းသတ်နည်းများကို မီးသတ်တပ်ဖွဲ့ဝင်များက စနစ်တကျ လက်တွေ့သရုပ်ပြသရာ ဆိုင်ဝန်ထမ်းများကလည်း လက်တွေ့ ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

လင်းခန့်

ဥရောပအဆင့်ပြိုင်ပွဲတွင် ပွဲဦးထွက်လေးပွဲဆက်အနိုင်ရရှိသည့် ဒုတိယမြောက်အင်္ဂလန်ကလပ်အသင်းအဖြစ် ဘုန်းမောက်အသင်းရပ်တည်

လန်ဒန် နိုဝင်ဘာ ၈

ဘုန်းမောက်အသင်းသည် ယူရိုပါလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၄)အဖြစ် ကစားသည့် စပါတာပရပ်အသင်းနှင့်ပွဲစဉ်တွင် ၃ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိပြီးနောက် ဥရောပအဆင့်ပြိုင်ပွဲတွင် ပွဲဦးထွက်လေးပွဲဆက်အနိုင်ရရှိသည့် ဒုတိယမြောက်အင်္ဂလန်ကလပ်အသင်းအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ဘုန်းမောက်အသင်းသည်စပါတာပရပ်အသင်းနှင့်ပွဲစဉ်တွင် ဦးဆောင်ဂိုးစတင်ခွင့်ပြုခဲ့ရသော်လည်း ပွဲချိန် ၅၇ မိနစ်တွင် အဒမ်၊ ပွဲချိန် ၈၁ မိနစ်တွင် အီဗန်နယ်ဆင်နှင့် ပွဲချိန် မိနစ် ၉၀ တွင် ရိုင်ယန်တို့က ဘုန်းမောက်အသင်းအတွက် ချေပဂိုးနှင့်အနိုင်ဂိုးများကို သွင်းယူနိုင်ပြီးနောက် အုပ်စုပွဲစဉ်လေးပွဲဆက် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းသည် ယခုဘောလုံးရာသီတွင် ပထမဆုံးအကြိမ်အဖြစ် ဥရောပအဆင့် ယူရိုပါလိဂ်ပြိုင်ပွဲ ဝင်ခွင့်ရရှိပြီးနောက် အုပ်စုလေးပွဲဆက် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။



ဘုန်းမောက်အသင်းသည် ယူရိုပါလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များတွင် ဆိုစီဒက်စ်အသင်းကို ၂ ဂိုး-၁ ဂိုး၊ စတန်းဂရက်အသင်းကို ၃ ဂိုး-ဂိုးမရှိ၊ အေစီမီလန်အသင်းကို ၃ ဂိုး-ဂိုးမရှိနှင့် စပါတာပရပ်အသင်းကို ၃ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဥရောပအဆင့် ပြိုင်ပွဲများတွင် ပွဲဦးထွက် အုပ်စုပွဲစဉ်လေးပွဲဆက် အနိုင်ရရှိသည့် ပထမဆုံးအင်္ဂလန်ကလပ်အသင်းအဖြစ် ၁၉၆၄ ခုနှစ်၌ လီဗာပူးအသင်းက ရပ်တည်နိုင်ခဲ့ပြီး ယခုအခါ ဘုန်းမောက်အသင်းက ဒုတိယမြောက်အသင်းအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ယူရိုပါလိဂ်ပြိုင်ပွဲ၌ ဘုန်းမောက်အသင်းသည် လေးပွဲကစားပြီးချိန်တွင် လေးပွဲနိုင် ရမှတ် ၁၂ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၂)နေရာ၌ ရပ်တည်နေပြီး ရှုံးထွက်အဆင့်သို့ တိုက်ရိုက်တက်ရောက်နိုင်ရန် အခြေအနေကောင်းမွန်နေခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းသည် ပရီမီးယားလိဂ်ပြိုင်ပွဲတွင်လည်း ကိုးပွဲကစားပြီးချိန်တွင် သုံးပွဲနိုင်၊ သုံးပွဲသရေနှင့် သုံးပွဲရှုံးရလဒ် ပိုင်ဆိုင်ထားကြောင်း သိရသည်။

Ref;Topskillsport UK

ယူ-၁၇ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် နိုင်ဂျီးရီးယားအသင်းက ဂျပန်အသင်းကို အနိုင်ရရှိပြီး ချန်ပီယံဆုဖလားဆွတ်ခူး

ကိတ်မ်တောင်း နိုဝင်ဘာ ၈

မော်ရိုကိုနိုင်ငံ၌ကျင်းပသည့် ယူ-၁၇ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် နိုင်ဂျီးရီးယားအသင်းနှင့် ဂျပန်အသင်းတို့ကစားရာ နိုင်ဂျီးရီးယားအသင်းက ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်၌ နိုင်ဂျီးရီးယားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၉ မိနစ်တွင် ဘာရီယူ၊ ပွဲချိန် ၄၇ မိနစ်တွင် အိုလူဘူဘီတို့က သွင်းယူနိုင်ခဲ့ပြီး ဂျပန်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် မိနစ် ၈၀ တွင် ဖူကီက သွင်းယူနိုင်ခဲ့သည်။

နိုင်ဂျီးရီးယား ယူ-၁၇ အမျိုးသမီးအသင်းသည် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည့်အတွက် အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အာဖရိကတိုက်တွင် ပထမဆုံးအကြိမ် ယူ-၁၇ အမျိုးသမီးကမ္ဘာ့ဖလားဆွတ်ခူးနိုင်ခဲ့သည့် အသင်းအဖြစ် ရပ်တည်နိုင်ပြီး ယူ-၁၇ အမျိုးသားအသင်းက ငါးကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့သည်။

ယူ-၁၇ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် နိုင်ဂျီးရီးယားအသင်းက ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည့်အပြင် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုကိုလည်း နိုင်ဂျီးရီးယားအသင်းမှ အိုလူဘူဘီကဆွတ်ခူးနိုင်ပြီး သွင်းဂိုးအများဆုံးကစားသမားဆုကို အမေရိကန်အသင်းမှ ဒီမာရီယာက ၁၂ ဂိုးဖြင့် ဆွတ်ခူးနိုင်ကာ ပြိုင်ပွဲ၏ အကောင်းဆုံးဂိုးသမားဆုကို မြောက်ကိုရီးယားအသင်းမှ ဂိုးသမား ကင်ဆွန်ယောင်းက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref;Fabrizio Romano



မက်ဂရီဂေါ်က UFC နှင့်စာချုပ်သက်တမ်းကုန်ဆုံးပါက BKFC ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပြောကြား

ဒဗ္ဗလင် နိုဝင်ဘာ ၈

UFC ထိပ်တန်း မြောက်အိုင်ယာလန်ဖိုက်တာ မက်ဂရီဂေါ်က UFC နှင့်စာချုပ်သက်တမ်းကုန်ဆုံးပါက BKFC ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

မက်ဂရီဂေါ်သည် UFC နှင့် ကာလရှည်စာချုပ်ချုပ်ဆိုကာ လက်တွဲပြီးနောက် လက်ရှိစာချုပ်သက်တမ်းအရ နောက်ထပ်တစ်ပွဲသာကစားရမည်ဖြစ်ပြီး စာချုပ်သက်တမ်းကုန်ဆုံးပါက လမ်းခွဲရန်ဆုံးဖြတ်ထားခြင်းဖြစ်သည်။

မက်ဂရီဂေါ်က “ကျွန်တော်နဲ့ UFC ကြားစာချုပ်က တစ်ပွဲပဲကျန်ပါတော့တယ်။ UFC မှာ တစ်ပွဲယှဉ်ပြိုင်ပြီးရင် ကျွန်တော် ကြိုးဝိုင်းထဲမှာ လက်အိတ်တွေကိုချခဲ့ပြီး အနားယူမှာပါ။ အနားယူတယ်ဆိုတာ UFC မှာ အနားယူတာပါ။ ကျွန်တော် BKFC ပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်မှာပါ”ဟု ပြောသည်။

Bare Knuckle Fighting Championship(BKFC) အဖွဲ့ချုပ်သည် MMA ပြိုင်ပွဲများကဲ့သို့ နပန်း၊ ခြေကန်ချက်၊ ချုပ်ကွက်များ၊ လက်အိတ်များမပါဝင်ဘဲ ခန္ဓာကိုယ်အပေါ်ပိုင်းတစ်ခုတည်းသာ ယှဉ်ပြိုင်ရမည့်လက်ဝှေ့ပြိုင်ပွဲဖြစ်သည်။

BKFC အဖွဲ့ချုပ်တွင် မက်ဂရီဂေါ်သည် ရင်းနှီးမြှုပ်နှံသူတစ်ဦးဖြစ်ပြီး UFC နှင့်စာချုပ်သက်တမ်းကုန်ဆုံးပြီးလျှင် BKFC ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန်စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref;MMA Tales

ATP Finals အမျိုးသားတင်းနစ်ပြိုင်ပွဲဝင်ခွင့်ရရှိသည့် ကစားသမားစာရင်းထုတ်ပြန်

ဝါရှင်တန် နိုဝင်ဘာ ၈

အီတလီနိုင်ငံ၌ ကျင်းပမည့် ATP Finals ဝင်ခွင့်ရရှိသည့် ပြိုင်ပွဲဝင်ကစားသမား ရှစ်ဦးစာရင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ATP Finals အမျိုးသားတင်းနစ်ပြိုင်ပွဲသည် အမျိုးသားတင်းနစ်လောကတွင် ထိပ်တန်းအဆင့်ရှိပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး တင်းနစ်ရာသီအကုန်တွင် ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့်(၁) မှ (၈) နေရာအထိ ကစားသမားများသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

သို့သော် လက်ရှိကမ္ဘာ့အဆင့်(၂) အီတလီတင်းနစ်ကစားသမား ဂျန်နစ်ဆင်နာအနေဖြင့် ဒဏ်ရာကြောင့် မပါဝင်နိုင်သည့်အတွက် ၎င်းအစား အဆင့်(၉) နေရာမှ ကစားသမားက ပါဝင်ကစားခွင့်ရရှိမည်ဖြစ်သည်။

အစောပိုင်းက ATP Finals အမျိုးသားတင်းနစ်ပြိုင်ပွဲ ဝင်ခွင့်ရကစားသမားများအဖြစ် ဂျာမနီကစားသမား ဇာဗီရက်၊ စပိန်ကစားသမား အယ်ကာရက်၊ အမေရိကန်ကစားသမား ဘင်ချဲလ်တန်၊ ရုရှားကစားသမားမက်ဗီဒက်၊ အီတလီကစားသမား ကိုဘိုလီ၊ ပြင်သစ်ကစားသမား အာသာဖက်၊ အမေရိကန်ကစားသမား တီယာဖိုးတို့က ဝင်ခွင့်ရရှိထားခြင်းဖြစ်သည်။

သို့သော် လက်ရှိပြင်သစ်နိုင်ငံ၌ ကျင်းပနေသည့် ပဲရစ်မာစတာအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်အရောက် အဆင့်သတ်မှတ်ချက် အပြောင်းအလဲဖြစ်ခဲ့ပြီး စပိန်တင်းနစ်ကစားသမား ရာဖေးဂျိုဒါက သြစတြေးလျှတင်းနစ်ကစားသမား အဲလက်ဒီမူနူအာကို ကျော်ဖြတ်ပြီး အဆင့် (၉)နေရာ၌ ရပ်တည်နိုင်ခဲ့သည့် အတွက် ရာဖေးဂျိုဒါက ဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ATP Finals အမျိုးသားတင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာလ ၁၅ ရက်မှ ၂၂ ရက်အထိ အီတလီနိုင်ငံ တူရင်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref;AGTP Tennis

အီဂျစ်အသင်းက အသင်းနည်းပြ ဟက်ဆန်နှင့် စာချုပ်ဖျက်သိမ်း

ကိုင်ရို နိုဝင်ဘာ ၈

အီဂျစ်အသင်းက အသင်းနည်းပြ ဟက်ဆန်နှင့်စာချုပ်ဖျက်သိမ်းကာ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုကြေညာသည်။

နည်းပြဟက်ဆန်သည် အီဂျစ်အသင်းကို ၂၀၂၄ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး အသင်းကိုကိုင်တွယ်ခဲ့သည့် သက်တမ်းတစ်လျှောက်၌ ၂၀၂၅ ခုနှစ် အာဖရိကဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်တက်ရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့်အပြင် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ၁၆ သင်းရှုံးထွက်အဆင့်ထိတက်ရောက်အောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်သည်။

သို့သော် နည်းပြဟက်ဆန်နှင့် အီဂျစ်ဘောလုံးအဖွဲ့ချုပ်ကြား ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် တင်းမာမှုများရှိနေသကဲ့သို့ အသင်းခေါင်းဆောင်ဆာလက်ချ်နှင့် နည်းပြဟက်ဆန်တို့ကြားတွင်လည်း ဆက်ဆံရေးတင်းမာမှုများရှိလာပြီးနောက် အီဂျစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်က နည်းပြဟက်ဆန်နှင့်စာချုပ်ဖျက်သိမ်းကာ လမ်းခွဲရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းတွင် အီဂျစ်အသင်းက နည်းပြဟက်ဆန်ကို လာမည့် ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့သော်လည်း အဖွဲ့ချုပ်နှင့်နည်းပြဟက်ဆန်တို့ကြား ဆက်ဆံရေးတင်းမာမှုများရှိလာခဲ့ပြီးနောက် နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

အီဂျစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်က နည်းပြဟက်ဆန်နှင့်လမ်းခွဲပြီးနောက် နည်းပြသစ်အဖြစ်အလီမာဟာကို ခန့်အပ်ရန် ဆွေးနွေးမှုများ လုပ်ဆောင်ပြီးနောက် ခန့်အပ်ရန်သဘောတူညီမှုရရှိခဲ့ပြီး လာမည့် ရက်ပိုင်းအတွင်း အပြီးသတ်စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်းသိရသည်။

Ref;Topskillsport UK

(၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀ မှ ၄၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယုံကြည်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရုပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယုံကြည်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၇၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၄၀၀,၀၀၀	ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

အင်အားအနည်းငယ်ရှိသော မြေငလျင်များလှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၈

ယနေ့မြန်မာစံတော်ချိန်နံနက် ၆ နာရီ ၃၉ မိနစ် ၅၉ စက္ကန့်အချိန်တွင် တမူး မြေငလျင်စခန်းမှ မြောက်-အရှေ့မြောက်ဘက် ၅၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ဟုမ္မလင်းမြို့၏တောင်-အရှေ့တောင်ဘက် ၄ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၄ ဒသမ ၈၂ ဒီဂရီ၊ အရှေ့လောင်ဂျိတွဒ် ၉၄ ဒသမ ၉၄ ဒီဂရီ၊ အနက် ၁၁၀ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၅ (M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

အလားတူ ယနေ့မြန်မာစံတော်ချိန်မွန်းလွဲ ၁ နာရီ ၂၄ မိနစ် ၄၇ စက္ကန့်အချိန်တွင် တောင်ပူမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၁၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(အုတ်တွင်းမြို့၏အနောက်-အနောက်တောင်ဘက် ၁၁ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၈ ဒသမ ၈၁ ဒီဂရီ၊ အရှေ့လောင်ဂျိတွဒ် ၉၆ ဒသမ ၂၄ ဒီဂရီ၊ အနက် ၁၁ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၈(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/၈လ)**

မိုးပိုလာနိုင်

နေပြည်တော် နိုဝင်ဘာ ၈

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **(မိုး/၈လ)**

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၃˚C	/	၃၃˚C
ရန်ကုန်	၂၃˚C	/	၃၄˚C
မန္တလေး	၂၄˚C	/	၃၅˚C

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

ဧ-၁၁-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၃၀	၄၆၈၅	၄၆၃၅	၄၅၄၅	၄၆၈၅	၄၇၀၀	၄၇၃၅	၄၆၁၅	၄၉၈၀	၅၀၁၀	၄၆၃၅	၄၇၉၀	၄၇၂၅	၄၆၈၅	၄၆၉၅	၄၉၂၅
95 Ron	၄၅၅၀	၄၇၀၅	၄၆၆၀	၄၅၆၅	၄၇၁၀	၄၇၂၅	၄၇၆၀	၄၆၃၅	၅၀၀၅	၅၀၃၅	၄၆၆၀	၄၈၀၅	၄၇၅၀	၄၇၀၅	၄၇၁၅	၄၉၄၅
HSD (500 ppm)	၄၅၅၅	၄၇၀၅	၄၆၅၅	၄၅၅၀	၄၇၁၀	၄၇၂၀	၄၇၅၅	၄၆၄၀	-	၅၀၂၀	၄၆၅၅	၅၂၅၀	၄၇၄၅	၄၇၀၅	၄၇၁၅	၄၉၄၅
HSD (50 ppm)	၅၁၂၀	၅၆၇၅	၅၆၂၅	၅၁၄၃	၅၆၈၀	၅၆၉၃	၅၇၂၅	၅၆၀၅	၅၉၇၅	၆၀၀၅	၅၆၂၅	၅၈၂၀	၅၇၃၅	၅၆၇၅	၅၆၈၅	၅၉၃၅
HSD (10 ppm)	၅၁၂၀	၅၆၇၅	၅၆၂၅	၅၁၄၃	၅၆၈၀	၅၆၉၃	၅၇၂၅	၅၆၀၅		၆၀၀၅	၅၆၂၅	၅၈၂၀	၅၇၃၅	၅၆၇၅	၅၆၈၅	၅၉၃၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၀၄	၄၄၂၄
95 Ron	၄၃၂၇	၄၄၄၈
HSD (500 ppm)	၄၃၄၆	၄၄၆၂
HSD (50 ppm)	၅၂၆၅	၅၄၀၀
HSD (10 ppm)	၅၂၆၅	၅၄၀၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းများကို နိုင်ငံခြားငွေ(Yuan)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
၁	12(T)35/MR(ML/ NPT) Yuan/26-27	Procurement for Remanufacturing of (6)Units of Battery Electric Locomotives from Original 1300HP YDM 4 Diesel Electric Locomotives

တင်ဒါပိတ်မည့်နေ့/အချိန် - (၂၆-၁၁-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (ဧ-၁၁-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-294352, 291994

အလိမ္မာစာမှာရှိ

ပျောက်ဆုံးကြောင်း

အာကာဦး(ဘ)ဦးမင်းသိန်း ၇/ဇကန(နိုင်)၀၈၃၁၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၂၇

ပျောက်ဆုံးကြောင်း

သိင်္ဂီထွေး(ဘ)ဦးကြည်ရိုန် ၁၄/ကခန(နိုင်) ၁၁၅၃၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၂၇

ပျောက်ဆုံးကြောင်း

နော်အယ်ကမ္ဘီးဖေါ(ဘ)ဦးစောလွှေနီ ၇/ညလပ(နိုင်)၁၈၄၄၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၂၇

ပျောက်ဆုံးကြောင်း

အာကာထူး(ဘ)ဦးမင်းသိန်း ၇/ဇကန(နိုင်) ၀၈၁၁၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၂၇

ပျောက်ဆုံးကြောင်း

မုဒုံမြို့နယ်၊ တွမ်ကမ္ဘီးကျေးရွာနေ ဒေါ်သန်းမြင့်(ဘ)ဦးဘိုးစိန် ၁၀/မဒန(နိုင်)၁၄၂၆၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 477268)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၄

ပျောက်ဆုံးကြောင်း

မြိတ်မြို့ ဇေယျာသိရိ(၁)ရပ်နေ မအေးသိန်း(ဘ)ဦးအောင်သွင် ၆/မမန(နိုင်)၂၃၁၉၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 882334)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၄

ပျောက်ဆုံးကြောင်း

ကော့ကရိတ်မြို့နယ်၊ နောင်တလားရွာနေ နန်းလွှေငင်မိုးအေး(ဘ)ဦးဘဦး ၃/ကကရ(နိုင်)၂၇၄၈၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၄

ပျောက်ဆုံးကြောင်း

သက်နောင်ဇော်(ဘ)ဦးစိုးမိုးကျော် ၁၂/ကတန(နိုင်)၁၃၉၈၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 575457)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၄

ပျောက်ဆုံးကြောင်း

နေခြည်ဦး(ဘ)ဦးစိုင်းကျော်သန်း ၁၃/ကမန(နိုင်)၁၄၂၇၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၄

ပျောက်ဆုံးကြောင်း

နန်းဟန်အေး(ဘ)အိုက်ရီ ၁၃/သနန(နိုင်) ၀၃၅၃၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၃၀၃၆၉၃၇

မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အ.ထ.က ဆေးရိုးခင်၊ Grade-11 မှ မအိသဇင်၏မိခင်အမည်မှန်မှာ ဒေါ်အေးအေးပြုံး ၇/ညလပ(နိုင်)၁၄၆၅၂၁ ဖြစ်ပါကြောင်း။ ဒေါ်အေးအေးပြုံး

ပျောက်ဆုံးကြောင်း

ဖာပွန်မြို့နယ်၊ ပုဇွန်မြောင်ရွာနေ နော်စေးဖောမူး(ဘ)ဦးမောင်ထွန်း ၃/ဖပန(နိုင်)၀၃၅၃၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 083259)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၄

ပျောက်ဆုံးကြောင်း

ဓိမ်လမ်၀ုန်(ဘ)ဦးဂင်ဒို ၅/ကလထ(နိုင်) ၂၀၃၃၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၂၇

ပျောက်ဆုံးကြောင်း

နန်းလှိုင်းခမ်း(ဘ)စိုင်းယီမွန် ၁၃/နခန(နိုင်) ၀၅၈၆၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၃၀၃၆၉၃၇

မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အ.လ.က(ခွဲ)ပိန်းဇလုပ်၊ Grade-4 မှ မောင်ဉာဏ်လင်းပြည့်၊ G-1 မှ မောင်ပြည့်ခုခန့်တို့၏မိခင်အမည်မှန်မှာ ဒေါ်ဌေးဌေးစန်း ၇/ညလပ(နိုင်)၂၀၆၉၃၃ ဖြစ်ပါကြောင်း။ ဒေါ်ဌေးဌေးစန်း

ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ သံလွင်ရွာ၊ လုပ်ဝိုင်အုပ်စုနေ ဖူကွမ်ယွင်း ၁၃/လရန(နိုင်) ၂၇၂၂၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 348973)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၄၃၆၈၁၆၈

ပျောက်ဆုံးကြောင်း

ခင်ဇူလိုင်(ဘ)ဦးရဲထွန်း ၁၂/လကန(နိုင်) ၂၁၅၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၂၇

ပျောက်ဆုံးကြောင်း

သနပ်ပင်မြို့၊ လယ်စုကျေးရွာနေ နွယ်နိုင်ဝင်း(ဘ)ဦးအောင်ရွှေ ၇/သနပ(နိုင်)၁၀၇၂၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 670646)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၃၆၃၉၁၈၉



ပင်ရင်းအရောင်း-ဗုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဗုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဗုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဗုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဗုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။



ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဗုန်း - ၀၉ ၄၄၉၂၅၂၂၃၃


အရောင်းကိုယ်စားလှယ်- ဗုန်း - ၀၉ ၇၇၇၀၀ ၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဗုန်း - ၀၉ ၇၇၇၀၀၄၇၄၀

အရောင်းကိုယ်စားလှယ်- ဗုန်း - ၀၉ ၇၇၇၀၀ ၂၆၀

SMART®
GENTLEMEN FASHION



Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin



FDA- စ၅/ ၂၁၃၄၉/ ထလ

canesugarokt7 @gmail.com





ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။



❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားယဉ်ကျေးမှုစင်တာနှင့် ကျောက်တန်းစက်မှုဇုန် ကြည့်ရှုစစ်ဆေး



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တိုင်းရင်းသားယဉ်ကျေးမှုစင်တာရှိ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားယဉ်ကျေးမှုစင်တာနှင့် ကျောက်တန်းစက်မှုဇုန်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့နယ်ရှိ တိုင်းရင်းသားယဉ်ကျေးမှုစင်တာသို့ စာမျက်နှာ ၁၅ ကော်လံ ၁ ❐

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၈

အားကစားရေးရာဝန်ကြီးဌာနကကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(B)၌ ဆက်လက်ကျင်းပသည်။

စာမျက်နှာ ၂၀ ကော်လံ ၃ ❐



M League 2026 U-20 လူငယ်လိဂ်ဘောလုံးပြိုင်ပွဲတွင် ISPE အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ပြိုင်ဘက်ကိုဂိုးပြတ်သွင်းအနိုင်ယူ



ရန်ကုန် နိုဝင်ဘာ ၈

M League 2026 U-20 လူငယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၂၃) ဒုတိယနေ့ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် သန်လျက်မြို့ သီဟဒီပကွင်းနှင့် လှိုင်မြို့နယ်ရှိ YUSC ကွင်းတို့၌ကျင်းပရာ ISPE အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့က ပြိုင်ဘက်အသင်းများကို ဂိုးပြတ်သွင်းအနိုင်ရရှိခဲ့ကြသည်။

သီဟဒီပကွင်း၌ ယှဉ်ပြိုင်ကစားသည့် အဆင့် (၃)နေရာမှ စာမျက်နှာ ၂၀ ကော်လံ ၅ ▲

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ရေတာရွာမြို့နယ်နှင့်ရေနီမြို့တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ



ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် နိုဝင်ဘာ ၈

ကျောင်းသားလူငယ်များအားမျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို စာတွေ့အပြင်လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှု စာမျက်နှာ ၁၅ ကော်လံ ၁ ■

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် နိုဝင်ဘာ ၈

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/၈၅)

နောက်ဆုံးရ နိုင်ငံတကာ သတင်း

အီဂျစ်မှာ ရထားနှစ်စင်းတိုက်မိ လေးဦးသေဆုံး၊ ၈၈ ဦး ဒဏ်ရာရ



ကိုင်ရို၊ မတော်တဆမှု

အီဂျစ်နိုင်ငံ ဂီဇာပြည်နယ်မှာ ခရီးသည်တင်ရထားနှစ်စင်းတိုက်မိမှုဖြစ်ပွားခဲ့တာကြောင့် အနည်းဆုံး လူလေးဦးသေဆုံးပြီး ၈၈ ဦး ဒဏ်ရာရရှိတယ်လို့ အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနက ပြောပါတယ်။

စာမျက်နှာ ၂၀ ကော်လံ ၁ ➢

ဒီပါဝလီအပြီး နယူးဒေလီမြို့၏ လေထုညစ်ညမ်းမှု အဆိုးဆုံးအဆင့်သို့ရောက်ရှိ
စာ - ၂၅ သို့

အင်ဒိုနီးရှားမှာ တောမီးငြိမ်းသတ်ရေးရဟတ်ယာဉ်တစ်စင်းပျက်ကျ၊ အမှုထမ်းများပျောက်ဆုံးနေ
စာ - ၂၅ သို့